www.burmeseclassic.com



www.burmeseclassic.com

ခွင့်ပြုချက်အမှတ် – ၅၀၁၄၀၀၀၉၀၉
နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၃၀၁၀၀၉
နှာဖုံးဒီဇိုင်း – THIRIMAY Press
ဝေသူ – ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
သူ – ဒေါ်နီနီနိုင် (၀၇၁၃၅)
တွင်းဖလင် – ဦးထွန်းဆိုင်
အုပ်ချုပ် – Thirimay Binding
ပျူတာစာစီ – (Asia Glory)
ခြင်း – ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
(ပထမအကြိမ်)
ရေ – ၅၀၀
ဖိုး – (၁၅၀) ကျပ်

၈၉၅.၈၃
မူပိုင်နှင့်ဆီ
ဇော်သုံးဇော်/မူပိုင်နှင့်ဆီ–ရန်ကုန်
သင်းစာပေ၊ ၂၀၀၉
၂၂–စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၈ စင်တီ
(၁) ဇော်သုံးဇော်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အခန်း (၁)

'ပျိုးခင်း. . နင့်စိတ်ကို တင်းထားစမ်း၊ ဟုတ်တယ်. . နွေပျိုးခင်းက နုးညံ့တယ်၊ ထက်မြက်တယ်၊ အမြဲတမ်း သွက်လက်နေတာ ခုလိုမျိုး ပျော့ညံ့နေရင် လောကကြီးကို ဘယ်လိုရင်ဆိုင်မလဲ'

နာမည်ကြီးအထူးကုဆေးခန်းကြီးတစ်ခုထဲတွင် 'ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးဦးခွန်ထိုက်' ထိုင်သော အခန်းရှေ့တွင် မာမီနှင့် အတူထိုင်နေရပေမယ့် ပျိုးခင်း၏စိတ်တွေ မှောင်မိုက်နေသည်။ ကျဉ်းကျပ်နေသည်။ လေအေးစက်ကြောင့် မဟုတ်ဘဲ စိုးရွံ့ထိတ်လန့်မှုကြောင့် လက်တွေက အေးစက် ထုံကျင်နေသည်။ ကိုယ့်ဟာကိုယ် ဘယ်လိုပဲ အားပေး နှစ်သိမ့်နေနေ အခန်းထဲ ဝင်ပြီး

www.burmeseclassic.com



ဆရာဝန်ကြီးနှင့်တွေ့ရမည့်အချိန်ကိုတော့ သေမင်းနှင့်တွေ့ရမည့်အလား ကြောက်လှပါသည်။

ဒီတစ်ကြိမ်နှင့်ပါဆို ဒီဆေးခန်းလာပြီး ဒေါက်တာခွန်ထိုက်နှင့်လာပြရတာ သုံးကြိမ်မြောက် ရှိပြီ။ ဘာရောဂါရှိလို့လဲဆိုရင် ပျိုးခင်းမှာ ဘာရောဂါမှမရှိတာ ဝေသချာသည်။ ဒါပေမယ့် ဒီဆရာဝန်ကြီးရှေ့ ရောက်တိုင်း မာမီက ပျိုးခင်းကို ရောဂါအမည်တစ်ခုခုတော့ တပ်ပေးမြဲပါ။

ဘယ်လိုအဓိပ္ပာယ်နှင့် မာမီ လုပ်ဆောင်နေသလဲ ဆိုတာ ပျိုးခင်းကိုယ်တိုင်က အသိချင်ဆုံးအရာတစ်ခု ဖြစ်နေသည်။ ရောဂါမရှိပါဘဲနှင့်လာလာပြနေရတာ ပျိုးခင်း လိပ်ပြာမလုံချင်တော့။ ဖြစ်နိုင်ရင် အဲဒီနေရာကနေ အဝေးဆုံးကို ထွက်ပြေးသွားချင်ပါသည်။ ခက်နေတာက မာမီ့ကို ပျိုးခင်း မလွန်ဆန်ရဲပါ။ မာမီဆိုတာက ပျိုးခင်း ငယ်ငယ်လေးကတည်းက တစ်ခွန်းဆို တစ်ခွန်း ပြားပြားဝပ်ကြောက်ခဲ့ရသူလေ. . . အဲဒီအကျင့်က အရိုးစွဲနေပြီမို့ ပြင်ဖို့ လွယ်ကူမည် မဟုတ်တော့ပါ။

သူနာပြုဆရာမလေးက ထပ်ထားသောစာအုပ်တွေကို ကိုင်ပြီး ထွက်လာသည်။

‘နွေပျိုးခင်း ရှိလား’

တွေ့လား၊ အဲဒီအသံကို ပျိုးခင်း သိပ်ကြောက်တာ။ ခဏ





နေရင် အခန်းထဲ ဝင်ရတော့မယ်။ နားလည်ရခက်တဲ့ မာမီ့အသံကို နားထောင်ရတော့မယ်။ သိမ်မွေ့နူးညံ့တဲ့ ဆရာဝန်ကြီးရဲ့မျက်နှာကို ပျိုးခင်း ရင်မဆိုင်ရဲပါ။

‘ရှိပါတယ် ဆရာမ’

မာမီရဲ့ အားတက်သရောဖြေသံအဆုံး

‘သွေးပေါင် ချိန်ပြီးပြီလား’

‘ဟုတ်ကဲ့ ပြီးပါပြီ’

‘ဒါဆို ဒီတစ်ယောက်ထွက်လာရင် ဝင်မယ်နော်’

မာမီ့ကို ကြောက်ပေမယ့် ပျိုးခင်းက စောဒကတက်ကြည့်ပါသည်။

‘မာမီ’

မာမီ့လက်ကို ဆွဲပြီး ခေါ်လိုက်တာနှင့် မာမီက ခေါင်းကို အသာယမ်းပြပါသည်။ ဒေါက်တာကြီးနှင့် မာမီက သူငယ်ချင်းတဲ့။ သူငယ်ချင်းဆို ပိုပြီး မညာသင့်ဘူး မဟုတ်လား၊ သစ္စာစောင့်သိရမှာ မဟုတ်လား၊ မာမီ ဘာတွေလျှောက်လုပ်နေတာလဲ။

‘ပျိုးခင်း လာ. . ဝင်မယ်’

မာမီ ဆွဲခေါ်လို့ အခန်းထဲကိုရောက်သွားပေမယ့် ပျိုးခင်းရဲ့ဒူးတွေက တဆတ်ဆတ်တုန်နေပါသည်။ ဒေါက်တာကြီးက ပျိုးခင်းကို ကြည့်ပြီး ကရုဏာသံစွက်သောလေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ဟော. . . သမီးလေးပါလား၊ ဘယ်လိုလဲ သမီး. . ခေါင်းတွေ ကိုက်သေးလား'

'သက်သာပါတယ် ဆရာ'

ဖြေသာ ဖြေရပေမယ့် လေသံက ဖျော့တော့နေမှာ သေချာပါသည်။ မာမီက ဝင်ပြီး

'သူ သက်သာပါတယ် ခွန်ထိုက်'

သက်သာမှာပေါ့ မာမီရယ်။ နဂိုကတည်းက ဘာမှမ မဖြစ်တာ။

'ဒါဖြင့် အခု ဘာဖြစ်လို့လဲ'

'ခွန်ထိုက်ကလဲလေ. . သွေးစစ်ထားတာ လာပြတာပေါ့ဟဲ့၊ ငါမှ မဖတ်တတ်တာ၊ ဘာလဲ. . မလာရတော့ဘူးလား၊ နှင်နဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူးလား'

အန်ကယ်ခွန်ထိုက်က ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ရယ်လိုက်မှ ပိုပြီး နုပျိုသွားကာ ပိုပြီး ခန့်ညားလာသည်ဟု ပျိုးခင်း ထင်သည်။

'ဟန်နီရယ်. . နှင်ကလေ ငါ့ကိုဆို ခုချိန်ထိ နိုင်ချင်တုန်းပဲ ကိုး. . ကဲ. . ကဲ. . သမီး. . result အန်ကယ့်ကို ပြပါဦး'

မာမီပေးထားသော စာရွက်လေးကို ပျိုးခင်းက မဝံ့မရဲဖြင့် ပေးရှာသည်။





'သွေးအမျိုးအစားက A ဆိုပါလား'

'တော်ပြီ ခွန်ထိုက်၊ ငါသိချင်တာ အဲဒါပဲ၊ ဒါဆို. . သမီးက နှင့်လိုပဲ A သွေးပေါ့နော်'

'ငါ A သွေးဆိုတာ နှင် မမေ့သေးဘူးပေါ့'

'ဒါပေါ့ဟယ်. . ငါ့သူငယ်ချင်းတွေကို ငါ ဘယ်တော့မှမမေ့ဘူး၊ နှင်ရယ် နောက်တစ်ယောက်ရယ်လေ၊ ငါပြောတာ နှင်သဘောပေါက်တယ် မဟုတ်လား'

ဒေါက်တာကြီးမျက်နှာတွင် စိတ်ရှုပ်ထွေးတဲ့ အရိပ်မာစ်ခု ဖြတ်သွားပါသည်။

မာမီက ခွန်ထိုက်ဆိုတဲ့ သူ့သူငယ်ချင်းကိုကြည့်ပြီး စိမ်ပြေနပြေ ရယ်နေတော့သည်။

'ဒါပဲ မဟုတ်လား ဟန်နီ၊ ငါ နောက်တစ်ယောက်ကြည့်ပေးရဦးမယ်'

အလိမ္မာနည်းနှင့် ပ,ထုတ်လိုက်တာပါပဲ။

'ငါ ပြန်မှာပါ ခွန်ထိုက်ရယ်၊ မပြန်ခင် နှင့်ကို မေးစရာလေး တစ်ခု ရှိသေးလို့'

မာမီက ပျိုးခင်းမျက်နှာကို ဆတ်ခနဲဆွဲမော့လိုက်ပြီး

'ဒီမှာကြည့်စမ်းပါဦး. . ခွန်ထိုက်ရဲ့၊ ပျိုးခင်းက ဘယ်သူနဲ့တူသလဲလို့ သေသေချာချာကြည့်နော်'



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်ထိုက်က ဒေါ်ဟန်နီပြောမှ ပျိုးခင်းမျက်နှာကိုသေချာစွာ စူးစိုက်ပြီး ကြည့်မိသည်။

ပထမဆုံးပေါ်လွင်လာတာက ဂယ်ပုံ နဖူးပြေပြေကလေး၊ ပြီးတော့ ထင်းနေတဲ့ မျက်ခုံးနက်နက်ကလေး၊ သွယ်ဟန်းနေတဲ့ နှာတံချွန်ချွန်ကလေး၊ တင်းတင်းစေ့ထားသော နှုတ်ခမ်း ပါးပါးကလေး၊ တစ်ခုချင်းစီဟာ တစ်ယောက်ယောက်နှင့်ဆင်နေပါသည်။ တော်ရုံတန်ရုံဆင်တာ မဟုတ်ပါ။ လုံးဝနီးပါး တူနေတာ. . . ထိုတစ်စုံတစ်ယောက်ဟာ သူ့ဘဝရဲ့အစိတ်အပိုင်းတစ်ခုလား. . .။

'ခွန်ထိုက်. . နင် တွေ့တယ်မဟုတ်လား. . ငါ့ကို သတ္တိရှိရှိ ပြောစမ်းပါဦးဟယ်. . သူ ဘယ်သူနဲ့တူသလဲဆိုတာ'

'လေ. . . ဘာ. . . တီ'

အိပ်မက်မက်နေသူတစ်ယောက်လို ကယောင်ကတမ်းထွက်လာတဲ့ စကားသံလည်း ကြားရော မာမီက

'ဟား. . ဟား. . နင် သိပ်တော်တာပဲ ခွန်ထိုက်ရယ်၊ နင့်ရဲ့ မှတ်ဉာဏ်တွေက ထက်နေတုန်းပဲနော်၊ မှန်တာပေ့ါ၊ သူလေးက ငါတို့ရဲ့ တစ်ချိန်က လေဘာတီနဲ့တစ်ထပ်တည်းတူနေတာ မထူးဆန်းဘူးလား၊ ကဲ. . ကဲ. . ဒေါက်တာကြီးမှာ အချိန်တွေက နည်းတယ် ဆိုတော့ ပြန်ဦးမှပါပဲ၊ ယောဒီမှာ. . ငါလိပ်စာကဒ်၊ နင် ငါ့ကို တွေ့ချင်လာတဲ့ တစ်နေ့ကျရင် အချိန်မရွေးလာခဲ့ပေါ့ဟယ်၊ ဒါ့နဲ့ ခုနက နင်





ပြောတာ ပျိုးခင်းက A သွေးနော်၊ အဲဒါလည်း မမေ့နဲ့ပေါ့ဟာ. . ဘိုင့်. . ငါသွားပြီ'

မာမီ့နောက်ကို အမီလိုက်ရင်း ပျိုးခင်းက ဒေါက်တာကြီးကို ခေါင်းကလေး ဆတ်ကာ နှုတ်ဆက်လိုက်ပါသည်။ ပျိုးခင်းတွေ့လိုက်တာကလေ ဝေခွဲမရဖြစ်နေတဲ့၊ စိတ်မသက်မသာဖြစ်နေတဲ့ ဒေါက်တာကြီးရဲ့မျက်နှာကိုပါ။ သနားစရာကောင်းလိုက်တာလေ. . . မာမီက ဘာတွေပြောပြီး စိတ်ရှုပ်အောင်လုပ်နေတာလဲ မသိဘူး။

ဆေးခန်းရှေ့မှာ ကားတားနေသော မာမီ့ကို ပျိုးခင်းက

'မာမီ. . လေဘာတီဆိုတာ ဘယ်သူလဲဟင်'

'ကိုယ်နဲ့မဆိုင်တာကို ဘာလို့သိချင်တာလဲ ပျိုးခင်း'

မာမီ့ငေါက်သံတစ်ချက်အောက်မှာ အသံ တိတ်သွားရတဲ့ နွေပျိုးခင်းပါ။ ထားရာနေ စေရာသွားဘဝမှာ နေသားကျနေတာ တစ်ဆယ့်ခြောက်နှစ်ရှိခဲ့ပါပြီ။

ဒယ်ဒီနဲ့မာမီ နှစ်ယောက်စလုံးကို ပျိုးခင်း ကြောက်ရတာပါ။ မောင်လေး စစ်ကြည်ကလည်း ပျိုးခင်းကိုဆို ဗိုလ်ကျပြီး အနိုင်သိပ်ကျင့်ချင်တာ။

ပျိုးခင်းတို့အိမ်မှာ ရှိတာက လူလေးယောက်တည်း။ ခက်တာက တစ်ခုခုကို မကျေမနပ်ဖြစ်တိုင်း၊ အဆင်မပြေတိုင်း အားလုံးရဲ့ပစ်မှတ်က ပျိုးခင်း ဖြစ်နေတာပဲ။

www.burmeseclassic.com



ကြာတော့ လူက သိမ်ငယ်စိတ်နှင့်အတူ အားငယ်စိတ်က ဝင်လာရော။

အဆင်မပြေမှုတွေနှင့် ပြည့်နှက်နေတဲ့ ဆူဆူပူပူအိမ်ကြီးထဲမှာ နေရတာ ပျိုးခင်း မပျော်တော့ဘူး။ အဲဒါတွေနှင့်တစ်ဆက်တည်းမှာတော့ နွေပျိုးခင်းဟာ သူများမိသားစုတွေကို မြင်ရင် အားကျစိတ်တွေနှင့် ငေး,ငေးပြီး ကြည့်တတ်လာပါသည်။

❖

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ခြည်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



## အခန်း (၂)

ပျိုးခင်းတို့နေတဲ့အိမ်က အိမ်ပိုင်မဟုတ်ဘဲ ငှားနေရတာဖြစ်သည်။ ဒယ်ဒီနှင့် မာမီက အရင်တုန်းက စားနိုင်သောက်နိုင် ရှိတာ ပျိုးခင်း မှတ်မိနေသည်။ ခုကျတော့ စီးပွားရေးဆိုလို့ မယ်မယ်ရရမရှိ။ ရလာသမျှဟာလည်း လောင်းကစားလုပ်လို့ ကုန်တာနှင့် လုံးလည်ချာလည်လိုက်နေသည်။ မြို့ထဲက တိုက်ခန်းကိုရောင်းပြီး ဈေးသက်သာတဲ့ မြို့သစ်မှာ လာငှားနေရတာသာ ကြည့်တော့။ ဒါတောင်မှ အိမ်လခ ကို မှန်မှန်မပေးနိုင်တာ သုံးလရှိနေပြီ။

မာမီတို့အခြေအနေက ပြောရမယ်ဆိုရင် အထည်ကြီးပျက်တွေပေါ့။ အရင်တုန်းက ဇေါ်ဟန်နီဆိုတာ ပွဲတိုင်းကျော်တဲ့ ခေတ်မီ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဗိုလ်ဆန်တယ်လို့ ပြောနေတဲ့သူတွေထက် မာမီက နှစ်ဆ ပိုထယ်ဆိုပဲ။ မာမီတို့ခေတ်ဘတွေကလည်း ခြံထဲမှာ ပါတီပွဲတွေ မကြာခဏ ကျင်းပပေးပြီး သားသမီးကို ခေတ်ဆန်ဆန်နေစေတာတဲ့. . ။ ဒါတင်မကသေးဘူး၊ သူများပါတီပွဲဆိုလည်း သူ ထိပ်ဆုံးက ပါတာပဲ။ ဒယ်ဒီနဲ့ဆုံခဲ့တာလည်း အဲဒီပါတီပွဲတွေမှာပဲတဲ့။

မာမီ ခေတ်ဆန်ဆန်နေတတ်တာကို ပျိုးခင်းမှာ ဝေဖန်ခွင့်၊ တားမြစ်ခွင့်တွေ မရှိပေမယ့် အဲဒီစရိုက်တွေကို ပျိုးခင်း မကြိုက်ဘူး။ မာမီနဲ့ပျိုးခင်းဟာ သားအမိတွေဆိုပေမယ့် အပြောအဆို၊ အနေအထိုင်၊ အလေ့အကျင့်၊ ဘာဆိုဘာမှ မတူပါဘူး။ မာမီကလည်း ပျိုးခင်းကို အားမရဘူးတဲ့. . အေးတိအေးစက် ပြန်မပြော နားမထောင်တဲ့။ မာမီက ပျိုးခင်းကို သူ့လိုမျိုး နေစေချင်တယ်။ သူဝတ်စေချင်သလို ဟော့ရှော့တွေ ဝတ်စေချင်တယ်။ ခက်တာက ပျိုးခင်းဟာ ငယ်ငယ်လေးကတည်းက အေးအေးကလေး နေတတ်တာ။ အဝတ်အစားဆိုလည်း ရိုးရိုးယဉ်ယဉ်ကလေးတွေပဲ ဝတ်တတ်တာ။ အရွယ်ရောက်ကတည်းက ထဘီကိုပဲ မချွတ်တမ်းဝတ်တာ။ မာမီက ပြောမရလို့ဆိုပြီး ပျိုးခင်းထဘီတွေ အကုန်သိမ်းကြုံးပြီး ဝှက်ထားဖူးတယ်။ ပျိုးခင်းကလေ ရှိတဲ့ ထဘီကိုပဲ ပြန်လျှော်၊ ပြန်ဝတ်လုပ်နေလို့ မာမီအလျှော့ပေးထားတာ။

နောက်တစ်ခုက ပျိုးခင်း မာမီ့လို မဖြစ်ချင်ဘူး။ မာမီက





ခေတ်ဆန်တော့ ဆယ့်တန်းနှစ်မှာပဲ စာမေးပွဲမဖြေဖြစ်ဘဲ ယောကျ်ားရသွားတာ. . ပျိုးခင်းက ဆရာဝန်မကြီးဖြစ်ချင်တာ။ ဒါကြောင့် ငယ်ငယ်လေးကတည်းက စာကိုပဲ အပတ်တကုပ် ဖတ်ပါသည်။ အပျော်အပါးနှင့် ပွဲလမ်းသဘင်ကို ဝါသနာမပါလှပါ။ အပေါင်းအသင်းသူငယ်ချင်းကလည်း နည်းသေးသည်။ ရှိစုမဲ့စု သူငယ်ချင်းကလေး နှစ်ယောက် ရှိပါသည်။ စုံတောမြိုင်လို့ ခေါ်တဲ့ တောမြိုင်ရယ်၊ သက်စုရယ် ဒါပဲရှိတာ။ ဒါပေမယ့် ပျိုးခင်းက သူတို့နှစ်ယောက်ကို သိပ်ပြီးခင်တွယ်ရှာတာ။ အဲ့ကိုး အကြိုးတိုင်ပင်စရာဆိုလို့လည်း သူတို့နှစ်ယောက်ပဲ၊ တိုးတိုးတိတ်ကျိတ် ရင်ဖွင့်ရမယ့်သူဆိုရင်လည်း သူတို့နှစ်ယောက်ပဲ။

မောင်လေး စစ်ကြည်နှင့် ပျိုးခင်းဟာ မောင်နှမသားတော်တာ၊ ဘယ်တော့မှ ရန်းရန်းထွေးထွေးမရှိခဲ့ဘူး။ သူကလည်း ပျိုးခင်းကို အစ်မတစ်ယောက်ဆိုတာထက် အိမ်မှာ အဖော်ခေါ်ထားတဲ့ အိမ်ဖော်သာသာလောက်သာ သဘောထားတာပါ။ အစားအသောက်ဆိုလည်း သူ အရင်စားရမှ . အဝတ်အစားဆိုလည်း မာမီက သူ့ကိုပဲ ဆင်ပေးတာ။ ပျိုးခင်းအတွက်. . ဆိုပြီး သူ့အမျိုးတွေဆီကနေ သွားသွားတောင်းလာတာ ပျိုးခင်း သိတာပေါ့။ ခုဆို ပျိုးခင်းက ကလေးမှမဟုတ်တော့တာ။ သူများအကျတွေဝတ်ရတာ ရှက်တတ်လာပြီ။ ဆိပ်ငယ်တတ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးခင်းမို့လို့ အများတစ်ခု မလုပ်မိနှင့်.. ဒယ်ဒီနှင့် မာမီက အပြစ်ပေးလို့ကို မဆုံးတော့။ မောင်လေးကျတော့ ဖူးဖူးမှုတ် အလိုလိုက်သည်။ စစ်ကြည်က ပျိုးခင်းထက် သုံးနှစ် ငယ်သည်။ အိမ်မှာတော့ သူက ဘုရင်ပါပဲ။

မနက်ဖြန် ပျိုးခင်းတို့ အောင်စာရင်းတွေ ထွက်မှာတဲ့။ ရင်တွေ တုန်လိုက်တာ။ တောမြိုင်က ယောကျ်ားလေးဆိုတော့ သိပ်ပြီး တုန်လှုပ်ပုံ မပြပါဘူး။ ပြီးတော့ သူက နဂိုကတည်းက သတ္တိကောင်းပြီးသား။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုတဲ့ လူစားမျိုး။ ပျိုးခင်း အတွက်ဆိုရင် အမြဲ ရှေ့ကရပ်ပေးခဲ့တာ၊ သူ့ကိုကြောက်လို့ ပျိုးခင်း အနား ခတော်ရုံယောကျ်ားလေးတွေ မကပ်ရဲကြဘူးလေ။ ဒါကြောင့် သက်စုက ရယ်စရာပြောတာ၊ တောမြိုင် ရှိနေရင် နင် ဒီတစ်သက် လင်ရမှာ မဟုတ်ဘူးတဲ့။

သက်စုပြောတဲ့စကားသံကို နားထဲမှာကြားလာရင် သိပ်ပြီး ရယ်ချင်တာပဲ။ အိမ်ရှေ့က ရေအိုးစင်လေးမှာ အဝတ်တွေထိုင်လျှော် ရင်း အတွေးတွေ ခရီးလွန်နေတဲ့ ပျိုးခင်းဟာ မာမီ ဈေးက ပြန်လာတာမြင်တော့မှပဲ ဈေးခြင်းကို လက်ပြောင်းယူလိုက်သည်။ မာမီက တော့ ထုံးစံအတိုင်း ဈေးက ပြန်လာရင် အမောဆို့သတဲ့။ ကုန်ဈေး နှုန်းတွေအကြောင်းပြောမယ်၊ ခွျတာဖို့ သူပြောမယ်၊ ဟင်းချိုများ တဲ့ စစ်ကြည်အတွက်တော့ ဟင်းကောင်းလေးတစ်မျိုးတော့ ပါမြဲ။





'ငါတော့ ကြာရင် သေတော့မှာပဲ ပျိုးခင်းရယ် ပိုက်ဆံလေး နှစ်ထောင်နဲ့ လောက်ငအောင် ဘယ်လိုလုပ် ဝယ်မလဲဟယ်၊ ဒီနေ့ တော့ နင့်မောင်လေးအတွက် ကြက်အူတွေ ငါးရာဖိုး ဝယ်ခဲ့တယ်၊ မဆလာလေးနဲ့ချက်ပြီး ရေခဲသီးစိမ်းလေး အုပ်ပေးလိုက်ကြားလား၊ ဆန်နဲ့ဆီက ငါးရာဖိုးစီ ဝယ်လာတာ သုံးရက်လောက်တော့ လောက် အောင်သုံးပေါ့၊ နင့်ဒယ်ဒီအတွက် ကော်ဖီမစ် ကုန်နေလို့ ဝယ်လာ သေးတယ်'

ပျိုးခင်းက ဈေးခြင်းထဲကို မျက်လုံးလေး ဝေ့ပြီး ကြည့်မိပါ သည်။ နေ့တိုင်းပါလာတတ်တဲ့ ကျေးဇူးရှင်ကန်စွန်းရွက်လေးက ပြုံးမြဲနှုတ်ဆက်နေလေရဲ့။

'ပျိုးခင်းက ကန်စွန်းရွက်ကြော်နဲ့ စားမှာပေါ့ မာမီရဲ့'

'အမယ်လေး အဲဒီကန်စွန်းရွက် နှစ်စည်းကို ငါးဆယ်ပေးခဲ့ ရတာ၊ ဆီလျှော့ပြီးကြော်နော် ပျိုးခင်း.. ဆီက ကျန်းမာရေးနဲ့ မညီ ညွတ်ဘူးဆိုပဲ'

ပျိုးခင်းဝမ်းနည်းတာ ဒါတွေကြောင့်ပဲ။ မောင်လေးအတွက် ငါးရာဖိုး ဝယ်လာရင် ပျိုးခင်းက သူ့ရဲ့ ဆယ်ပုံတစ်ပုံပဲ စားရတာပါ။ ဘဝပေးကုသိုလ်ကြောင့်လို့ ဖြေပေးမယ့် စိတ်မကောင်းဖြစ်မိတာက နေ့စဉ်ပဲပေါ့။

'မာ့မှီ မနက်ဖြန်ကျရင် အောင်စာရင်းတွေ ထွက်တော့မှာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အစောကြီးသွားကြည့်မလို့ သတ်စုတို့ လာခေါ်ရင် လိုက်သွားမယ်နော်'

တောမြိုင်၏ နာမည်ကို မာမီ့ရှေ့မှာ မှားယွင်းပြီး မပြောရဲပါ။ 'အုတ်ကြားမြက်ပေါက်၊ ကာလေကဝ၊ အခြေအမြစ်မရှိတဲ့ကောင်၊ အရိုင်းအစိုင်း' အဲသလို အသုံးအနှုန်းတွေနဲ့ တောမြိုင်ကို ရစ်ရာမရှိအောင် ပြောလိမ့်မည်။

'ကြည့်ချင်သပဆိုလည်း သွားကြည့်ပေါ့အေ၊ ဒါပေမယ့် မာမီတို့အခြေအနေအရ ပျိုးခင်းကို တက္ကသိုလ်ဆက်ပို့ဖို့ဆိုတာ အိပ်မက်လိုပဲ၊ နောက်ပြီး နှင့်မောင်လေးက ဒီနှစ် ရှစ်တန်း တက်နေပြီ၊ သူ့အတွက်ကလည်း လိုသေးတယ်လေကွယ်၊ အကြီးဆိုတာ အနစ်နာခံရစမြဲပဲ သမီး'

ပျိုးခင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ မာမီပြောတာကို နားလည် လက်ခံနိုင်ပေမယ့် ဆရာဝန်ဆိုတဲ့ အိပ်မက်ကို မက်ခွင့်မှ မရတော့တာ။ မနက်ဖြန် အောင်စာရင်း ထွက်ရင် ...တွေ အများကြီး မပါပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေပြီ။

'မျှော်လင့်လွန်းရင် ရူးတတ်တယ် ပျိုးခင်း၊ မာမီက စိတ်...လျှော့ထားဖို့ ပြောနေတာ'

ရှိုက်သံမပျောက်သေးတဲ့ ပျိုးခင်းက အရဲစွန့်ကာ

'မာမီ ကျောင်းတွေပိတ်ထားတုန်း ပျိုးခင်း အလုပ်လုပ်...





...ငွေစုမယ်လေ. . ပျိုးခင်းကို ဘွဲ့ရအောင်တော့ ပညာသင်ခွင့်ပေးပါ မာမီရယ်'

'အပြောကောင်းတယ်နော် မိပျိုးခင်း၊ ညည်းက တစ်ကိုယ်ကောင်းဆန်ပြီ အလုပ်ထွက်လုပ်တော့ ကျန်တဲ့ သုံးယောက်က ထမင်းစားရတော့ဘူးလား၊ ငါ အချက်အပြုတ်ဝါသနာမပါတာ ညည်း အသိဆုံးနော်၊ တော်ကြာ မာမီ ချိန်းထားတာရှိလို့ သွားရဦးမှာ၊ ပြီးတော့ ...ခေတ်ကြီးထဲမှာ ဘွဲ့တစ်ခုမရဘဲနဲ့ ဘယ်လိုလုပ်ပြီး အလုပ်ကောင်း...ကောင်းရမှာလဲကွယ်'

မျက်ရည်စက်လက်ဖြင့် ပျိုးခင်းရဲ့စိတ်တွေ ဗေဟာနယ်ထဲ ...ရောက်သွားပါသည်။ တောမြိုင်အမေလည်း ဆင်းရဲတာပဲ. . . ဒါပေ...ယ့်. . သူ့သားကို ပညာသိပ်တတ်စေချင်တာ။ ခါတိုင်း မုန့်ဟင်းခါး...ကို မနက်ပိုင်းသာ ရောင်းတတ်တဲ့ အမေဝါက ခုဆို ဈေးရှေ့မှာ ည...နေပိုင်းပါ ရောင်းပြီး သူ့သား ကျောင်းစရိတ်ကို ကြိုရှာနေပြီ။

အိမ်မှာ အစားအသောက်ဆင်းရဲတဲ့ ပျိုးခင်းဟာ အမေဝါ...ဆီရောက်ရင် မုန့်ဟင်းခါးတစ်ပွဲတော့ အနည်းဆုံးစားရသေးတာပဲ။ ...ခင်းကိုဆို သမီးလေးလို သိပ်ချစ်တာ။ ကျောင်းထမင်းဘူးထဲမှာ ...ခင်းစားဖို့ ဆိုပြီး ပိုပိုထည့်ပေးမြဲ။

မာမီကျတော့ သားသမီးချင်းယှဉ်ရင် ပျိုးခင်းကို နောက်...ထားတတ်မြဲပါ။ တောမြိုင်မှာ အဖေမရှိသလို သက်စုမှာလည်း အဖေမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ သူတို့ရဲ့ရင်မှာ ကွက်လပ်ဖြစ်နေတဲ့ မေတ္တာတရားကို ကျန်တဲ့ အဖေတွေ၊ အမေတွေက အပြည့်အဝကိုဖြည့်ပေးထားတာ။သက်စုအဖေက Taxiကား ထောင်ထားတာဆိုတော့ အားလုံးထဲမှာ သူက အချောင်လည်ဆုံးဖြစ်လေသည်။ မိစုံဖစုံရှိတဲ့ ပျိုးခင်းကျတော့ ဘာလို့များ မေတ္တာငတ်မွေ့ရတာလဲ။

မေတ္တာတရားကို ခွဲခြမ်းစိတ်ဖြာဖို့ အလှမ်းဝေးတဲ့အရွယ်ကတည်းက မိဘတွေရဲ့ချစ်ခြင်းမေတ္တာကို အပြည့်အဝ လိုချင်တဲ့ ပျိုးခင်းပါ။ နူးညံ့ခြင်းတွေနဲ့ဖွဲ့တည်တဲ့ဘဝတစ်ခုကို ရူးသွပ်စွာ သိမ်းပိုက်ချင်ပေမယ့် တစ်ခုခု ပျောက်ရှသွားပြီဆိုတာ အလိုလိုနားလည်နေပါသည်။

ထမင်းအိုးငုံ့နေသော ပျိုးခင်းဆီသို့ ဒေါ်ဟန်နီရောက်လာပြီး -

'ပျိုးခင်း. . ဘွားတော် လာနေပြီ၊ နင်သွားပြီး ပြောလိုက်ဦး'

မာမီပြောတဲ့ ဘွားတော်ဆိုတာ ဒီအိမ်ပိုင်ရှင် ဒေါ်မြင့်နွယ်ပေါ့။ ခဏခဏ အပြောအဆိုခံနေရတဲ့ သမီးပျိုလေးကို မာမီမသနားတော့ဘူးလား။ အမြဲတမ်း ပျိုးခင်းနဲ့ပဲ ဦးတည်ပေးနေတာ. . မောင်လေးစစ်ကြည်ကိုကျတော့ တစ်ခါမှမပြောခိုင်းဘူး။

'အန်တီ'

'ဘာလဲ. . ညည်းအမေ မရှိပြန်ဘူးလား'





ပျိုးခင်းက မျက်နှာငယ်လေးဖြင့် ခေါင်းလေးယမ်းပြသည်။

'ငါ ရှင်းရှင်းပဲ ပြောမယ်အေ၊ ဒီလကုန်လို့မှ အိမ်လခတွေ မပေးနိုင်ရင် ညည်းတို့ဆင်းပေးတော့. . ကြားလား၊ နောက်ထပ် လူငှားတင်တော့မယ်၊ ဘယ့်နှယ့်တော်. . အရှက်မရှိကြဘူးလားမသိဘူး၊ သူများအိမ်မှာ မျက်နှာပြောင်တိုက်ပြီး အလကားနေချင်ရတယ်လို့ပဲ'

'ပျိုးခင်း တောင်းပန်ပါတယ် အန်တီရယ်၊ ခဏလေးစောင့်ပေးပါနော်. . မာမီလည်း ငွေရှာနေပါတယ်'

'ဘာငွေရှာတာလဲဟင်. . ငါမပြောလိုက်ချင်ဘူး၊ ဒီလောက်လောင်းကစားမင်နေမှတော့ ငွေက ဘယ်လိုလုပ်ရှိတော့မှာလဲ'

မိဘကြောင့် သားသမီးမှာ ဂုဏ်တက်ရတာ ရှိသလို သားသမီးအတွက် မျက်နှာငယ်ရမယ့်လုပ်ရပ်တွေကို ဖက်တွယ်ထားတဲ့ မိဘမျိုးတွေလည်း လောကကြီးရဲ့တစ်ထောင့်တစ်နေရာမှာ ရှိနေဦးမှာပဲ။ ကိုယ့်မိဘနှစ်ပါးဟာ ဘယ်လိုအစားထဲမှာပါနေနေ ပျိုးခင်းစိတ်ထဲမှာ မာမီတို့ကို ကျေးဇူးပြန်ဆပ်ချင်တဲ့စိတ်၊ အလုပ်အကျွေးပြုချင်တဲ့စိတ်တွေ အချိန်တိုင်း ဖြစ်ပေါ်နေတာ ကျိန်တွယ်ပြီး ပြောရဲပါတယ်။

မိဘတွေ စီးပွားရေးမပြေလည်တာကိုပဲ ပျိုးခင်းစိတ်မကောင်းဖြစ်နေရတာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

* ငါ အမှန်တကယ် မြတ်နိုးမိတာ
မင်းတစ်ယောက်တည်းပါ
ကြင်နာတတ်တဲ့ မျက်ဝန်းလေးကို
အချိန်ရှိတိုင်း တောင့်တနေမိတယ်
အိပ်စက်ညတိုင်းမှာ သူသာ စိုးမိုးသူပါ
နိုးစပ်ဖို့ မကြိုးစားရဲခဲ့သူမို့
အသည်းတွဲမယ့် အဖြစ်တွေ
မပေးသွားပါနဲ့ သူငယ်ချင်းရယ်
အချိန်တိုင်း ပျော်နေနိုင်ပါစေ





တားဆီးထားတဲ့ အဖြူရောင်စည်းလေးအောက်မှာ
မျက်ရည်များစွာနဲ့ သူ့မျက်ဝန်းလေးကို
ကြည့်လိုက်စဉ်မဏာ
ငါ ရှုံးသွားပြီဆိုတာ သိလိုက်တယ်

(စုံတောမြိုင်)

'သား မအိပ်သေးဘူးလား'

အမေ ဝင်လာတာလည်း သိသည်။ မျက်လုံးတွေက ပျိုးခင်းအကြောင်း တွေးလိုက်ရင် အိပ်ချင်စိတ်မရှိတော့။

'အိပ်လို့ မပျော်ဘူး အမေရယ်'

'မနက်အစောကြီးထရဦးမှာ မဟုတ်လား သားရယ်. . အိပ်တော့နော်'

'အမေ. . သားစိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ ပျိုးခင်းတ ဆရာဝန်သိပ်ဖြစ်ချင်တာ. . သူက တော်ပါတယ်၊ သူ ဂုဏ်ထူးတွေ အများကြီးပါအောင် သားဆုတောင်းနေတာ'

'သားရယ်. . သားအတွက်ကော စိတ်ပူသေးရဲ့လားကွယ်'

အမေက တောမြိုင်ရဲ့ခေါင်းလေးကို ဖွဖွလေး ပွတ်ပေးရင်း ကရုဏာသက်စွာ ပြောသည်။ ဘယ်တော့မဆို သူ့အတွက်ထက် ပျိုးခင်းအတွက်ပဲ စဉ်းစား လုပ်ဆောင်တတ်သည့် သားအကြောင်းကို ဒေါ်ဝါနွဲ့က သိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



'အမေ . . အိပ်မပျော်မယ့်အတူတူ ညကတည်းက အောင်စာရင်းသွားကြည့်ထားရင် ကောင်းမယ်ထင်တယ်၊ ပြောနေ ကြာပါတယ်၊ သား . . ရဲစိုးကိုခေါ်ပြီး သွားကြည့်လိုက်မယ်နော်'

တိုင်မှာချိတ်ထားတဲ့ ရှပ်အင်္ကျီအကွက်လေးကို ယူဝတ်ရင်း အမေ့ပါးကို ဘယ်ပြန်ညာပြန်နမ်းသွားသည့်သားကို ပြုံးပြုံးကြီးကြည့်ပြီး ကျန်ခဲ့သူက ဒေါ်ဝါနွဲ့ရယ်ပါ။

'သားလေး . . ထီးယူသွားဦး၊ အပြင်မှာ မိုးတွေ မည်းမှောင်နေတာပဲ'

'အဲဒါတွေကြောင့် အမေဖြစ်နေတာပေါ့နော်၊ သားအတွက်ဆို အမြဲတမ်းအသိစိတ်ရှိနေတာ၊ အမေ့ကို အရမ်းချစ်တယ် သိလား'

တစ်ယောက်ဆို တစ်ယောက် လိမ္မာလွန်းတဲ့ သား။ အမေ့အတွက်ဆို ထဘီကအစ လျှော်ပေးတတ်တဲ့ သား၊ ဘယ်သောအခါမှ စိတ်ဆင်းရဲမပေးတဲ့ သားလေးပါ။ သားလေးနဲ့အတူ သူ သိပ်ခင်တဲ့ ပျိုးခင်းလေးပါ စာမေးပွဲအောင်ကြပါစေ . . ဆုသာ တောင်းနေရမယ့် ပျိုးခင်းရဲ့ အနာဂတ်ကဲ လှပနိုင်ပါ့မလား။ သူ့မိဘတွေ လုပ်ပုံနှင့် ကလေးက ကျောင်းမှ ဆက်တက်နိုင်ပါတော့မလား . . ရင်မောလှပါဘိ။

*





ညက စိုးရိမ်စိတ်တွေနှင့် နိုးတစ်ဝက်၊ အိပ်တစ်ဝက် ဖြစ်နေသော ပျိုးခင်းသည် မိုးခြိမ်းသံကြောင့် လန့်နိုးလာခဲ့သည်။

အပြင်မှာ မိုးတွေ တအားသည်းနေတာပါလား . . ဘုရားရေ . . အောင်စာရင်း ဘယ်လိုသွားကြည့်ရမှာလဲ။

မိုးရွာတာကို နှစ်သက်တဲ့ ပျိုးခင်းက မြတင်းပေါက်တံခါးကို အသာလေး ဟ,လိုက်တယ်ဆိုရင်ပဲ အေးမြလတ်ဆတ်တဲ့ လေအေးလေးက သူမ မျက်နှာကို တိုးဝှေ့ကျီစယ်လာသည်။ လေနှင့်အတူ မိုးရေစက်တွေကပါ ဝင်လာသောအခါ ပျိုးခင်းမှာ ကလေးလေးတစ်ယောက်လို စိတ်ကြည်နူးလာပြီး မိုးရေထဲ ထွက်ပြေးချင်လာသည်။

မှောင်မည်းနေတဲ့ပတ်ဝန်းကျင်တစ်ခုလုံးဟာ လျှပ်စီးလက်လိုက်တယ်ဆိုရင်ပဲ မြင်ကွင်းတစ်ခုလုံးကို လင်းလင်းချင်းချင်း မြင်လိုက်ရပါသည်။

ထီးကလေးတစ်ချောင်း . . . ပျိုးခင်းတို့ခြံကလေးရှေ့မှာ လူတစ်ယောက် ရပ်နေပါလား။ ညကြီးအချိန်မတော် ဒီလူက ဘယ်လိုလူမျိုးလဲ . . ဘာလာလုပ်နေတာလဲ . . ဓာတ်မီးနဲ့ထိုးကြည့်ရလောက်အောင်လည်း ပျိုးခင်းမှာ သတ္တိမရှိပါ။ နောက်တစ်ကြိမ် လျှပ်စီးလက်ပါစေလို့ပဲ ဆုတောင်းနေရသည်။

သူမဆန္ဒတွေ ပြည့်သွားသည်။

ဒီတစ်ခါ ထီးဆောင်းထားတဲ့လူက ပျိုးခင်းတို့ အိမ်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်နေသည်။ အိုး . . . တောမြိုင်ပါလား။ သူ မအိပ်ဘဲနဲ့ ဒီအချိန်ကြီး ဘာလာလုပ်နေတာလဲ။

ညဝတ်ဂါဝန်ရှည်လေးကို လဲဖို့တောင်မှ သတိမရပါ။ ထီးဆွဲပြီး မိုးရွာကြီးထဲကို ပြေးဆင်းလာတဲ့ ပျိုးခင်း။ သူမ အားကိုးရတဲ့ တောမြိုင်ကို တွေ့လိုက်ပြီကိုး . . ။

'တောမြိုင်'

မိုးတွေ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသော တောမြိုင်က ပျိုးခင်းကိုတွေ့သောအခါ

'ပျိုးခင်းရယ် . . နင့်ဆန္ဒတွေ ပြည့်သွားပြီ သိလား၊ နင်လေ ဖိုက်ဒီနဲ့အောင်တယ်'

'တကယ် . . တကယ်လားဟင် တောမြိုင်၊ နင် ငါ့ကို မနောက်ရဘူးနော်'

'ဒါ နောက်စရာလား ပျိုးခင်းရယ် . . လာ . . မယုံရင် ငါနဲ့ လိုက်ခဲ့ . . ပြန်သွားကြည့်ကြမယ်'

တောမြိုင်များ စိတ်ဆိုးသွားပြီလား . . . ပျိုးခင်းရဲ့စိတ်တွေ ဆောက်တည်ရာမဲ့ လွင့်မျောနေသည်။ ဘာလုပ်ရမှာလဲ . . . အနာဂတ်မရှိတဲ့ အောင်မြင်မှုအတွက် ကျေနပ်ပြီး ဝမ်းသာလိုက်ရမှာလား၊ ဟင့်အင်း . . . ပျိုးခင်း မပျော်တာ ကိုယ့်ဟာကိုယ် သိနေတာပဲ . . . ဒါဆို ဝမ်းနည်းရတော့မှာလား။





တောမြိုင် ပျိုးခင်းကို ကြည့်ပြီး အားမရှိအားမရ ဖြစ်လာသည်။ ဟုတ်တယ်လေ . . ကိုယ့်မှာတော့ ချစ်ခြင်းမေတ္တာ ... ပြီး ... မိုးရွာကြီးထဲမှာ လှာစောင့်နေရ ... သူက ... မြင်မှုလည်း မဖြစ်ပါ။

'ပျိုးခင်း . . နင် မပျော်ဘူးလားဟင်၊ ဘာတွေဖြစ်နေတာလဲ'

'တောမြိုင် ... နင်နဲ့ ... အဆင်ရဲ့လားဟင်'

'သတ်...ဝမ်းသာပါတယ် . . ငါ . . ငါကတော့'

ပျိုးခင်းကို သူ စ,ချင်လို့ပါ။ ပျိုးခင်းမှာ တောမြိုင့်ကိုကြည့်ပြီး ရှင်တုန်ပန်းတုန်ရှိလာပြီး

'နင် . . နင် . . မအောင်ဘူးလားဟင်'

'ရိုးရိုးပဲ အောင်တာပါယာ၊ နင်တို့လို ဒီမပါဘူးလို့'

ပျိုးခင်းက သူမမှာ ဂုဏ်ထူးတွေ အများကြီးပါတာကို ဝမ်းမသာနိုင်ဘဲ တောမြိုင်နှင့်သူတို့ စာမေးပွဲအောင်တာကို သိတော့မှ ဝမ်းနည်းပြီး ငိုတော့သည်။

'နင်တို့က တက္ကသိုလ်ဆက်တက်ရမှာပါဟာ . . ငါ . . ငါမှာသာ . . ဟင့် . . ဟင့်'

ကိုယ်ချစ်ရတဲ့သူက ဝမ်းနည်းနာကျင်စွာ ရှိုက်ငိုလိုက်သောအခါ တောမြိုင်မှာ စိတ်တွေ ပူလာသည်။

'ငါ့ကို သေချာပြောပြစမ်းပါ ပျိုးခင်းရာ၊ နင် ဘာဖြစ်တာချင်

www.burmeseclassic.com



နေတဲ့ ဆေးကျောင်းတက်ရတော့မှာလေ. . . ဘာလို့ ငိုနေရတာလဲ၊ နှင် ဆရာဝန်မကြီးဖြစ်ချင်တာဆို'

'မှာ. . မိက ငါ့ကို ကျောင်းဆက်မထားနိုင်တော့ဘူးတဲ့၊ ငါ ဘာလုပ်ရမှာလဲ တောမြိုင်ရယ်. . ငါ့မှာ အနာဂတ်တွေ ပျောက်ဆုံးကုန်ပြီ'

ငိုလည်းငို၊ ရှိုက်လည်းရှိုက်ရင်း ရင်ဖွင့်နေသော ပျိုးခင်းကို ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့ပါ။ မိုးကလည်း အငြိုးတကြီးနဲ့ ရွာနေဆဲ။

'တောမြိုင်. . နှင် နေမကောင်းဖြစ်နေဦးမယ်. . ပြန်တော့နော်'

တောမြိုင်က ပျိုးခင်းနောက်ကျောလေးကို လက်ဖြင့် အသာပုတ်ပေးပြီး နှစ်သိမ့်လိုက်သည်။

'ငါတစ်ယောက်လုံးရှိပါသေးတယ် ပျိုးခင်းရာ၊ အားမလျှော့စမ်းပါနဲ့၊ ငါတို့မှာ အချိန်တွေရှိသေးတာပဲဟာ. . ထပ်ပြီး ကြိုးစားကြည့်တာပေါ့နော်'

မိုးရေတွေ ကြားထဲမှာ မျက်ရည်စက်လက်နှင့် ပျိုးခင်းက ခေါင်းကလေး ညိတ်ပြသည်။

တောမြိုင်ရှိရင် အလိုလိုအားရှိလာတာ ဟိုးငယ်ငယ်လေးကတည်းက. . .





'မနက်ကျရင် သက်စုနဲ့အတူ အောင်စာရင်းသွားကြည့်လိုက်နော်'

'ဟုတ်'

'ငါသွားပြီနော် ပျိုးခင်း. . သွား. . အထဲပြန်ဝင်တော့'

သွားပြီ ဆိုပြီး ပျိုးခင်း အိမ်ထဲဝင်တဲ့အထိ စောင့်ကြည့်နေသော တောမြိုင်ပါ။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

မှာမီ ဘယ်လိုပဲ ပြောပြောပါလေ၊ သူမီးဖြစ်သူက ဆယ်တန်းကို ဂုဏ်ထူးငါးခုနှင့်အောင်တာဆိုတော့ စိတ်မပြောင်းသွားနိုင်ဘူးလား။ သက်စုကလည်း အကြံပေးလေသည်။ မာမီ့ကို ရအောင်ပြောဖို့။ လိုအပ်လျှင် သူပါ ဝိုင်းပြောပေးမည်တဲ့။ သူတို့က အမှတ်မမီကြတော့ ပျိုးခင်းကို ဆေးကျောင်းတက်စေချင်တဲ့စေတနာကြောင့်ပါ။

ပျိုးခင်း ခြေလှမ်းတွေက အိမ်အပြန်မှာ တက်ကြွနေသည်။ အောင်မြင်မှုရဲ့အရသာကို ချက်ချင်းလက်ငင်း ခံစားနိုင်သွားပဲ. . . လမ်းမှာတွေ့သမျှလူတွေက





'ပျိုးခင်း. . အောင်လား'

ဟု မေးသောအခါ သူမက ဂုဏ်ယူစွာပင် သွက်သွက်ကလေး ဖြေဖြစ်ပါသည်။

'ဂုဏ်ထူး ငါးခု ပါတယ်'

လူအများ၏အထင်ကြီးလေးစားမှုကို ဒီတစ်ကြိမ်ပဲ ခံစားဖူးပါသည်။ 'တော်လိုက်တာ'ဆိုတဲ့ချီးကျူးသံအဆုံးမှာ 'ငါ ဘာလို့ ဆရာဝန် မဖြစ်နိုင်ရမှာလဲ၊ ရအောင် ကြိုးစားမယ်'ဆိုတဲ့ စိတ်ကလေးကပါ အင်အားကြီးစွာ ဝင်ရောက်လာလေသည်။

ပျိုးခင်း အိမ်ရှေ့ရောက်တော့ မာမီက အပြင်သွားဖို့ အဆင်သင့်ဖြစ်နေလေပြီ။

'မာမီ. . ပျိုးခင်း စာမေးပွဲအောင်တယ်၊ ဖိုက်ဒီတော်င် ပါတယ် မာမီရဲ့. . ဒယ်ဒီကောဟင်. .'

ကိုယ့်ရဲ့ပျော်ရွှင်မှု၊ အောင်မြင်မှုတွေကို မိဘတွေနှင့်အတူ ခံစေခံစားချင်တာပေါ့။ ပျိုးခင်း တွေ့လိုက်ရတဲ့ မာမီ့မျက်နှာမှာတော့ အပျော်တွေ ပျောက်ဆုံးနေပြီး စိတ်ဓာတ်ကျသွားပုံရပါသည်။ သူများ မိဘတွေနှင့် ဘာတွေများ ကွာနေလို့လဲ။

တစ်ချိန်လုံးတက်ကြွလာခဲ့သော ပျိုးခင်း၏စိတ်တွေ လေဟာနယ်ထဲသို့ မျောလွင့်ပြီး အပြီးတိုင် ပျောက်ကွယ်သွားချင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်တစ်ချိန်တုန်းက သူမကို သည်းသည်းလှုပ် ချစ်ခဲ့သော ဒယ်ဒီသည် သမီး၏အောင်မြင်မှုကို လျစ်လျူရှုပြီး သတင်းစာတစ်စောင်ကို အေးအေးလူလူဖတ်နေသည်။ ပျိုးခင်းက စစ်ကူ ရလိုရငြား ဒယ်ဒီဆီ ပြေးသွားပြီး

'ဒယ်ဒီ. . သမီး စာမေးပွဲအောင်တာ မပျော်ဘူးလားဟင်'

'စာမေးပွဲ အောင်တာ ဘာဆန်းလို့လဲကွာ. . . ငါတို့က မအောင်ဖူးတော့ ဘယ်လိုပျော်ရမလဲဆိုတာ သိပ်မသိဘူး ပျိုးခင်းရဲ့'

ပျိုးခင်း၏ရင်ထဲတွင် စူးနင့်နေအောင် ခံစားလိုက်ရသည်။ သူမက ဆယ်တန်းကို သူများတွေလို သက်သောင့်သက်သာဖြေခဲ့ရတာ မဟုတ်။ ချက်ပြုတ်၊ လျှော်ဖွတ်၊ အိမ်အလုပ်တွေ တကုပ်ကုပ်လုပ်ရင်း စာကို အချိန်လုပြီး ဖတ်ခဲ့ရတာပါ။ ကျူရှင်လည်း မယူနိုင်ခဲ့။ သက်စုထက်တဲ့ ကျူရှင်က လက်ချာတွေကို ပြန်ကူးပြီး ကိုယ့်ဟာကိုယ် လေ့လာခဲ့ရတာ။

ပျိုးခင်းအတွက် ပန်းတိုင်ဆိုတာ ဘာလဲ။

ပျိုးခင်းဘဝမှာ ကိုယ်ဘာဖြစ်ချင်သလဲဆိုတာကို တိတိကျကျ သိပါသည်။ ဆရာဝန်ပေါ့။ 'ဒေါက်တာနွေပျိုးခင်း'က ဆင်းရဲတဲ့ လူမမာတွေကို အခမဲ့ကုပေးချင်တာ။

ဒါပေမယ့်. . .

'မာမီ တစ်ခုပြောမယ် ပျိုးခင်း၊ လောကကြီးမှာ ပညာတတ်





လည်း တစ်နေ့ သေရမှာပဲ၊ မတတ်လည်း သေရမှာပဲ၊ အခုဆို သမီး ဆယ်တန်းတောင် အောင်ပြီးပြီ၊ မာမီတို့ထက် သာသွားပြီ၊ ဒီထက် ပြည့်ဆည်းပေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးကွယ်'

ပျိုးခင်း ရင်ထဲမှာ ငိုနေသည်။ ဒါပေမယ့်. . မျက်ရည်မကျဘူး။ တောမြိုင်ပြောသလို နည်းလမ်းရှာပြီး ဖြစ်အောင် လုပ်ရ . . ဘယ်တော့မှ အရှုံးမပေးဘူး။

မာမီက အပြင်သွားဖို့ အိမ်ထဲကအထွက်မှာ ကားလေးတစ် အိမ်ရှေ့မှာ ထိုးဆိုက်လာသည်။

ဒေါက်တာခွန်ထိုက်ပါလား။

'ဩော်. . ငါက ဘယ်သူများလဲလို့ ဒေါက်တာကြီးပါလား'

ဒေါ်ဟန်နီကြည်က ခနဲ့တဲ့တဲ့စကားကိုဆိုရင်း အိမ်ထဲသို့ ာလေသည်။

'နင်ဒေါက်တာ အတော်ပဲ ခွန်ထိုက်. . . ဒီနေ့က ငါ့သမီးရဲ့ မြင်မှုအတွက် ဂုဏ်ပြုပေးမလို့၊ သမီးက ဖိုက်ဒီနဲ့အောင်တာ

ဒေါက်တာကြီးက ပျိုးခင်းကို နှစ်လိုစွာ၊ ဂုဏ်ယူစွာ လှမ်း သည်။ ထိုနောက်မှာတော့ သူ့မျက်နှာဟာ သေမင်း ၁ပျက် သည်။

ဓာမီ့ကို ပျိုးခင်း အံ့ဩမိသည်။ ခုလိုကျွင်းဘာ့လ သူ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းတစ်ယောက်ရှေ့မှာ သမီး၏အောင်မြင်မှုကို အရေးတယူလုပ်ပြီး ချီးကျူးဖော်ရသားပဲ။ နားလည်ရခက်လိုက်တာ မာမီရယ်. .။

ပြီးတော့. . အဲဒီဆရာဖန်ကြီးကိုတွေ့ရင် ပျိုးခင်းရင်ထဲမှာ အမည်တပ်လို့မရတဲ့ခံစားမှုတစ်ခုက အမြဲပေါ်လာတာ ထူးဆန်းမနေဘူးလား။

'သမီးက ဆေးကျောင်းတက်ရတော့မှာပေါ့ ဟုတ်လား'

ပျိုးခင်းက မျက်နှာငယ်ကလေးဖြင့် မာမီ့ကို လှမ်းကြည့်သည်။

'အခြေအနေအရပေါ့ဟာ၊ ငါတို့ မပြေလည်ဘူး ခွန်ထိုက်ရယ်၊ နင်က ငါ့သူငယ်ချင်းဆိုတော့ ရှက်စရာမလိုပါဘူးလေ. . ခုဆို ငါတို့မှာ ကြွေးတွေဝိုင်းနေတာ. . ဟောဒီအိမ်လခတောင် မပေးနိုင်တာ သုံးလလောက်ရှိပြီ'

'ကဲ. . သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေးစကားပြောကြဦး. . အပြင်ခဏသွားလိုက်ဦးမယ်'

ဒယ်ဒီကတော့ ရှောင်ထွက်သွားပြီ။ ရှက်လို့နေမှာပါလေ

ပျိုးခင်းမှာအခု ခေါင်းလေး ငုံ့ရင်း ကြမ်းပြင်ကို ကြည့်နေရတာ။

'သမီး. . လေးလေးအတွက် တစ်ခုခုလုပ်ပေးလေကွယ်'

'နေပါစေ ဟန်နီ၊ ငါ ကော်ဖီသောက်ခဲ့ပြီးပြီ'





'ဒါဆိုလည်း သမီးက ဈေးခဏသွားပေးနော်. . မာမီစကားပြောလိုက်ဦးမယ်'

ပျိုးခင်းက ဆရာဝန်ကြီးကို ခေါင်းလေးငုံ့ကာ ခွင့်တောင်းပြီး ထွက်လာခဲ့ပါသည်။ မာမီ လှမ်းပေးတဲ့ ပိုက်ဆံ တစ်ထောင်ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အရှက်သည်းမိသည်။

မာမီ့သူငယ်ချင်းကတော့ အံ့သြသလို လှမ်းကြည့်နေလေသည်။ မကြာခဏ ဆိုသလို ပျိုးခင်းကို လှမ်းအကဲခတ်နေတာ သိတာပေါ့။

ပျိုးခင်းထွက်သွားသောအခါ ဦးခွန်ထိုက်က ဒေါ်ဟန်နီအား

'ဟန်နီ. . ဒီကလေးက လေဘာတီနဲ့ဘာလို့တူနေတာလဲ'

'တူမှာပေါ့ ခွန်ထိုက်ရယ်. . သူလေးက လေဘာတီရဲ့သမီးပဲ ဥစ္စာ'

'ဟင်. . သူ့သမီးက ဘယ်လိုဖြစ်လို့ နင့်ဆီရောက်နေတာလဲ၊ သူနဲ့ သူ့ယောကျ်ားကရော. .'

'နင်ကလည်းဟာ. . နှစ်ပေါင်း တစ်ဆယ်ကျော်ကြာမှ လာသွမ်းပြနေတယ်၊ လေဘာတီ ကလေးတစ်ယောက် မွေးဖို့အတွက် ယောကျ်ားတစ်ယောက် တကယ်လိုအပ်လို့လား ခွန်ထိုက်၊ သေချာပြန်စဉ်းစားကြည့်ပါဦး. . လေဘာတီ ကိုယ်ဝန်ရှိသွားအောင် ဘယ်သူက ဖန်တီးခဲ့တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ နားမလည်ဘူး ဟန်နီ၊ နှင့် ငါ့ကို ဝေ့လည်လည်

မပြောစမ်းပါနဲ့'

'ကောင်းပြီလေ၊ တချို့ . . တချို့သောယောက်ျားတွေ

သိပ်ပြီး တာဝန်မဲ့လွန်းတယ်၊ ကိုယ့်တာဝန် ကိုယ်မယူဘဲ ကိုယ်လွ

ရှန်းတတ်ကြတယ်၊ ငါ့သူငယ်ချင်းလေဘာတီက အဲလိုယောက်ျား

နဲ့တွေ့ပြီး ကံဆိုးခဲ့ရတာ ခွန်ထိုက်ရဲ့'

'နင်က ငါ့ကို စွပ်စွဲနေတာလား ဟန်နီ'

'စွပ်စွဲတာ မဟုတ်ဘူး၊ အတပ်ပြောနေတာ၊ နင် တာဝ

ခဲ့လို့၊ သစ္စာမဲ့ခဲ့လို့ ငါ့သူငယ်ချင်းမှာ ဗိုက်တစ်လုံးနဲ့ ဘယ်လော

ဒုက္ခရောက်ခဲ့ရလဲ'

'ဒါဆို . . . ဒီကလေးက . .'

'နင့်သမီးလေ . . နင်နဲ့ လေဘာတီနဲ့ရတဲ့ သမီးပေါ့'

'ဟာ . . .'

ဘယ်လိုမှ မမျှော်လင့်ထားတဲ့ စကားကို ကြားလိုက်ရ

တခဏတော့ မှင်သက်သွားမိသည်။ ပျိုးခင်းက သူ့သမီးတဲ့လား . .

တစ်လောကလုံး ပြောင်းပြန်နေတာပဲ။

'နင် အံ့ဩသွားသလား ခွန်ထိုက်၊ နင့်သမီးလေးကို ငါ

ရှောက်ခဲ့တာ ဟိုးမွေးကင်းစလေးကတည်းကပဲ၊ ငါ တာဝန်

တယ်နော်၊ လေဘာတီက နင့်ကို ဒီတစ်သက် မပြောပြရဘူးလို့





တောင်းထားပေမယ့် နင်တို့သားအဖ ရှင်ကွဲကွဲနေရတာ ငါ မကြည့်

ရက်တော့ဘူး၊ ပြီးတော့ အခြေအနေက နင့်ကို ဖွင့်ပြောမှဖြစ်တော့

မှာလေ၊ ငါတို့အတိုင်းအတာနဲ့ ပျိုးခင်းလေးကို အနာဂတ်လှပအောင်

လုပ်နိုင်စွမ်းမရှိတော့ဘူး'

'သူ့ . . သူက အခု ဘယ်မှာလဲ ဟန်နီ'

'ဝမ်းနည်းပါတယ် ခွန်ထိုက်၊ ဒီမေးခွန်းရဲ့အဖြေကို ငါကိုယ်

တိုင်မသိလို့ပါ'

မင်း ဘယ်မှာလဲ . . လေဘာတီ၊ ဒီမြေကြီးပေါ်မှာ မင်းရဲ့

ကိုယ်ပွားသမီးလေးတစ်ယောက်ကိုထားခဲ့ပြီး ခြေရာဖျောက်သွားတာ

လား . . ဒီလိုလုပ်လို့ရလို့လား၊ မင်းအပေါ်မှာ ကိုယ်သစ္စာမမဲ့ခဲ့ဘူး၊

ဘယ်တုန်းကမှ အချစ်မပျက်ခဲ့ဘူး၊ တကယ်တော့ မင်းကို ကိုယ်က

စွန့်ခွာခဲ့တာမဟုတ်ဘူး၊ မင်းကသာ ကိုယ့်ကို ရက်ရက်စက်စက်ထား

သွားခဲ့တာ။

'ငါဖွင့်ပြောလိုက်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်သွား

သလား ခွန်ထိုက်၊ အေးပေါ့လေ . . နင်က တစ်ဘက်မှာ ကိုယ့်မိသား

စုနဲ့ ကိုယ် အေးချမ်းနေပြီကိုး၊ ဒီအကြောင်းတွေသာ နင့်မိန်းမ ဆိုတဲ့

မမကြီး သိသွားရင် ဘယ်လိုတုံ့ပြန်မလဲ မသိဘူးနော်'

ဟန်နီ . . အရင်က နင့်ရဲ့အကျင့်ဆိုးတွေ မပျောက်သေးပါ

လား . . ငါ့ကို ချောက်ချချင်နေတာလား၊ ငါ ယောက်ျားပါ ဟန်နီ . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါက လေဘာတီနဲ့မျက်နှာချင်းဆိုင်တွေ့ပြီး သူပြောတာ ကိုပဲ နားထောင်ချင်တာ။

'နင့်အမြင်မှာ ငါက သိပ်ပြီး သူရဲဘောကြောင်နေလို့လား ဟန်နီ၊ ပျိုးခင်းက ငါ့သမီးဖြစ်ရိုးမှန်ရင် ငါ တာဝန်ယူရဲတယ်၊ ကျ[...] တာ ငါသိပ်စိတ်မဝင်စားဘူး၊ ငါ့သမီးရဲ့အနာဂတ် လှပဖို့ ငါတတ်နိုင် သလောက် ဖြည့်ဆည်းပေးမှာပါ'

'နင်. . နင်ဟာ ပျိုးခင်းကို ခေါ်သွားမလို့လား၊ မရဘူးနော် လုံးဝမရဘူး. . လေဘာတီ ငါ့ကိုအပ်ထားတာ. . သူသိရင် ငါ့ကို နှ[...] လွှတ်မှာမဟုတ်ဘူး ခွန်ထိုက်'

ဒေါ်ဟန်နီကြည်က ပျိုးခင်းကို မခွဲနိုင်မခွာရက်အိုက်တင် တွေ လုပ်ပြနေတာ အကြောင်းရှိပါသည်။ ခုချိန်မှာတော့ ပျိုးခင်းဟာ သူတို့အိမ်အတွက် ရွှေဥတစ်နေ့တစ်လုံး ဥပေးမည့် ငန်းမလေးဖြ[...] နေပြီဆိုတော့ ဘယ်အလွှတ်ခံတော့မလဲ။ ပျိုးခင်းကို ဇန်းပြုပြီး သူ[...] အဖေဆီက ငွေတွေ လိုသလောက်တောင်းယူနိုင်ပြီ မဟုတ်လား

'ငါ့သမီးကို ငါ့အရိပ်အောက်မှာပဲ ထားပါရစေ ဟန်နီ. . အဲဒီအတွက် အားလုံးကို ငါရင်ဆိုင်ရဲတယ်'

'နင်ရင်ဆိုင်ရဲပေမယ့် ငါ့သမီးကို နင့်မိန်းမနဲ့ ကလေးတွေ ဝိုင်းအနိုင်ကျင့်မှာ ငါ ရင်မဆိုင်ရဲဘူး ခွန်ထိုက်၊ ကျေးဇူးပြုပြီး ပျိုးခင်း ကို ခေါ်မသွားပါနဲ့နော် ငါတောင်းပန်ပါတယ်နော်'





သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်. . အိမ်ကိုခေါ် သွားပြန်ရင်လည်း မမက ကြည်ဖြူမှာမဟုတ်။ သမီးငယ် မိုးသားဖြူ က ပိုပြီးဆိုးနိုင်ပါသည်။ သူလေးက အိမ်မှာ လိုတရဘုရင်မလေးဆို တော့ အပြိုင်ရှိလာမှာ ဘယ်လိုမှလက်ခံမှာ မဟုတ်ပါ။

'နင် သေချာ စဉ်းစားပါ ခွန်ထိုက်ရယ်. . နင့်သမီးကို နင် ထောက်ပံ့ချင်ရင် အချိန်မရွေးထောက်ပံ့လို့ရတာပဲ ငါ့ကိုယုံပါ'

ကိုယ့်သမီးမှန်း သိပြီးမှတော့ သူစိမ်းလက်ထဲမှာ မထားခဲ့ ချင်ရိုးအမှန်ပါ။ ဝေခွဲမရ စိတ်တွေက ဗွိဟဖြစ်နေကြသည်။

နွေပျိုးခင်းကို မြင်ကတည်းက သံယောဇဉ်ဖြစ်မိတာ သွေး က စကားပြောတာလား။ သနားစရာ မျက်လုံးဝိုင်းဝိုင်းလေးတွေက သူ့မျက်စိထဲကကို မထွက်. . ပြီးတော့ သူ့ကိုမြင်တိုင်း တစ်စုံတစ် ယောက်ကို သွားပြီးသတိရမိသည်။ နောက်ဆုံးသံသယရှိကာက သွေး အမျိုးအစား. . . ဟန်နီက ဘာသဘောနဲ့ တကူးတက လာပြရတာ လဲ. . . သူ ဒီလောက်တော့ မအလှပါ။ ဆက်စပ်ပြီး တွေးလိုက်ရင် အဖြေက ရေးတေးတေးပေါ်လာသည်။ ဒါကြောင့် သူ ဒီနေရာကို ရောက်လာခဲ့တာပေါ့။

'နင် ပြန်ပြီး အနားယူလိုက်တော့ ခွန်ထိုက်၊ နင့်စိတ်တွေ အရမ်းကိုရှုပ်ထွေးနေပြီ. . တော်ကြာ သမီးလေးပြန်လာလို့သိသွား ရင် မကောင်းဘူး'

www.burmeseclassic.com



'သမီးက ငါ့ကို သူ့အဖေမှန်းမသိသေးဘူးပေါ့'

'ဟုတ်တယ်၊ နေသားကျနေတဲ့ သူ့စိတ်လေး ဂယက်ထ သွားမှာစိုးလို့ ငါမပြောသေးတာ ခွန့်ထိုက်၊ သမီးအတွက် ထောက်း ကြေးတော့ မှန်မှန်ပေးနော်'

ငွေစကားပြောတတ်တာ ဟန်နီကြည်ရဲ့အကျင့်ပါ။ အရင် ကတည်းက ငွေတစ်မျက်နှာသာ ကြည့်တတ်သော ဟန်နီ့လက်ထဲ မှာ သမီးလေးကို ထားခဲ့ရက်သော လေဘာတီကို သူအံ့သြသည်။

ဟန်နီကရော. . သမီးကို ဘယ်လိုအတိုင်းအတာနဲ့ ဆုံးမ သွန်သင်ထားသလဲ၊ ဘယ်လိုအရောင်တွေ ဆိုးပေးထားပြီလဲ. . . သူ မသိပေမယ့် သမီးမျက်နှာလေး ကြည့်ရတာ အပြစ်ကင်းစင်လွန်း သည်။ ရိုးသားလွန်းသည်။ နေပုံထိုင်ပုံလေးက ဣန္ဒြေရလွန်းသည်။ သူ့အမေနဲ့ဘာဖြစ်လို့ ခြွတ်စွတ်တူနေရတာလဲ. . .။

သေချာပါသည်။ ဒီညတော့ သူ အတွေးတွေနှင့် ချာချာ လည်တော့မည်။ ဒီညအတွက် သူ တကယ်လိုအပ်တာ အိပ်ဆေးသာ ဖြစ်ပေလိမ့်မည်။

❖



# အခန်း(၅)

သောက်တော်ရေခွက်တွေ ဆေးကြောနေသော ပျိုးခင်းကို မာမီက

'သမီး. . မာမီတို့ အိမ်ပြောင်းကြမယ် ပစ္စည်းတွေ သွားသိမ်း တော့'

'မာမီ. . အိမ်လခ မပေးနိုင်လို့ ပြောင်းပြေးတာလားဟင်'

မာမီက စိတ်လိုလက်ရရယ်ပါတော့သည်။ မာမီ ဒီလိုမရယ် နိုင်တာ ဘယ်လောက်ကြာနေပြီလဲ. . .။ ခုလိုကျတော့လည်း မာမီ က ချစ်ဖို့ ကောင်းလိုက်တာနော်။

'သြော်. . ငါ့သမီးလေးပျိုးခင်း၊ ဆေးကျောင်းရောင် တက် တော့မှာ၊ ခုချိန်ထိ ကလေးအတွေးပဲ ရှိသေးတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

ပျိုးခင်းမှာ အံ့သြလွန်းလို့ 'ရှင်' တစ်လုံးပဲ ထွက်နိုင်တော့တာ။

'မာမီတို့ တိုက်ခန်းဝယ်လိုက်ပြီလေ၊ ပြီးတော့ သမီးကို ဆေးကျောင်းပို့ဖို့လည်း အဆင်ပြေသွားပြီ'

ဘုရား . . ဘုရား . . နေ့ချင်းညချင်းကို ပြောင်းလဲသွားတာပါလား။ ကံကြမ္မာက ယုံနိုင်စရာကို မရှိပါ။ မာမီ့နှုတ်ဖျားက မကြားရတာကြာပြီဖြစ်တဲ့ 'သမီး'ဆိုတဲ့ အသံကလေးက အချိုမြိန်ဆုံးပါပဲ။

'မာမီ . . ထိ . . ထိပေါက်လို့လားဟင်'

'ရှုး . . အားလုံး အဆင်ပြေသွားပြီပဲ သမီးရယ် . . မသိချင်ပါနဲ့တော့'

မာမီ ပြောချင်သည်ဖြစ်စေ၊ မပြောချင်သည်ဖြစ်စေ ပျိုးခင်းကတော့ ဆေးကျောင်းတက်ရမယ်ဆိုတဲ့ စကားကလေးနှင့်တင် စိတ်တွေက ပျော်ရွှင်လာပြီး ပစ္စည်းတွေ ပြေးသိမ်းတော့သည်။ နေဦး . . တောမြိုင်နှင့်သက်စု။ သူတို့မှမသိသေးတာ သွားနှုတ်ဆက်ရဦးမယ်။

အမြဲတတွဲတွဲနေလာခဲ့သော သူငယ်ချင်းတွေကို တကယ်တမ်းခွဲရတော့မယ်ဆိုတော့ ဝမ်းနည်းလာသည်။ အထူးသဖြင့် သူမအပေါ်မှာ အနွံတာခံပြီး ကောင်းလွန်းခဲ့သည့် တောမြိုင်၏အရိပ်တွင်သာ ခိုချင်ပါသည်။ တောမြိုင်နှင့်ဝေးကွာပြီး ပျိုးခင်း နေနိုင်ပါ့မလား။





တစ်ခုတော့ ထူးဆန်းနေပါသည်။ ပျိုးခင်းဆိုတဲ့ ဂေဟ။လေးတစ်ယောက် ဝမ်းနည်းအားငယ်နေတာကို မကြည့်ရက်၍ ဘုရားက သနားပြီး ဖန်ဆင်းပေးလိုက်တာလား။ မာမီ့ကိုကြည့်ရလည်း တောက်ပြောင်နေသည်။

မောင်လေးစစ်ကြည်ရော ဘာထူးလို့လဲ။ Alter ရှပ်အင်္ကတွေ၊ ဂျင်းပင်(န်)တွေနှင့် စီးထားတာက အကောင်းစား Scholl ဖိနပ်။

ပျိုးခင်းရဲ့ဦးနှောက်လေး အလုပ်သိပ်များနေသည်။ တစ်ခုပြီးတစ်ခု ဆက်စပ်တွေးရင်း ပစ္စည်းတွေလည်း သိမ်းနေရသည်။

မာမီပြောတော့ မနက်ဖြန် ပြောင်းတော့မှာ . . တဲ့။ မာမီက သံယောဇဉ် ဘယ်လောက်အထိ ပြတ်သလဲဆို . . အိမ်က ပရိဘောဂအဟောင်းတွေ ဘာတစ်ခုမှမယူတော့ဘဲ အိမ်နီးနားချင်းတွေကို ပေးပစ်လေသည်။ ပျိုးခင်းဖြင့် နှမြောလိုက်တာလေ။

တစ်နေကုန် ပျိုးခင်း တစ်ယောက်တည်း သိမ်းဆည်း ရှင်းလင်းနေရတော့ အားလုံး ပြီးသွားချိန်တွင် ညနေပင် စောင်းနေပြီ။ ထမင်းစားဖို့လည်း သတိမရတော့။ တောမြိုင်တို့အိမ်ကို ပျိုးခင်းထွက်လာခဲ့ပါသည်။

အမေဝါက အိမ်ရှေ့မှာထိုင်ပြီး ကြက်သွန်နီတွေ အခွံခွာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာမြိုင်ကို ဟိုဒီဝေ့ပြီးရှာရင်း ပျိုးခင်းက အမေဝါနံဘေး ထိုင်လိုက်သည်။

'တောမြိုင်ကို မတွေ့ပါလား အမေဝါ'

'သူ့ဝမ်းကွဲအစ်မတစ်ယောက် ချောဆွဲသွားလို့ ကျောက်တန်း သွားတာပဲ သမီးရယ်၊ ဒီတစ်ညတော့ ဟိုမှာပဲအိပ်ဖြစ်မယ် ထင်ယ်'

'ရှင်'

သွားပြီ. . ပျိုးခင်းရင်ထဲတွင် တစ်ခုခုပျောက်သွားပါသည်။ အဲဒီတစ်ခုခုဟာ တောမြိုင်ရဲ့မျက်နှာပဲပေါ့။ မခွဲခင်မှာ နောက်ဆုံး အနေနဲ့ သူ့မျက်နှာကိုတွေ့သွားချင်တာ။

'ဟဲ့. . သမီး၊ ဒါက ဘာဖြစ်သွားတာလဲကွယ်၊ သမီးသူငယ် ချင်းက မနက်ဖြန်ဆို ပြန်လာမှာပဲဟာ၊ အမယ်လေး မသွားခင် ပြော သွားသေးတယ် သိလား၊ ပျိုးခင်းကြိုက်တဲ့ ပိန္နဲသီး ဝယ်လာခဲ့မယ်တဲ့'

ပျိုးခင်း ပိုပြီး စိတ်မကောင်းဖြစ်ရသည်။ မျက်ဝန်းမှာ မျက် ရည်တွေ ဝေ့ပြီး တက်လာသည်။

'အမေဝါ. . သမီးတို့ အိမ်ပြောင်းရတော့မယ်'

'ချက်ချင်းကြီးပါလား သမီးရယ်. . ဘာလဲဟင်. . သူတို့က နှင်ချလိုက်လို့လား၊ သမီး ဘာမှအားမငယ်နဲ့နော်၊ နေစရာ မရှိရင် အမေဝါတို့အိမ်မှာ လာနေ. . ကြားလား'





မာမီတို့အခြေအနေနဲ့ဆို အားလုံးက ဒီလိုပဲ ထင်မှာပဲလေ။ ပျိုးခင်းတောင်မှ မယုံနိုင်တဲ့ဟာ။

'မဟုတ်ဘူး အမေဝါ၊ မာမီက တိုက်ခန်းဝယ်ပြီးပြီပြောတာ သမီးလည်း သေချာမသိပါဘူး၊ မနက်ဖြန်ပြောင်းရတော့မှာ၊ အဲဒါ သမီးက 'တောမြိုင်ကို လာနှုတ်ဆက်တာ'

နှုတ်ဆက်တာဆိုတဲ့ စကားလည်း ပြောရော ပျိုးခင်းရဲ့အသံ ကာ အဖျားခတ်ပြီး တုန်ယင်သွားပါသည်။ မျက်လုံးမှမျက်ရည် တွေကို အမေဝါ မသိအောင် ပြန်သိမ်းရင်း မျက်တောင်တွေ တဖျတ် ဖျတ်ခတ်နေရသည့်ဒုက္ခက မသေးလှပါ။

အမေဝါက အံ့ဩနေပုံရပါသည်။ ဘာမှတော့ ထပ်ပြီးမမေး တော့ပါ။

'တောမြိုင်သာ သိရင်. . ညတွင်းချင်း ပြေးလာမှာ သေချာ တယ်ကွယ်၊ ခက်တာက သူ့အစ်မဝမ်းကွဲအိမ်မှာ ဖုန်းမရှိဘူး သမီး ရယ်၊ ဒီလိုလုပ်လေ. . သမီးလိပ်စာ ပေးခဲ့လိုက်၊ အမေဝါ သူ့ကိုပေး လိုက်မယ်လေ'

ကိုယ့်ဟာကိုယ် ဘာလုပ်လို့လုပ်မိမှန်း မသိလိုက်ခင်မှာ နွေ ပျိုးခင်းဟာ အမေဝါ့ကို ဖက်ပြီး ငိုနေပြီဖြစ်သည်။

'သမီး. . ဒီအိမ်လေးမှာပဲ နေချင်တာ. . သမီးသူငယ်ချင်း တွေနဲ့ မခွဲနိုင်ပါဘူး အမေဝါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးကတည်းက အိမ်ကို ဝင်ထွက်ခဲ့သူမို့ ဒေါ်ဝါနဲ့ ကလည်း သမီးလေးတစ်ယောက်လိုချစ်ရှာပါသည်။ နှစ်ယောက်သား ဖက်ပြီး ငိုကြပါတော့သည်။ ဒေါ်ဝါနဲ့က ပျိုးခင်း မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း

'သားလေးကို မေ့မသွားပါနဲ့ သမီးရယ်၊ သူ့မှာ သမီးတစ်ယောက်ပဲ တွယ်တာစရာရှိတာပါ၊ သမီး အမေဝါပြောတာ တစ်သက်လုံး မှတ်ထားပါကွယ်'

'သမီးမှာ ခင်စရာဆိုလို့ . . အမေဝါတို့သားအမိနဲ့ သက်စုပဲ ရှိတာ . . မေ့နိုင်ပါ့မလားရှင်'

'သမီးကို အမေဝါ ထမင်းကျွေးပါရစေကွယ်၊ သမီးကြိုက်တဲ့ ငါးလေးအိုးကပ်ချက်ထားတယ် . . စားသွားနော် သမီး'

အမေဝါဆီမှာ ထမင်းစားပြီး မိုးစုန်းစုန်းချုပ်မှ သက်စုဆီကို ရောက်တော့သည်။ သက်စုလည်း စိတ်မကောင်းဖြစ်သွားသည်။ ဒါပေမယ့် ကျောင်းဖွင့်ရင် ဆေး ၁ မှာ လာရှာဖို့မှာထားခဲ့ရသည်။ တောမြိုင်ကိုပါ ခေါ်ခဲ့ဖို့ မမေ့မလျော့မှာရသေးသည်။ သံယောဇဉ်ဆိုတာ အမှန်တော့ သိပ်ပြီး မအေးမြလှပါ။ ခုပဲကြည့်လေ . . ပူလောင်နေရပြီ မဟုတ်လား။

*





ညက အိပ်မပျော်တော့ လူက မလန်းဆန်းချင်ပါ။ ခေါင်းတွေ အုံ့ခဲကာ ငြီးစီစီကြီးဖြစ်နေသည်။ အိမ်ရှေ့က ရေဘုံဘိုင်လေးမှာ ရေတို စိမ်ပြေနပြေချိုးနေမိသည်။ ဒါဟာ နောက်ဆုံးအကြိမ်ချိုးရခြင်း မဟုတ်လား။ အရာအားလုံးဟာ အမှတ်တရဖြစ်စရာတွေချည်းပါလေ။

စိတ်နှင့်လူကလည်း မကပ်လှပါ။ စိတ်တွေက တောမြိုင်ရှိတဲ့ ကျောက်တန်းကို လိုက်သွားချင်မိသည်။

'သမီးရေ . . ပျိုးခင်း . . မြန်မြန်လုပ်လေ၊ ခဏနေ ကားလာတော့မှာ'

ဒယ်ဒီ အိမ်ပေါ်ကနေ လှမ်းသတိပေးမှ ရေချိုးတာကို လက်စသတ်ပြီး အိမ်ပေါ်သို့တက်လာခဲ့သည်။ စိတ်က သိပ်မပါတော့ သနပ်ခါးရေကျဲကို မျက်နှာတွင် ဖြစ်သလိုပွတ်ပြီး ချည်သားအင်္ကျီတစ်ထည်ကို ကောက်ဝတ်ပြီးချိန်တွင် ပစ္စည်းတွေတင်ဖို့ ကားက အိမ်ရှေ့တွင် ထိုးလာခဲ့သည်။ အချိန်က ကိုးနာရီခွဲနေပြီ။ တောမြိုင် အချိန်မီမှရောက်ပါ့မလား။

'နောက်ဆုံးအနေနဲ့ တွေ့ခွင့်ပေးသနားတော်မူပါ ဘုရား'

ဘုရားကို တိုင်တည်ရင်း လမ်းမပေါ် တမျှော်မျှော်ဖြစ်နေသော ပျိုးခင်းကို မာမီက ကားပေါ်တက်ခိုင်းနေပြီ။

'ပစ္စည်းတွေစုံရင် ကားပေါ်တက်တော့ ပျိုးခင်း'



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း . . ပျိုးခင်း မတက်ချင်သေးဘူး . . တောမြိုင်က
စောင့်ဦးမယ် . . စိတ်ထဲမှာ အထပ်ထပ်ပြင်းဆန်နေမိသည်။

နောက်ဆုံးတော့ မာမီ့ကို မလွန်ဆန်နိုင်သူပီပီ ပျိုးခင်းမော်ဒိုင်နာကားပေါ် သို့ တက်ရပါတော့သည်။

'ပျိုး . . ခင်း . . ရေ'

တောမြိုင်အသံပါလား။ ပျိုးခင်း နားကြားများ မှားနေလေသလား . . မဟုတ်ဘူး၊ ဒါ တောမြိုင်အသံပဲ . . သေချာတယ်။ပျိုးခင်း လှမ်းကြည့်တော့ ဟိုးအဝေးကြီးမှာ လက်ထဲမှာ အထုပ်တစ်ထုပ် ကိုင်ပြီး ပြေးလာတဲ့ တောမြိုင်ကို တွေ့လိုက်ရသည်။

ကားက စက်နှိုးနေပြီ . . ထွက်တော့မယ် . . . ဒီပုံအတိုင်း တောမြိုင် မီမည်မဟုတ်ပါ။

'မာမီ . . ခဏလေး . . ဟိုမှာ တောမြိုင်လာနေလို့'

ပျိုးခင်းက အရဲစွန့်ပြီး တောင်းဆိုမိသည်။ ရှေ့ခန်းမှာထိုင် နေသော မာမီက

'ရှုပ်ရှုပ်ယှက်ယှက်အေ . . နောက် မတွေ့ရမယ့်အတူတူ ဒီ ယောဇဉ်ကို တစ်ခါတည်း ဖြတ်စမ်း၊ ကားဆရာရေ . . မောင်းတော့ ရပြီ'

မာမီ ရက်စက်လိုက်တာ။ တောမြိုင်ခမျာ နေပူကြီးထဲမှာ ပြေးလိုက်လာရတာ၊ ဘယ်လောက်တောင် မောနေပြီလဲ မသိပါ။





ကားစထွက်တာနှင့် ပျိုးခင်း မျက်ရည်ကျရပါသည်။

'တော . . မြိုင် . . ငါ ဆေးကျောင်းတက်ရမယ်တဲ့'

ဘယ်သူတွေ ဘယ်လိုပဲ ထင်ကြစမ်းပါစေ . . ပျိုးခင်းဆီမှာ သတ္တိတွေက အလိုလို ရှိလာသည်။ နောက်ဆုံးအချိန်မှာ တောမြိုင် အတွက် သဲလွန်စလေးတော့ ချန်ထားခဲ့ရမှာပေါ့။

တောမြိုင်သာ ပျိုးခင်းကို တကယ်တွေ့ချင်ရင် ဆေးကျောင်း ကို လိုက်လာလို့ရတာပဲ။ ရန်ကုန်မြို့တစ်မြို့တည်းမှာ အတူတူရှိနေ တဲ့ဟာ . . တောမြိုင်က ပျိုးခင်းကမ္ဘာလေးထဲမှာ အမြဲဘာဝရ နီး တပ်စွာ ရှိနေမှာပါ။

ကားက တဖြည်းဖြည်း ဝေးဝေးသွားပါသည်။ ပျိုးခင်း၏ပုံ ရိပ်ကလေးက သေးငယ်သွားတာ တောမြိုင်မျက်ရည်များကြားမှ မှုံ ဝါးစွာ တွေ့နေရသည်။

'ပျိုး . . ခင်း . . ကိုယ့်ဟာကိုယ် ဂရုစိုက်နော်၊ နေကောင်း အောင်နေ သိလား'

ပျိုးခင်း ကြားမှာပါ။ ခေါင်းလေး ညိတ်ပြတာ သူတွေ့လိုက် ရသည်။ ဒီလောက်ဆို သူ စိတ်ချသွားပါပြီ။

ပျိုးခင်း ဆေးကျောင်းတက်ရမှာကို သူ့လောက်ပျော်တဲ့သူ ရှိမှာ မဟုတ်တော့ပါ။

တောမြိုင်က ဆုံးဖြတ်ချက်ကို ချထားပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ပျိုးခင်းအိမ်က ဆက်မထားပေးဘူးဆိုရင် သူ ကျောင်းဆက်မတက်ဘဲ အဝေးသင် ပြောင်းပြီး အလုပ် လုပ်မည်။ ပျိုးခင်းအတွက် ကျောင်းစရိတ် ရှာပြီး ရအောင် ကျောင်းထားပေး မည်။

ပျိုးခင်း၏ဆန္ဒတစ်စုံတစ်ရာသည် သူ့ဘဝကြီးတစ်ခုလုံးဖြစ် ပါသည်။ ပျိုးခင်းအတွက် ဘာမဆိုပေးဆပ်ဖို့ အဆင်သင့်ရှိနေတာ စုံတောမြိုင်ရယ်ပါ။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ကွက်၊ လမ်း ၉၀၊ ကန်တော်ကလေး။
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)



## အခန်း(၆)

မာမီတို့ ဝယ်လိုက်တဲ့ တိုက်ခန်းလေးက လော်ဝင်လေထွက် ကောင်းပြီး ပတ်ဝန်းကျင်သန့်တယ်လို့ပြောရမှာပေါ့။ အလုံမြို့နယ်ထဲ မှာဆိုတော့ ဘယ်သွားသွားအဆင်ပြေလှသည်။ ပျိုးခင်းတို့မိသားစု အတွက် ဒီအခန်းလေးဟာ နတ်ဘုံနတ်နန်းတမျှပါပဲ။ နောက်ဖေးမှာ ဝါဝရန်တာပါတော့ လေလေးတဖြူးဖြူးနဲ့ ပျိုးခင်းအတွက် စာကြည့် ရန် သိပ်ကို အဆင်ပြေပါသည်။ ပေအစိတ်၊ ပေငါးဆယ် ဆိုတော့ အိမ်က ကျယ်ကျယ်လွင့်လွင့်ရှိသည်။ ဘုရားခန်းက သီးသန့်ဆိုတော့ ပျိုးခင်းတို့စိတ်ကြိုက်ပေါ့။ သူမက တရားထိုင်ရတာ ဝါသနာပါသည်။ တရားထိုင်နေတဲ့အချိန်တွေမှာ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းက သုံးခန်းပါပြီး မာမီတို့တစ်ခန်း၊ စစ်ကြည်က တစ်ခန်း၊ မီးဖိုခန်းနှင့်ကပ်ရက်က ပျိုးခင်းအခန်းပေါ့။ ဒီအိမ်ကိုရောက်ပြီးတဲ့အချိန်ကစပြီး ဒယ်ဒီနှင့်မာမီ စကားများတာ၊ ရန်ဖြစ်တာ သိပ်မရှိတော့ဘဲ ငြိမ်းချမ်းရေးရနေသည်။ ဒါပေမယ့် ဝါသနာကိုတော့ စွန့်နိုင်ပုံမရပါ။ လောင်းကစားကတော့ ခုံမင်နေဆဲပါပဲ။ ရှိသမျှ တစ်လုံး(အောလုံး)၊ နှစ်လုံး၊ သုံးလုံး. . အကုန်ထိုးမည်။ ဘယ်က ငွေတွေဝင်လို့ ဒီလောက်တောင် သုံးစွဲနေကြသလဲဆိုတာ ပျိုးခင်း နားမလည်ပါ။ သူမ ဉာဏ်မမီတာလည်း ဖြစ်နိုင်ပါသည်။

ချည့်ခန်းမှာ ပျိုးခင်း သန့်ရှင်းရေးလုပ်နေတုန်း မာမီတို့အခန်းထဲက စကားသံတွေ ကြားနေရသည်။

'ငွေမျှော ငွေနဲ့လိုက်တဲ့. . မင်း မကြားဖူးဘူးလား၊ ငါတော့ ရေဆုံးမြေဆုံး လိုက်မှာပဲ. . သူ ဘယ်လောက်ပုန်းနေနိုင်မလဲ. . ဒီတစ်ပတ်မထွက်ရင် နောက်တစ်ပတ်ထွက်လာမှာပေါ့ကွ'

'ရှင်က အပြောကောင်းနေ. . ဘဏ်မှာ ထည့်ပေးထားတဲ့ ငွေတွေလည်း ပြောင်ပြီ၊ ဘာနဲ့ပေးပြီး ဘယ်လို ဆော့ကြမှာလဲ. . . နောက်လဆို ပျိုးခင်းက ကျောင်းတက်ရတော့မှာ၊ သူ့အတွက် ဘာမှ မဆင်ပေးရင် ဟိုက ဘယ်လိုထင်မလဲ'

ဘာတွေလဲ. . မာမီ့စကားတွေက ထူးဆန်းလိုက်တာ။ 'ဟို' က ဆိုတာ တစ်ယောက်ယောက်ပေါ့။ အဲဒီတစ်ယောက်က ပျိုးခင်း





အတွက် ထောက်ပံ့ပေးတဲ့သူလား. . ပျိုးခင်းအတွက် မဆင်ပေးနိုင်ရင်ဆိုတော့ ဒီငွေတွေနဲ့ မာမီတို့ လောင်းကစားလုပ်နေကြတာလား. . . ပျိုးခင်းက သိချင်ဇောဖြင့် အခန်းနားကပ်ကာ သေချာနားထောင်မိသည်။

'မင်းသူငယ်ချင်း ဟိုကောင်က ဘောစိပါကွာ၊ သူ့ ဆေးခန်းတစ်ရက် ထိုင်ရင် ဘယ်လောက်ရသလဲ ဆိုတာ ငါ ကောင်းကောင်းသွားလာထားပြီးပြီ၊ ပျိုးခင်းကို အကြောင်းပြပြီး ငွေထပ်တောင်းရုံပေါ့ ဒါမျိုးတွေ မင်း ပိုင်ပါတယ် ဟန်နီရာ'

ဘုရား. . ဘုရား. . မာမီတို့ အကြံပက်စက်လှချည်လား။ ပျိုးခင်းကို ဝန်းပြပြီး ငွေတောင်းဦးမလို့တဲ့။ ဆေးခန်းထိုင်တဲ့ မာမီ့သူငယ်ချင်းဆိုတော့ ဟိုဒေါက်တာကြီးပဲ ဖြစ်ရမယ်။ ဒါကြောင့် မာမီက ပျိုးခင်းကို အကြောင်းမရှိ အကြောင်းရှာပြီး အဲဒီလူကြီးဆီ ခေါ်ခေါ်သွားတာကိုး။

ပျိုးခင်းနှင့် ဒီအန်ကယ်ကြီးက ဘယ်လိုပတ်သက်နေလို့လဲ။ သူကရော ပျိုးခင်းအတွက် ငွေတွေ ဘာလို့ ထုတ်ပေးရတာလဲ။ ပျိုးခင်း ရှုးချင်လာပြီ မာမီ။ ပျိုးခင်း နားလည်အောင် ကျေးဇူးပြုပြီးရှင်းပြပေးပါလားရှင်။

မာမီ့အကြောင်း ပျိုးခင်း ကောင်းကောင်းသိတာပေါ့။ သူပြောချင်ရှိ ဖုံးကွယ်ထားတဲ့ အရာကို ဘယ်လိုမေးမေး ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါ။ ကိုယ့်နည်းကိုယ့်ဟန်နှင့်ပဲ ဒေါက်တာခွန်ထိုက်ရဲ့ အကြောင်းကို စုံစမ်းရမှာပဲ။ ဟုတ်တယ်. . . ဒီနေ့ သက်စု လာရင် ထွက်ပြီး စုံစမ်းရမယ်။

ပျိုးခင်း တစ်ယောက်တည်း တွေးနေတုန်းမှာ အခန်းဝမှာ ဘဲလ်တီးသံကြားရသည်။ သက်စု လာပြီထင်သည်။ ပျိုးခင်းက တံခါး ဖွင့်လိုက်သောအခါ သက်စုက ဝမ်းသာအားရပြေးပြီး ဖက်ပါတော့ သည်။

'ပျိုးခင်း. . သူငယ်ချင်း၊ နင့်ကို ငါ သတိရလို့သေတော့မယ် ဟယ်၊ နင်က ငါတို့ဆီ တစ်ခေါက်တောင် လာပြန်မလည်ဘူး၊ နေနိုင် လိုက်တာ တကတဲ'

အပြစ်ပြောလည်း ခံရမှာပါပဲ။ မာမီပေးမလာလို့ဆိုတာ ပျိုး ခင်း ဘယ်လိုပြောရမှာလဲ။

'သက်စု နင်လာတာ အတော်ပဲ၊ ငါ မာမီ့ကိုသွားပြောလိုက် ဦးမယ်၊ ငါတို့ အပြင်သွားရအောင်'

ပျိုးခင်း ခွင့်တောင်းတော့ မာမီ မငြင်းဆန်ပါ။ မာမီ သဘော ကောင်းနေတုန်း ပျိုးခင်း အမြန်အဝတ်လဲပြီး ပိုက်ဆံအိတ်ကိုယူကာ သက်စုနှင့်အတူ ထွက်လာခဲ့ပါသည်။

'သက်စု. . တောမြိုင်ကောဟင်. . သူ နေကောင်းရဲ့လား'

'နေကောင်းပါတယ်. . သူနဲ့ငါတောင် သိပ်မတွေ့ဖြစ်ပါဘူး





ဟယ်. . သူက တစ်ခါတလေ နင့်အကြောင်း လာလာမေးတာပဲ ရှိ တယ်၊ သင်တန်းတက်နေတယ် ပြောတာပဲ. . သဘော်လိုက်မယ်လို့ လည်း ပြောသံကြားတယ်'

'တောမြိုင်က သဘော်လိုက်မယ်. . ဟုတ်လား၊ အရင်က သူ ဘာမှမပြောခဲ့ပါဘူး၊ ခုမှ ဘယ်လိုဖြစ်လို့'

သက်စုက တစ်ချက်ရယ်ပါသည်။

'ဒါလေးတောင် မသိဘူးလား မိန်းမရယ်၊ နင့်ကြောင့်ပေါ့၊ နင့်အတွက် သူ ကြိုးစားမလို့တဲ့လေ. . ဘာပဲပြောပြော ခုဆို နင်တို့ အခြေအနေက သူတို့ထက် မြင့်သွားပြီ မဟုတ်လား'

ပျိုးခင်းအတွက်တဲ့လား။ မာမီပြောတဲ့ အရိုင်းအစိုင်းကောင် လေးမှာ နောင်ရေးအတွက် ကြိုးစားတတ်သားပဲ။ အနာဂတ်အတွက် ပန်းတိုင်ဆိုတာ ရှိရှာသားပဲ။ တောမြိုင်ကို တွေ့ချင်လိုက်တာ။

'ဟဲ့. . အမယ်လေး. . တွေးနေလိုက်တာ၊ အသက်မှရှိသေး ရဲ့လား မယ်ပျိုးရယ်'

သက်စုနော်. . ငါ့ကို လာမစနဲ့၊ နဂိုကမှ ငါငိုချင်နေတာ'

'ပျိုးခင်း. . ငါတို့ ဘယ်သွားကြမှာလဲ'

သက်စုမေးမှ ထွက်လာတဲ့ကိစ္စကို ပျိုးခင်းသတိရတော့သည်။ သက်စုကို အကျဉ်းချုံးရှင်းပြပြီး အကူအညီတောင်းကြည့်တော့ သက် စုက

www.burmeseclassic.com

www.burmeseclassic.com



'ဒါများ ပျိုးခင်းရယ်. . နင် အပင်ပန်းခံပြီး ထွက်စုံစမ်းစရာ မလိုပါဘူး၊ ဒီဆေးခန်းမှာလုပ်တဲ့ သူနာပြုဆရာမလေးတစ်ယောက်က ငါတို့ အမျိုးတော်တယ်ဟဲ့. . ငါ သွားမေးပေးမယ် စိတ်ချ'

'တကယ်နော်. . ငါအမြန်ဆုံးသိချင်တယ် သက်စုရယ်၊ ငါ့ကို ကူညီပါဦးဟယ်'

'နင် စိတ်ချလက်ချနေ ဟုတ်ပြီလား၊ ကဲ. . တို့သူငယ်ချင်းနှစ်ယောက် မတွေ့ရတာ ကြာပြီ၊ မုန့်သွားစားရအောင်ဟာ'

'တော်မြိုင် ပါရင် သိပ်ကောင်းမှာပဲဟာ. . သက်စု နင်ပြန်ရင် သူ့အတွက် ငါ မုန့်ဝယ်ပေးလိုက်ချင်လို့ သွားပေး,ပေးပါဟာနော်'

'အကဲမ'

သက်စုက ပယ်ပယ်နယ်နယ်ပြောတော့ ပျိုးခင်းမှာ ရှက်ပြီးရယ်နေရသည်။ သူငယ်ချင်းနှစ်ယောက် မတွေ့တာကြာတော့ ပြောစရာတွေက မကုန်နိုင် မခန်းနိုင်။ အဓိကပြောဖြစ်တာက ဒေါက်တာခွန်ထိုက်အကြောင်းပါ။ သက်စုက

'ငါကြားဖူးတာတော့ သူ့မှာ မိန်းမနဲ့သမီးတစ်ယောက် ရှိတယ်ဆို. . သေချာအောင် အစ်မစုဆီ သွားမေးပေးပါ့မယ်ဟာ'

ပျိုးခင်းအတွက် ထူးဆန်းနေပါသည်။ ဒေါက်တာကြီးမှာ မိသားစုရှိတယ်ဆိုပြီး ပျိုးခင်းအတွက် ဘာဖြစ်လို့ အနှမြောမရှိထောက်ပံ့နေတာလဲ။ မာမီတောင်းတိုင်း ပေးနေတော့မှာလား။





ထိုနေ့က သက်စုနှင့် လမ်းခွဲပြီး အိမ်အပြန်မှာ ပျိုးခင်း ခြေလှမ်းတွေ လေးကန်နေတာ သေချာသည်။ အိမ်ကိုပြန်ဖို့ ဘာကြောင့်နှာအားမဲ့နေတာလဲ။ မာမီနှင့် ပျိုးခင်းကြားမှာ လျှို့ဝှက်ချက် တစ်ခုတော့ ရှိနေပါပြီ။

ပျိုးခင်းဘဝကို ပြောင်းလဲစေမယ့် အကြီးစားလျှို့ဝှက်ချက်သား၊ ပျိုးခင်းက ဘာလဲ. . အန်ကယ်ခွန်ထိုက်နဲ့ဘယ်လိုပတ်သက်နေတာလဲ. . လေဘာတီဆိုတာ ဘယ်သူလဲ. . မာမီနဲ့ ဘယ်လိုပတ်သက်နေကြတာလဲ။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ခြံထဲမှာ နီယွန်မီးတိုင်မှိန်ပျပျလေးက လေတိုက်လို့ ယိမ်းခါနေတဲ့ စံပယ်ရုံလေးကို မီးထွန်းပြနေသည်။ မိုးတိမ်တောင်တွေ အလိပ်လိုက်တက်လာပြီး သိပ်မကြာခင်မှာ မိုးရွာတော့မယ်။ ကောင်းကင်ရယ်၊ မြေကြီးရယ်၊ ပန်းလေးတွေကလွဲလို့ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေပြီ။ လူဆိုလို့ ခွန်ထိုက်ဆိုတဲ့ ကျွန်တော်ပဲရှိတော့တာပါလား။

အိပ်မတ်မက်ပြန်ပြီ။ ကျွန်တော့်အိပ်မက်တွေကို နေရာအများဆုံးယူထားနိုင်တဲ့သူဟာ 'လေဘာတီ'က လွဲလို့ ဘယ်သူ ရှိဦးမှာလဲ။ ဒီတစ်ခါမြင်ရတဲ့ လေဘာတီ့ မျက်နှာလှလှကလေးက ခက်ထန်ပြီးကြောက်ဖို့ကောင်းလိုက်တာ။ ပြီးတော့ သူက ပြောသေးတယ်။ 'နင်





ငါ့သမီးကိုပစ်ထားတယ်ပေါ့၊ ဒီတစ်သက် နင့်ကို ငါ ဘယ်တော့မှခွင့်မလွှတ်ဘူး'တဲ့လေ။

မျက်လုံးစိမ်းတွေနဲ့ အေးစက်စက် အကြည့်တွေက ကျွန်တော့်ကို ခြောက်ခြားစေတယ်။

လေဘာတီ. . . အချိန်တွေ ဘယ်လိုပြောင်းပြောင်း မင်းက ငါ့ကို စိုးမိုးနိုင်တုန်းပဲနော်။ မင်းကို ငါ တစ်နေ့မှ မမေ့ခဲ့ဘူး ဆိုတာ ဘာနဲ့သက်သေပြရမှာလဲ။ ဘယ်လို ကျိန်တွယ်ပြီးပြောရမှာလဲ။ ကံတြားမှာက ရက်စက်လွန်းလို့ ငါတို့ခွဲခဲ့ရတာ။

ဒီဘဝမှာ မင်းကို ဆုံးရှုံးခဲ့ရလို့ အရှုံးသမား ဖြစ်ခဲ့ရပေမယ့် ငါ ဘယ်တော့မှ မင်းရဲ့အမုန်းသမား ဖြစ်ချင်ခဲ့တာမဟုတ်ဘူး။ မင်းမုန်းမှာကို သေမလောက်ကြောက်တဲ့သူပါကွာ။

ဒါပေမယ့် မင်း ငါ့ကို ဘယ်လောက်ထိမုန်းသွားမယ်ဆိုတာ သမီးလေးကို သူစိမ်းတွေလက်ထဲမှာ ဝကွက်အပ်ခဲ့တာက သက်သေပဲ။ အဲဒီပြယုဂ်အတွက် နေ့နေ့ ညည ငါ့စိတ်တွေ ပူလောင်နေခဲ့ရတယ်။ တဟုန်းဟုန်းတောက်နေတဲ့ သောကမီးတွေကို ဘယ်လိုရေစင်နဲ့ ဖြန်းမှငြိမ်းစေတော့မှာလဲ။ ကိုယ့်သွေးကို သွေးမှန်းမသိတဲ့အဖြစ်လောက်ဆိုးတာ လောကကြီးမှာ ရှိနိုင်ပါဦးမလား။

သမီးလေးပျိုးခင်းက အကြောင်းစုံ သိသွားရင် ကျွန်တော့်ကို ဘယ်လောက်တောင်များ နာကြည်းသွားမလဲ။ တစ်သက်လုံး သူ



www.burmeseclassic.com

www.burmeseclassic.com



များလက်ထဲမှာ နေခဲ့ရတာ။ မိဘရဲ့ အရိပ် ဆိုတာ ဘယ်လိုအရာလဲ လို့ သမီးလေး သိနိုင်မှာမဟုတ်ဘူး၊ ဖေဖေ့ကို ခွင့်လွှတ်ပါ သမီးရယ်။

စဉ်းစားရင်း မိုးစင်စင်လင်းခဲ့ပြန်ပြီ . . .

'အို . . ယူက ဒီမှာကိုး မမ မင်းကိုလိုက်ရှာနေတာ အောက်ထပ်တောင် မကျန်တော့ဘူး၊ ကြည့်စမ်း စီးကရက်တွေ သောက်ပြန်ပြီ ခွန်ထိုက် . . မင်း ဆရာဝန်ဖြစ်ပြီး ဘာတွေ အသိခေါက်ခက် ဖြစ်နေတာလဲ၊ ကျွတ် . . တစ်ညလုံးလည်း အိပ်ပုံမရဘူး၊ မမကို ပြောစမ်းပါဦး . . မင်းမှာ ဘာတွေအခက်တွေ့နေလို့လဲ'

ကျွန်တော် မမဆီမှာရင်ဖွင့်လိုက်ရင် အနည်းဆုံး ဒီညတော့ အိပ်ဆေးမလိုဘဲ အိပ်ပျော်နိုင်မှာပါ။ ဒီကိစ္စက တစ်သက်လုံး ဖုံးထားလို့ ရတာမှမဟုတ်တာ။ ပြီးတော့ လေဘာတီဆိုတာ မမ မသိတဲ့သူမှ မဟုတ်တာ။ မမရဲ့အသိစိတ်ထဲမှာရော မသိစိတ်ထဲမှာပါ လေဘာတီဆို သေမလောက်မုန်းနေတာ သူကောင်းကောင်းသိသည်။

'မမမေးနေတာ မင်း မဖြေသေးဘူးနော် ခွန်ထိုက်'

'ကျွန်တော် မမကိုပြောစရာရှိတယ်၊အဲဒီအတွက်လည်း မမကို ကျွန်တော်တောင်းပန်ပါတယ်၊ လေဘာတီနဲ့ ကျွန်တော် မှားခဲ့ဖူးတာ မမ သိပြီးသားပါ၊ သူ . . သူက ပျောက်သွားပေမယ့် သူ့ရဲ့သမီးလေး ကျွန်တော့်သွေးက သူများဆီမှာဆင်းရဲချို့တဲ့နေတာ ကျွန်တော် ဘိခဲ့ရတယ်၊ အဲဒီအတွက် ကျွန်တော်စိတ်မကောင်းဖြစ်နေတာ'





မမမျက်နှာဟာ ကျွန်တော့်နဲ့ ကမ္ဘာခြားသွားတယ်။ အေးစက်ခြောက်ကပ်စွာ ထွက်လာသော မမအသံက ပြတ်သားလွန်းနေသည်။

'ဒီကိုတော့ ခေါ်မလာနဲ့ ခွန်ထိုက်၊ ငါ့မျက်စိရှေ့ကို ဘယ်တော့မှ ခေါ်မလာနဲ့၊ ငါ့သမီးလေး နာကျင်စေရမယ့်အရာ မှန်သမျှ ငါ့အသက်နဲ့ရင်းပြီး ကာကွယ်သွားမယ် . . မင်း သဘောပေါက်တယ်နော်'

ခွန်ထိုက်မျက်လုံးတွေက ငါသိပြီးသား ဆိုတဲ့ ပုံစံနှင့် နှုတ်ခမ်းတစ်ဖက်ကိုမဲ့ပြီး ပြုံးလိုက်တာဟာ ပွင့်ကြည်သာရဲ့ရင်ထဲကို မြားအစင်းပေါင်း များစွာ စိုက်ဝင်သွားသလို ခံစားလိုက်ရသည်။ ခွန်ထိုက် ဆိုတာ ပွင့်ကြည်သာအတွက် ဒီကမ္ဘာလောကကြီးမှာ အချစ်ရဆုံးသူ၊ အကိုးကွယ်ရဆုံးသူ၊ ဘယ်တော့မဆို အနိုင်းမဲ့တဲ့သူ တစ်ယောက်ပါ။ သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကိုတော့ ဒီတစ်သက် သူမ မရနိုင်တော့ပါ။

မင်း တော်ပါတယ် လေဘာတီ။ ခွန်ထိုက်ရဲ့နှလုံးသားတစ်စုံကို အပြီးတိုင်ဖြုတ်သိမ်းသွားနိုင်လို့ မင်း ပျော်နိုင်မှာပါ။ အခု မင်းရဲ့ သမီးကပါ ခွန်ထိုက်ကိုချည်နှောင်ထားပြန်ပြီ။ ဒီဘဝမျိုးနဲ့ ငါ လူဆက်မလုပ်ချင်တော့ဘူး။ ငါ့ဘဝမှာ ပထမဆိုတဲ့အရာတွေအားလုံးကို ပိုင်ဆိုင်ခဲ့ဖူးပါတယ်။ ခွန်ထိုက်နဲ့တွေ့မှ ငါဟာ ဒုတိယဆိုတာဖြတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသားသိလိုက်ရတယ်။ အဲဒီအတွက် မင်းကို ငါ ခွင့်လွှတ်သင့်လို့လား လေဘာတီ။ ”

အမှန်တော့ ဒေါက်တာပွင့်ကြည်သာဆိုတာ သိပ်ကို ထက်မြက်ပြီး smart ကျလွန်းသူပါ။ သူ့ကိုတွေ့မြင်လိုက်သူတိုင်း ငေးမော အားကျရလောက်အောင် သူ့ရဲ့ခန္ဓာကိုယ်မှာ အရောင်အဝါတစ်မျိုး ထွန်းလင်းနေပါသည်။ အသက်က လေးဆယ်ကျော်ဆိုပေမယ့် နုနုရွရွလေး။ မသိလျှင် သုံးဆယ်ကျော်လောက်ပဲထင်ရသည်။ သူ့ရဲ့အလှအပ၊ သူ့ရဲ့အစွမ်းအစတွေအောက်မှာ ခွန်ထိုက်ကို ပြားပြားဝပ် ဖြစ်စေချင်သူဖြစ်ပေမယ့် သူထင်သလိုဖြစ်မလာသောအခါ များစွာခံစားရသည်။

မိုးသားဖြူ ဆိုတဲ့ ခွန်ထိုက်နှင့်ပွင့်ကြည်သာတို့၏ သမီးလေးမှာ မိဘများနည်းတူ စာတော်သည်။ ဒီနှစ် ခုနစ်တန်း တက်နေပြီး တစ်ဦးတည်းသောသမီးပီပီ အဖော်ကင်းမဲ့စွာ အထီးကျန်ရှာသည်။

ဘာမဆို လိုတာရ ဖြစ်နေပေမယ့် အလိုမကျတဲ့ဖြစ်ရပ်တွေ ရှိနေတာ မိုးသားဘာသာ သိနေသည်။ သူများမိဘတွေလို နွေးထွေးမနေတဲ့ မိဘနှစ်ပါးကိုပဲ အပြစ်တင်ရမလား။ သူတို့အလုပ်တွေ(ဆေးခန်း ထိုင်ခြင်း)ကိုပဲ တစ်စိုက်မတ်မတ် လုပ်နေကြတော့မှာလား။ မိုးသားဖြူဆိုတဲ့ သမီးလေးတစ်ယောက်ကို လျစ်လျူရှုထားကြတော့မှာလား။





ခံစားချက်တွေများလာသောအခါ ပေါက်ကွဲထွက်ဖို့အဆင်သင့်ဖြစ်နေလေပြီ။ မိုးသားက သူ့စိတ်ကိုဖြေလျော့တဲ့အနေဖြင့် ကာရာအိုကေဆိုဖို့ ပြင်ပါသည်။ Breakfastစားဖို့ မိဘနှစ်ပါးကိုစောင့်နေပေမယ့် တစ်ယောက်မှ ဆင်းမလာသောအခါ ဗိုက်ဆာဆာဖြင့် စိတ်တလေးက ဆိုးချင်လာပါပြီ။ သီချင်းဆိုနေတာပဲ ကောင်းပါတယ်လေ။ သီချင်းကို ဘယ်နှပုဒ်မှန်းမသိ။ တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုရင်း အာရုံတွေ ဖျောက်ထားမိသည်။

♫ ပထမဆုံးချစ်တဲ့ ချစ်သူကို
ဘယ်လိုမှမမေ့လို့မရနိုင်သလို
ရင်မခုန်ဘူးလား. . ရင်မှာ ဟောင်းနွမ်းလို့မသွား
ပထမဆုံးအနမ်းလေးပေးအိမ်ကို. .
ချိုရီမှူး အိပ်မက်များစွာကို ♫

'ပိတ်လိုက်စမ်း မိုးသား. . စောစောစီးစီး ကျက်သရေ မရှိတာတွေ ရွတ်မနေနဲ့.'

ဒေါသတကြီးနဲ့ မိုးသားလက်ထဲမှမိုက်ကို လှမ်းယူလိုက်သော မာမီကို မိုးသားက မမြင်ဖူးတဲ့သူစိမ်းတစ်ယောက်လို ကြောင်ပြီးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး သီချင်းဆိုနေတာလေ၊ ဘာမှ အမှားမလုပ်ဘဲ မာ...
က ဆူနေတယ်'

ငိုမဲ့မဲ့ မိုးသားမျက်နှာလေးကို မြင်မှ မာမီ စိတ်လျှော့လို...
ပုံရသည်။ မိုးသား၏ခေါင်းလေးကို အုပ်မိုးကာကိုင်ရင်း အသံတိ...
ရှိုက်နေသောမာမီ့ကို တအံ့တသြကြည့်မိသည်။ မာမီငိုတာ မိုးသား...
မတွေ့ဖူးတာ။ အမေကို ခင်တွယ်လွန်းသော သမီးပီပီ

'မာမီ. . သမီးကို စိတ်ဆိုးလို့လားဟင်၊ သမီး မာမီ့ကို ပြ...
ပြောတာ မဟုတ်ဘူးနော်၊ မာမီ မငိုပါနဲ့. . မာမီငိုရင် သမီးမနေတ...
ဘူးလေ'

'သမီးကြောင့် မဟုတ်ပါဘူး သမီးရယ်. . . ဟိုမိစ္ဆာမသ...
ကြောင့် မာမီ ငိုနေရတာ'

မိစ္ဆာမ ဆိုတာကိုတော့ မိုးသား ကောင်းကောင်းသိပါသည်...
ဒယ်ဒီ့အချစ်ဦး လေဘာတီ ဆိုတဲ့မိန်းမကို မာမီက Nicknameပေ...
ထားခြင်း ဖြစ်သည်။

'သူ့သမီးက ဒယ်ဒီနဲ့ဘယ်လိုပတ်သက်နေလို့လဲ'

'သူ့သမီးက ဒယ်ဒီ့သမီးဖြစ်နေလို့ပေါ့'

'ရှင်'

မိုးသားမျက်လုံးတွေ ချာချာလည်ကုန်သည်။

'သမီးလေး ဝမ်းနည်းဖို့မလိုဘူးနော်၊ မာမီတစ်ယောက်...





ရှိတယ်၊ မာမီ့အချစ်တွေက မိဘနှစ်ယောက်ပေါင်းထားတဲ့အချစ်ထက်
ပိုတယ် သမီး၊ သမီးက ငယ်သေးပေမယ့် ယောကျ်ားတွေအကြောင်း
မာမီတစ်ခုပြောပြမယ်၊ သူတို့တွေကို ဘယ်တော့မှ ကိုယ့်ထက်ပိုမချစ်
မိစေနဲ့. . ကိုယ့်ဟာကိုယ် အများကြီးပိုချစ်ပစ်လိုက် သမီး၊ တကယ်
တော့ မိန်းမတွေဆိုတာ သူတို့အတွက်တော့ အပျော်ဖတ်တဲ့ဝတ္ထုတစ်
အုပ်ထက်ပိုပြီး ဘာမှမထူးခြားဘူး'

ရာဇဝင်ရိုင်းလိုက်တာ ခွန်ထိုက်ရယ်။ နင့်ရင်ထဲက အချစ်
ကိုရဖို့အတွက် ငါ သည်းခံပြီး စောင့်လာတာ သမီးလေးတစ်သက်ရှိ
နေပြီ။ငါ့အဖြစ်က ဘာနဲ့တူနေပြီလဲ။ ဓားသွားထက်က ပျားရည်လေး
တစ်စက်ကို မက်မောနေမိတဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီ။ ငါနောက်
ထပ် မရှုံးချင်တော့ဘူး ခွန်ထိုက်၊ ငါ့မှာ ဘာခွန်အားမှမကျန်တော့
ပါဘူး။

တစ်ခုတော့ တောင်းဆိုချင်ပါတယ်။ ဘာအကြောင်းပြချက်
နဲ့မှ မင်း. . မမဘဝထဲက ထွက်မသွားပါနဲ့ကွယ်။ အဲဒီတစ်ခုတော့
တောင်းပန်ပါတယ်။ ရှိကြီးခိုးပါရဲ့ ခွန်ထိုက်ရယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်တုန်းက ဖြူဖြူစင်စင်နဲ့ ကောင်မလေးတစ်ယောက်ကို ကျွန်တော် ယုံကြည်စွာချစ်ခဲ့ဖူးတယ်။ ကျွန်တော်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေခဲ့ဖူးတယ်။ ပြီးတော့ နာနာကျင်ကျင်ပဲ ခွဲခဲ့ရပါတယ်။

ငယ်ငယ်ကဆို ကျွန်တော်က နည်းနည်း ဆိုးပါတယ်။ သူ့ အပေါ် ဗိုလ်ကျအနိုင်ကျင့်ခဲ့ဖူးတယ်။ လိုချင်တာ မရမချင်း တစ်ေ ကုန် ဂျစ်တိုက်တတ်တာလည်း ကျွန်တော်ပဲ။ ဒီနေ့ ဒီအချိန်မှာတော့ ကျွန်တော့်ရင်ဘတ်ထဲမှာ ဟာလာဟင်းလင်းဖြစ်ပြီး ဗလာကြီးဖြစ်နေ ပြီ။





မမ အပြစ်ပြောချင် ပြောပါစေတော့။ လေဘာတီကို ဒီနေ့ အထိ ကျွန်တော် မေ့လို့ မရသေးဘူး။ သူ့ကို ချစ်တဲ့ နှလုံးသားက လည်း ရင်ဘတ်ထဲမှာ အသက်ရှင်နေတုန်းပဲ။ သမီးလေးကို ခိုးခိုးပြီး သွားကြည့်မိတိုင်း ရင်ထဲမှာ ဘယ်လောက်ပဲလေးနက်နေပါစေ၊ လက် ဖျားတွေကတော့ အေးစက်နေတုန်းပဲ။

မူကြိုကျောင်းမှာ အတူတူဝလုံးဝိုင်းပြီး မူလတန်းတက်တော့ ကျွန်တော့်လွယ်အိတ်ကို လွယ်ပေးခဲ့တဲ့ ကောင်မလေး၊ ဗျစ်တောက် ဗျစ်တောက် ကျွန်တော်လုပ်ရင် မျက်ရည်တွေ စို့တက်လာတတ်တဲ့ သူငယ်ချင်းလေး။ 'လေဘာတီ. . . လေဘာတီ' နင့်ကို ငါ ခေါ်နေ တယ်လေ။ အခုရော နေကောင်းရဲ့လား။ အစစ အဆင်ပြေရဲ့လား။ ညတိုင်းပဲ မင်းအတွက် စိုးရိမ်ပြီး ငါဆုတောင်းပေးနေပါတယ်။ စက္ကူ ပန်းလေးတစ်ပွင့်လို နင် ကြွေမသွားပါနဲ့ဦးနော်။ ငါနဲ့ သမီးလေးဆီ ပြန်လာခဲ့ပါဦး လေဘာတီ. . .။

အတိတ်ကို မထားခဲ့နိုင်တဲ့ ကျွန်တော်ဟာ အတိတ်ထဲမှာပဲ တစ်ချိန်လုံး တဝဲလည်လည် ဖြစ်နေတုန်းပဲ။ အဲဒီတုန်းက ကျွန်တော် ရယ်၊ လေဘာတီရယ်၊ ဟန်နီကြည်ရယ်၊ သူငယ်ချင်းသုံးယောက်ရှိ တာပေါ့။

ကျွန်တော့်အမေက စော်ဘွားမျိုးရိုးဆိုတော့ နည်းနည်းဂုဏ် တက်ပါတယ်။ကွယ်ရာမှာ လူတွေပြောကြတာတော့ အမေ့ကိုမိကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်တဲ့။ ပိုက်ဆံရှိမှ လူလို့ထင်တာလေ။ ပိုက်ဆံရှိတဲ့လူကိုပဲ အထင်ကြီးတဲ့ အမေပေါ့။ အမေနဲ့တွေ့တဲ့ နောက်တစ်ယောက်က ဟန်နီကြည် ဆိုတဲ့ သူငယ်ချင်း။ သူက ကျွန်တော့်ကို ငွေရှိလို့၊ ဂုဏ်ရှိလို့ ပေါင်းတာတဲ့။ ငွေမရှိ ဂုဏ်မရှိဘဲ ဖြူစင်တဲ့ သူငယ်ချင်းလေးက လေဘာတီပါ။ သူ့ကိုကျတော့ ဟန်နီက ခိုင်းကောင်းလို့၊ နိုင်စားရလို့ပေါင်းတာ ကျွန်တော် သိပါတယ်။ ဟန်နီအနိုင်ကျင့်သမျှ ခေါင်းငုံ့ခံတတ်လွန်းလို့ ကျွန်တော် ဒေါသထွက်ရတာ ခဏခဏပဲ။

'လေဘာတီ အေးတိအေးစက်နဲ့ ပျော့စိစိလုပ်မနေနဲ့တော့ကွာ၊ ဟန်နီ နင့်ကို ငါ့ရှေ့မှာ နိုင်စားတာတွေ များနေပြီ၊ အရှုံးပေးဖို့ နောက်ထပ် မစဉ်းစားနဲ့တော့ ငါ သည်းမခံနိုင်တော့ဘူး'

ကျွန်တော့်ဒေါသတွေကိုလည်း လေဘာတီက ကျေကျေနပ်နပ်ကြီးခံယူတာပဲ။

'သူငယ်ချင်းဆိုတာ. . အပေးအယူ မရှိရဘူး။ အနိုင်အရှုံး မရှိရဘူး ခွန်ထိုက်ရဲ့ အဲဒီလိုတွေးနေရင် နင်ပဲ ပင်ပန်းမှာပေါ့'

'ဘာ သူငယ်ချင်းလဲ. . တစ်ချိန်လုံး အနိုင်ကျင့်နေတာ'

ဟုတ်တယ်လေ၊ သာမန်အသေးအမွှားကိစ္စတွေဆို မပြောပါဘူး။ ခုဟာက ဟန်နီက သူ့ရဲ့ ဘယ်နှယောက်မြောက်မှန်း မသိတဲ့ ရည်းစားနဲ့ ချိန်းတွေ့ဖို့ စာပေးဖို့ လေဘာတီကိုအသုံးချနေတာ။ ဟိုငအေ,မကလည်း ခိုင်းသမျှ အကုန်လုပ်ပေးတာပဲ။ ကျွန်တော် မကျေ





နပ်တာလည်း သူ သိတယ်။ ကွယ်ရာမှာ ကျွန်တော့်ကို အဲဒီကောင်းသောအရေးမပါဘူးလို့ ပြောမှာ ကျွန်တော် သိပြီးသား။

ဟန်နီ့ကို မကျေနပ်တိုင်း ကျွန်တော့်ဒေါသတွေက လေဘာတီအပေါ် သာ ပုံတော့ရတာပေါ့။

ဝဋ်ဇစည်တာလားတော့ မသိဘူး။ အမေ့ရဲ့ ဒေါသတွေက ကျွန်တော့်အပေါ်မှာ နှစ်ဆယ့်လေးနာရီ ပုံနေပါသည်။ လေဘာတီနဲ့ အပေါင်းအသင်း မလုပ်ရဘူးတဲ့။ အဖေမရှိတဲ့ လေဘာတီမှာ ငွေကလည်း မရှိရှာပြန်။ အမေက လမ်းဘေးဈေးသည်။ ကဲ. . ဘယ်မှာလဲ ဘတ်ဒြပ်။ အမေ့မျက်လုံးထဲမှာ လုံးဝကို ကန့်လန့်ဖြစ်နေတာ။

လူ့စရိုက်ဆိုတာ တစ်ယောက် တစ်မျိုးစီတော့ ရှိနေမှာပဲ။ သူ့ပုံစံ သူ့အကြိုက်နဲ့ မတွေ့လို့ လေဘာတီနဲ့ မတွဲရတော့ဘူးလား။ ငယ်ပေါင်းသူငယ်ချင်းဆိုတာ လွယ်လွယ်နဲ့ဖြတ်လို့ ရရိုးလား။

ကျွန်တော့်ရဲ့ စိတ်ကိုက လေဘာတီ မရှိရင် ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိဘူး။ ဣန္ဒြေရှင်လေးသူမက ကျွန်တော့်အတွက်တော့ ကောင်းကင်ထက်က ဆင်းသက်လာသူပါ။ အဲသလောက်ထိ သူ့ကို ကျွန်တော် ကိုးကွယ်တာ ရူးသွပ်တာ။ ကံကို ယုံကြည်ခဲ့ပေမယ့် ကံကြမ္မာက ရက်စက်ခဲ့တယ်။

မွေးနေ့ရောက်တိုင်း ကျိတ်ကျိတ်ပြီး ငိုတတ်တဲ့ ကျွန်တော့်နဲ့ လေဘာတီ့ကလေးပါ။ ဘာကို ဝမ်းနည်းနေမှန်း ကျွန်တော် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ ဆိုတာပါ။ သူ့မွေးနေ့မှာ သူ့အဖေဆုံးသွားခဲ့တာဆိုတော့ သူအားငယ်မှာပေါ့။ မွေးနေ့ဆိုတာ မိဘနှစ်ပါးစလုံးရှိမှပိုပြီး အဓိပ္ပာယ် ရှိမှာပေါ့။ ကျွန်တော်က လေဘာတီမွေးနေ့ရောက်တိုင်း တစ်နေကုန် နီးနီး သူ့အနားမှာ အဖော်လုပ်ပေးခဲ့တယ်။ သူသိပ်ကြိုက်တဲ့ 'လီလီ ပန်းတွေကို ရအောင် ရှာဝယ်ပြီး လက်ဆောင်ပေးခဲ့တာ နှစ်တိုင်း ပဲ။ တစ်ခုကံကောင်းတာက လီလီပန်းတွေက လေဘာတီနဲ့အတူ မွေး လာတယ်ထင်ပါရဲ့. . အဲဒီပန်း ပေါ်တဲ့ရာသီဟာ သူ့မွေးနေ့နဲ့ တိုက် ဆိုင်လွန်းလို့ပါ။

ကျွန်တော်နဲ့လေဘာတီက နှစ်ယောက်စလုံး စာတော်တယ် ဗျ။ နှစ်တိုင်း တစ်ယောက်တစ်လှည့် ဗိုလ်စွဲနေကျ။ ပထမနဲ့ ဒုတိယ နေရာကို ကျွန်တော်တို့နှစ်ယောက် အပြိုင်နေရာဦးထားကြတာ။ ဟန်နီမကတော့ နောက်ဆုံးက ရေရင် ပထမချည်းပဲ ရတာ။

ဒီနှစ် ဆယ်တန်းဆိုတော့ ကျွန်တော် ပိုကြိုးစားတယ်။ ကျွန် တော့်ဆန္ဒက ဆေးကျောင်းကို လေဘာတီနဲ့အတူသွားချင်တာပါ။ လေ ဘာတီကတော့ အေးတိအေးစက်။ ရှိတဲ့ နေရာမှာရော အေးတဲ့ နေ ရာမှာပါ သူ့မူပိုင် လေလံဆွဲထားသလို နေနိုင်လွန်းသည်။ သူ့ရင်ထဲ မှာ ဘာဖြစ်နေတယ်ဆိုတာ ထဲထဲဝင်ဝင် ကြည့်နိုင်လွန်းမှ သိနိုင်တာ ခံစားချက်တွေကိုဖုံးကွယ်ပြီး ရင်ထဲမှာပဲ သိမ်းထားတတ်တဲ့ လေဘာ တီပါ။ သူပြောတာက





'ခွန်ထိုက်ရယ် ငါလိုဆင်းရဲသားနဲ့ဆေးကျောင်းဆိုတာ re-lationship ဘယ်လိုချမလဲ၊ စိတ်ကူးယဉ်နဲ့လက်တွေ့ဘဝ ဆိုတာ ပေါင်းစပ်လို့မှမရတာ'

'ငါ့ဆုံးဖြတ်ချက်ကို နင်သိပြီးသားပါ လေဘာတီ၊ နင် မပါ ဘဲနဲ့တော့ ဆေးလိုင်းဝင်ပါစေဦး ငါဘယ်တော့မှမသွားဘူး မှတ်ထား'

ကျွန်တော့်အကြောင်းကို လေဘာတီ ကောင်းကောင်းသိ သည်။ ပြောရင် ပြောသလိုလုပ်တတ်တာ။ အရွဲ့တိုက်တာ၊ ဂျစ်တိုက် တာ။ အားလုံးဟာ ကျွန်တော့်ရဲ့သဘောတွေမို့ လေဘာတီက ထပ် ပြီး မငြင်းရဲတော့ပါ။ ကျွန်တော် ဆရာဝန် မဖြစ်မှာ သူ သိပ်ကြောက် ပါသည်။

'ငါကြိုးစားပါ့မယ် ခွန်ထိုက်ရယ်၊ ကံကြမ္မာကိုတော့ ငါ မယုံ ရဲဘူး'

'အဲဒီ ကံကြမ္မာကြီးကို နင့်ခေါင်းထဲက ထုတ်လိုက်ဟာ၊ နင် စဉ်းစားရမှာက ငါနဲ့ ဆေးကျောင်းကို အတူလိုက်ခဲ့ဖို့ပဲ'

ခွန်ထိုက်က သူဖြစ်ချင်တာကို ယုံကြည်ချက်ပြင်းပြစွာ ဖွင့် ပြောလေသည်။ ခွန်ထိုက်ရဲ့ စကားတစ်ခွန်းဟာ လေဘာတီအတွက် တော့ အမိန့်တစ်ခုလိုပါပဲ။ ဆပ်ကပ်ထဲက တိရစ္ဆာန်လေးတွေလို ခိုင်း လိုက်တိုင်း လိုက်လုပ်နေတတ်တာ လေဘာတီရဲ့ အမှတ်အသားတစ် ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီး အမေ ဆိုင်ထွက်ဖို့ အစစပြင်ဆင်ပေးပြီး အိမ်ရှေ့က ပိတောက်ပင်ကြီးအောက်မှာ လေဘာတီ စာထိုင်ကျက်နေမိသည်။

'သမီးလေး . . အမေပြန်လာရင် ငါးဆန်လှော်ဟင်းချိုလေး ချက်မလို့ ဝယ်လာခဲ့မယ်၊ သမီးသူငယ်ချင်းလေး ခွန်ထိုက်က သိပ်ကြိုက်တာ သမီး သွားပို့ပေးဦးနော်'

သမီး သွားမပို့ရဲဘူးလို့ မငြင်းရက်ပါ။ အမေ့ရဲ့စေတနာတွေ အရာမထင်ဖြစ်သွားမှာ သူ စိုးရိမ်သည်။

'သမီး သွားပို့ပါ့မယ် မေမေ'

'သမီး စာကြိုးစားနော် . . အမေတို့ ပညာပါရမီ နည်းခဲ့လို့ အခုလို နေပူကြီးထဲမှာ ရုန်းကန်နေရတာ၊ ငါ့သမီးကို ဘွဲ့ရအောင် လုပ်ပေးမယ်၊ အမေမသေသေးသရွေ့ သမီး ဘာမှအားငယ်ဖို့မလိုဘူး'

'သမီးအတွက်နဲ့ အမေ့မှာ ပင်ပန်းလှပြီနော်'

'သမီး အမေ့ကို နားစေချင်ရင် ဆရာဝန်မကြီး ဖြစ်အောင် လုပ်လေ၊ အဲဒါဆို ငါ့သမီးသွားလေရာ ငါ ဆေးအိတ် ကိုင်ပြီး လိုက်လို့ရပြီ . . ဟင်း . . . ဟင်း . . ဒေါက်တာမကြီးအမေပေါ့ကွယ်'

အမေပျော်ရင် လေဘာတီ ပျော်သည်။ အမေက အားအင်အပြည့်ဖြင့် သူ့အပေါ်မှာ မျှော်လင့်ချက်ထားနေပုံ ရသည်။ အမေ နေပူထဲမှာ ရုန်းကန်နေတာတွေဟာ တစ်နေ့နေ့ကျရင် အရိုပ်တစ်ခု





ရဲ့အောက်မှာ ထိုင်နေဖို့ မဟုတ်လား။ ထိုအရိပ်ဟာ လေဘာတီရဲ့ အရိပ်ပဲ ဖြစ်ရမှာပေါ့။ ဒါကြောင့် သူကြိုးစားရမယ်ဆိုတာ အလိုလို နားလည်နေပါသည်။

ခွန်ထိုက်တို့အိမ်ကြီးက ဘယ်အချိန်ပဲ ကြည့်ကြည့် ခမ်းနားထည်ဝါလွန်းသည်။

သူတို့ရပ်ကွက်ထဲမှာ ခွန်ထိုက်တို့အိမ်က အလှဆုံး၊ ခေတ်အမီဆုံးတဲ့ . . သူများတွေ ပြောကြတာပဲ။

ခြံရှေ့ ရောက်တယ်ဆိုရင်ပဲ သူ့မ ခြေထောက်တွေက အလိုလိုတန့်သွားကြသည်။

ခြံစောင့်ဦးလေးကြီးက ပန်းပင်တွေ ရေလောင်းနေသည်။

'အဘ . . အဘရေ'

လေဘာတီ လှမ်းခေါ်ရတော့ ခြံစောင့်ကြီး ထွက်လာပြီး

'ဟော . . ဘာလဲ ကလေး'

'ခွန်ထိုက်ရှိလား အဘ'

'သမီးက ဘယ်သူလဲ'

လေဘာတီ တစ်ချက်ကြောင်သွားသည်။ ရှိရင် ရှိတယ်၊ မရှိရင်မရှိဘူး ဖြေရမှာ မဟုတ်လား။

'လေဘာတီပါ အဘ'

'မရှိဘူးကွဲ့'



www.burmeseclassic.com

www.burmeseclassic.com



လေဘာတီ ဆိုတာနှင့် မရှိဘူးက ချက်ချင်းထွက်လာသည်။ ခွန်ထိုက်အမေက မှာထားပုံရပါသည်။

'ဒါဆို ဒီဟင်းချိုင့်လေး ပေး,ပေးပါ အဘာရယ်'

'အေး. . ပေး. , ပေး'

သူမ ထိုခြံရှေ့တွင် တစ်စက္ကန့်မှမနေလိုတော့ပါ။ ချိုင့်လည်း မြန်တောင်းမနေတော့။ အချိန် မဆိုင်းဘဲ ချက်ချင်း လှည့်ပြန်လာခဲ့သည်။ လေဘာတီဟာ ဆင်းရဲ ချို့တဲ့ပေမယ့် ကိုယ့်ရဲ့ ဂုဏ်သိက္ခာအတွက် မာနလေးတော့ ရှိရဦးမှာပေါ့။ ခြေလှမ်းတွေ ရှေ့ဆက်နေပေမယ့် အနောက်မှတာပ်ပါလာသောအသံက လူတစ်ကိုယ်လုံးကိုကိုင်ရိုက်လိုက်သလို မတ်တပ်မှလဲပြိုဆင်းသွားသည်အထိ အစွမ်းထက်လှသည်။

'ဘယ်သူလဲအပေးတာလဲ ဖိုးမြ'

'လေဘာတီ'

'လွှင့်ပစ်လိုက်'

'ဗျာ'

'မင်း နားတွေကောင်းတယ် မဟုတ်လား သွန်ပစ်လိုက်လို့ ငါပြောနေတာ'

'နှမြောစရာကြီး အစ်မရယ်'

'ဘာမှ နှမြောစရာမရှိဘူး၊ တော်ကြာ ဆေးတွေဘာတွေခပ်





လာမှ နင့်တူခွန်ထိုက် တမ်းတမ်းစွဲ ဖြစ်သွားမှာ၊ ခုတောင်မှ ဖြစ်ချင်ချင်ရယ်'

စေတနာကို စော်ကားလှချည်လား ခွန်ထိုက်အမေရယ်. . ။ ကျွန်မ ခွန်ထိုက်ကို ဘာမျှော်လင့်ချက်မှ မထားခဲ့သလို. . . ဘယ်လို အရောင်မျိုးကိုမှ မဆိုးခဲ့ဖူးပါဘူးရှင်။ လေဘာတီ ဆိုတဲ့ ကျွန်မဟာ အရောင်မရှိသလို ရနံ့လည်းကင်းမဲ့တဲ့ ပန်းလေးတစ်ပွင့်ပါ။ ခရေပန်းလေးတွေဆို ကြွေကျလို့ မြေခ,သွားလည်း ရနံ့လေးက ဆွဲဆောင်မှုရှိတော့ လူတွေမက်မောကြပါသေးတယ်။ ကျွန်မကျတော့. . .

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ဒီနေ့ဆို လေဘာတီကို မတွေ့ရတာ တစ်ပတ်တိတိ ရှိပြီ။ အိမ်သွားတော့လည်း အတွေ့မခံ၊ ကျောင်းတွေကလည်း သိတင်းကျွတ်လို့ ပိတ်ထားတာဆိုတော့ ခွန်ထိုက်မှာ အရူးမီးဝိုင်းသလိုဖြစ်နေသည်။ ကြံရာမရတော့ သူကြည့်မရတဲ့ ဟန်နီကြည်ဆိုတဲ့သူငယ်ချင်းဆီ ပြေးပြီး အပူကပ်ရပြီပေါ့။ အရေးထဲမှာ ဟန်နီ ဆိုတဲ့မိန်းမက မူနေသေးသည်။

'နင်သိတဲ့အတိုင်းပဲ ခွန်ထိုက်၊ လေဘာတီက မြဲစိစိနဲ့ သူ့စိတ်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ ဖွင့်မှမပြောတာ၊ ငါသွားလဲ နင်သိချင်တာ သိရမှာ မဟုတ်ဘူး'





'မဟုတ်ဘူးလေဟာ နင်တို့က မိန်းကလေးချင်းဆိုတော့ သူ ရင်ဖွင့်ချင်လည်း ဖွင့်မှာပေါ့'

'ငါတော့ မထင်ဘူး၊ လေဘာတီ ဘယ်လောက် ခေါင်းမာတယ်ဆိုတာ ငါအသိဆုံးပဲ'

'ဒါဆို ငါဘာလုပ်ရမလဲ ဟန်နီ၊ သူစိတ်ဆိုးတာ ငါ မခံစားနိုင်ဘူးဟ'

ဟန်နီက မဲ့ရွဲ့ပြီး ပျစ်ပျစ်နှစ်နှစ်ပြောချလိုက်ပုံက

'လဲသေလိုက်ပေါ့ဟယ် ငါလေဘာတီမဟုတ်ဘူးနော်၊ ငါ့ကို လာပြီး ကြွေပြမနေနဲ့ အဖြစ်လည်းရှိတာမဟုတ်ဘဲနဲ့ အလကား အောကောင်'

တကယ်လည်း ဟန်နီ ခွန်ထိုက်ကို အသည်းယားပါသည်။ ဟန်နီ့ type က လှ[illegible]လစ်သည်၊ ပွင့်လင်းသည်၊ ခေတ်ဆန်သည်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆောင်ပုဒ်ကို လက်ကိုင်ထားသူဟန်နီမှာ တစ်ထောင်မပြည့်ပေမယ့် တစ်ဒါဇင်တော့ ကမည် မထင်ပါ။ အီစီကလီတွေရော မအီတအီတွေရော ရှုပ်ယှက်ခတ်နေတဲ့ ဟန်နီမဟာ ခွန်ထိုက်လို မျိုးကောင်းရိုးကောင်း သဘောဖြူအူစင်းလေးကိုတော့ လင်ယောက်ျားနေရာမှာ ထားချင်မိတာ အမှန်ပါ။ ဒါပေမယ့် ဒီကောင်က လေဘာတီမှလေဘာတီဖြစ်နေလို့ နည်း[illegible]ည်းပါးပါး lesson ပေးထားရုံပါ။ သူ့အမေကို လေဘာတီက ခွန်ထိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်,လိုက် ကပ်နေတာပါလို့ မဟုတ်တာကို ဟုတ်တာလုပ်ပြီး ပြောထားသူက ဟန်နီကြည်ပါ။

'လုပ်ပါ ဟန်နီရာ. . နင် သူ့ဆီသွားပြီး တောင်းပန်ပေးစမ်းပါဟာ. . ငါ့ကို အတွေ့ခံပါလို့၊ ဒီစိတ်နဲ့ ငါစားလို့လည်းမရဘူး အိပ်လို့လည်း မရဘူး၊ လေဘာတီကိုပြောပေးပါ ဒီနှစ် ငါဆယ်တန်းမဖြေတော့ဘူးလို့'

ဘာလို့ပြောပေးရမှာလဲ. . ဒါ သက်သက် ဒီကောင်အကျပ်ကိုင်တာ။ ဒီစကားသာကြားလို့ကတော့ လေဘာတီဆိုတဲ့မိန်းမ ချက်ချင်းကိုကြွေသွားမှာ။ လေဘာတီ နင် ငါ့ကိုကျော်တက်ဖို့တော့ စိတ်မကူးနဲ့။ ခွန်ထိုက်ကို ငါနံပါတ်ချိတ်ထားပြီးသား။

'ကောင်းပြီလေ ငါ သွားပေးမယ်'

'နင့်ကျေးဇူး မမေ့ပါဘူးဟာ'

ကျေးဇူးတွေတင်မနေနဲ့ ခွန်ထိုက် ငါဘာသွားပြောမလဲဆိုတာသိရင် နင် ဒီနေရာတင် လဲသေသွားမှာသေချာတယ်။

အမှန်တကယ်လည်း ဟန်နီက လေဘာတီဆီသွားပါသည်။ သွားပြီး အတို့အထောင်လုပ်ပေးခြင်းဖြစ်သည်။ လေဘာတီ ခွန်ထိုက်အမေကို အသေအကြေမုန်းဖို့အတွက် သူမမှာ တာဝန်ရှိသည်။ ဒီတစ်သက် လေဘာတီနှင့်ခွန်ထိုက်အမေ တစ်ဦးကိုတစ်ဦးမုန်းတီးနေသမျှ ခွန်ထိုက်နှင့်လေဘာတီတို့ နီးစပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။





'အန်တီ လေဘာတီ နေကောင်းရဲ့လား၊ မတွေ့တာကြာလို့ သမီးသူငယ်ချင်းကို လာကြည့်တာ'

အပ်ချုပ်စက်မှာ ထိုင်ပြီး ထဘီ ချုပ်နေသော လေဘာတီ၏အမေက

'ဟန်နီပါလား. . သမီးသူငယ်ချင်း အခန်းထဲမှာ စာကျက်နေတယ်ထင်တယ် ဝင်သွားလေ'

'ဟုတ်ကဲ့ အန်တီ၊ ပြော်. ဒါနဲ့. . . ခွန်ထိုက်ရော လာသေးလား အန်တီ'

'အန်တီနဲ့တော့ မတွေ့ဖြစ်ပါဘူး၊ လာရင်လည်း လာမှာပါ။ ဒီတလော်လေးက သူကြိုက်တဲ့ဆန်လှော်ဟင်းချိုလေး သမီး သွားပို့ပေးသေးတယ်'

ဟန်နီ ဓာတ်ပေါက်သွားပြီ ဖြစ်သည်။ လေဘာတီအတွေ့ ခံသ ခွန်ထိုက်အမေနှင့်ပြဿနာဖြစ်လာဖို့ ရာခိုင်နှုန်း များသည်။ အဆင်းမှာ ဘီးတပ်ပေးဖို့ ပိုလွယ်ကူသွားပြီပေါ့။

'လေဘာတီ. . ငါဝင်ခဲ့မယ်နော်'

'ဟန်နီလား. . ဝင်ခဲ့လေ'

လေဘာတီက ခွန်ထိုက် ပေးထားသော လီလီပန်းခြောက်လေးကို ခေါင်းအုံးအောက်သို့ထိုးထည့်ရင်း လှမ်းပြောလိုက်သည်။

'မိန်းမ. . နင်က အခန်းအောင်းပြီး ဂျပိုးမ လုပ်နေတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ပဲ စာမေးပွဲ ဒီလောက်နီးနေပြီဥစ္စာ နင်လဲ စာလေး ဘာလေး ကျက်ဦးလေ'

'နင့်ကိုပြောစရာရှိလို့လာတာ နင့်အစား ငါမခံချင်လွန်းလို့ ပါဟာ'

'ဘာကိုလဲ'

'ခွန်ထိုက်အမေပေါ့။ အလကားမိန်းမကြီး . . ဟိုးပဝေသဏီက စော်ဘွားမျိုးလေးဖြစ်ဖူးတာနဲ့ပဲ ဂုဏ်တွေ မောက်ပြီး မာန်တွေ တက်နေတာ၊ ဆင်းရဲတာ အပြစ်လားဟယ် . . နင် ဘယ်လောက်မှ သားတယ်၊ စိတ်ထားဖြူစင်တယ်ဆိုတာ ငါအသိဆုံး သူ့သားနဲ့ကင်း ကင်းနေဖို့ ပြောပေးပါတဲ့'

'ဘာ'

လေဘာတီ့မျက်နှာ ချောချောလေးမှာ ချက်ချင်းပင် ရဲတက် လာပြီး မျက်ရည်တွေပင် လည်လာသည်။

'ငါ့သူငယ်ချင်းကို ဒီလိုစကားမျိုး ပြောရက်ပါ့မလားဟယ် ဒါပေမယ့် သူတို့စိတ်ဓာတ်ကို နင်သိထားရအောင် ငါလာပြောတာ ငါ့အမြင်မှာတော့ သူ့သားက ကဲကဲဆတ်ဖြစ်နေတာပါ။ ခေါက်လိုက် စမ်းပါ လေဘာတီရဲ့ သူ့ထက်သာတာ ငါရှာပေးပါ့မယ်'

'ငါတို့ဆင်းရဲတာ မှန်ပါတယ်ဟန်နီ၊ အဲဒီအတွက် ငါတစ်ခါ မှ ဝမ်းမနည်းခဲ့သလို သိမ်ငယ်စရာလို့လဲ မထင်ခဲ့ဘူး၊ ဘာဖြစ်လို့





ဆို ငါ့အမေ မုဆိုးမက သူ့ခွန်အားရှိသလောက် ရိုးရိုးသားသား ရှာ ဖွေနေလို့ ငါဂုဏ်ယူတယ်၊ အေး . . ငါတို့ ဆင်းရဲလို့ အဖက်မတန် ဘူး ထင်ရင်လည်း မပတ်သက်နဲ့ပေါ့ဟာ၊ ငါ့သဘောထားက ဖြတ် သားပြီးသား နင် ခွန်ထိုက်ကိုတွေ့ရင် သေချာပြောပြလိုက်ဦး၊ ငါတို့ အိမ်ကို လာစရာမလိုသလို ငါနဲ့လည်း တွေ့ဖို့မကြိုးစားပါနဲ့လို့'

လေဘာတီသည် ဟန်နီ ထင်တာထက် ပို၍ ဖြတ်သားပါ သည်။ ဖြူလွလွမျက်နှာလေးဟာ ဆုံးဖြတ်ချက် ချပြီးလျှင် ပြင်မည့် အစားထဲက မဟုတ်။

*



www.burmeseclassic.com

www.burmeseclassic.com



ခွန်ထိုက်. . ခွန်ထိုက်. . နင်တော့ အကုသိုလ်တွေ အတိုး လိုက် အတစ်လိုက်ဝင်ပြီပေါ့ဟာ. . ဒါ ငါ့အပြစ်မဟုတ်ပါဘူးနော် နင့်ရဲ့လေဘာတီက အယုံသိပ်လွယ်တာကိုး။ ဘာမှတောင် ပညာတွေ ထုတ်မသုံးလိုက်ရဘူး၊ ပွဲက သိမ်းသွားပြီ. . . ဟား. . ဟား. . ဟား

အိမ်အပြန်လမ်းမှာ ဟန်နီကြည်က အူလှိုက်သည်းလှိုက် ရယ်မောကာ အောင်ပွဲခံလာပါသည်။

'သူများ မကောင်းကြံ၊ ကိုယ်သာ ခံ'ဆိုတာ ဟန်နီ မသိလေ ရော့သလား။ ကံကြမ္မာက နေ့မဆိုင်းဘဲ သူမကို ဒဏ်ခတ်ဖို့ စောင့် ကြိုနေပြီဆိုတာ သိများသိလျှင်. . .

'ဟန်နီ'

ဘုရားရေ. . ဒီအသံပေါ့. . ဟန်နီ သေမလောက်ကြောက် တာ။ ဒီနေရာက လူပြတ်တော့ ဟန်နီက ခြေလှမ်းကို အရှိန်တင်ပြီး ပြေးဖို့ကြံသည်။

သို့သော် သူမ ရှေ့မှာ 'နေဦး'ရဲ့ ဘော်ဒါတစ်ယောက်က ပိတ်ပြီး ရပ်လိုက်သည်။

'နေပါဦး ဟန်နီရာ. . နေဦး ဆိုတဲ့. . ကောင်က ဒီလောက် တောင် ကြောက်ဖို့ကောင်းနေပြီလား'

'ငါသွားပါရစေ နေဦးရာ. . တောင်းပန်ပါတယ်ဟယ်. . မိုးချုပ်နေပြီ အမေဆူလိမ့်မယ်'





တစ်သက်နှင့်တစ်ကိုယ် ဟန်နီ ဘယ်သူ့ကိုမှ အောက်မကျို့ ခဲ့ဖူးပါ။ 'အသည်းစားဘုရင်မ'ဆိုပြီး သူ့ဟာသူ ဂုဏ်တွေ ယူသည်။ ယောက်ျားလေးတွေကို ကစားသည်။ ဒီတစ်ခါ ဟန်နီက တကယ့်ကျား ကိုမှ သွားပြီး ကစားမိသည်။

'နားစမ်းပါကွာ၊ ဒီမှာ. . ဟန်နီ. . မင်း ထားချင်သလို ထား ခဲ့လို့ရမယ့်အစားထဲမှာ ငါမပါဘူးကွ၊ ငါ့မျက်နှာကို သေချာကြည့်စမ်း ဟန်နီ. . ဒီနေ့ ငါ နင့်ကို လာခိုးတာ'

'နေဦး. . နင်. . နင်. . မယုတ်မာနဲ့နော်'

ဘယ်အရာကိုမှ အလေးအနက်မထားတတ်သော ဟန်နီ တစ်ယောက် နေဦးနှင့်တွေ့မှ နောင်တတွေ ရလာသည်။

'ယုတ်မာတာက ငါမဟုတ်ဘူး ဟန်နီ၊ မင်းအမေဆီကို လူ ကြုံပါးပြီးသွားပြီ. . စိတ်ကို ဒုံးဒုံးချပြီး ငါ့နောက်လိုက်ခဲ့တော့'

'မလိုက်ဘူး. . နင့်လို လက်ကြောမတင်းတဲ့ ကောင်မျိုးကို ငါမယူနိုင်ဘူး၊ ငါ့ရှေ့က ဖယ်စမ်း'

ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်တွင် ကားတစ်စီးက သူတို့အနား ထိုးလာပြီး ဟန်နီလည်း ကားပေါ် ဘယ်လိုရောက်သွားမှန်း မသိ တော့။

လူ့ဘဝဆိုတာ လက်ဖျောက်တစ်ချက်တီးစဉ်မှာ အရာရာ ပြောင်းလဲသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသွားမဖော် တစ်လှမ်းဟာ မိန်းကလေးတစ်ယောက်အတွက် တစ်ဘဝလုံး ပေးဆပ်လိုက်ရပြီ။ ဘယ်လိုမှ ပြန်ပြင်လို့မရတော့တဲ့ အိမ်ထောင်သည်ဘဝကို ဆယ်တန်းတောင် မဖြေလိုက်ရဘဲ ဟန်နီ ရောက်သွားခဲ့သည်။

ဘာကိုမှ အစွဲအလမ်းမထားတဲ့ ဟန်နီကတော့ ရောက်လေရာဘဝမှာ အချိန်တိုလေးအတွင်း နေသားတကျဖြစ်နေလေပြီ။

*

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)





ကျောင်းဆင်းဖို့ ခေါင်းလောင်းထိုးနေပြီ။ ခွန်ထိုက်သည် လွယ်အိတ်ကိုယူပြီး ခပ်သုတ်သုတ်ထွက်လာသည်။ ကျောင်းဆင်းချိန်ဆိုကျောင်းလမ်းက ပန်းတွေ လျှောက်ခူးပြီးမှပြန်တတ်တဲ့ သူတို့သူငယ်ချင်းနှစ်ယောက်ကို တကွဲတပြားစီမြင်ရတော့ ပန်းကလေးတွေ စိတ်ကောင်းနိုင်မည် မဟုတ်ပါ။

ခွန်ထိုက် ညမွှေးပန်းပင်အောက်မှာ လေဘာတီကိုရပ်စောင့်နေသည်။

အိမ်ကိုသွားလည်း အတွေ့မခံ၊ ကျောင်းမှာလည်း မခေါ်မပြောနဲ့နေနိုင်လွန်းပေမယ့် ကျောင်းဆင်းချိန်မှာတော့ သူ ကျွန်တော့်ကို ရှောင်လို့ မရပါ။ သူ့ရဲ့အိမ်အပြန်လမ်းက ဒီတစ်လမ်းပဲ ရှိတာကိုး။

'လေဘာတီ'

လေဘာတီက စကားမပြောတတ်တဲ့ ကျောက်ရုပ်လုပ်နေသည်။ အဲ့သလိုအေးစက်စက်အမူအရာကိုပဲ အသည်းယားတာ. . သူ့နှုတ်ဖျားက ထွက်လာတဲ့ စကားသံတွေ ဘယ်လောက်ပဲ ကြမ်းရှနေပါစေ. . ကျွန်တော်က ကျေကျေနပ်နပ်ကြီးခံယူမှာပါ။ ဒါပြီးရင်တော့ ကျွန်တော့်ကိုပြန်ခေါ်ဖို့ မျှော်လင့်ပါတယ်။

'လေ. . ဘာ. . တီ၊ ငါခေါ်တာ ကြားရင် လှည့်ကြည့်စမ်းပါဦးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ခွန်ထိုက်၊ လိုက်မလာဘဲ နေခဲ့လို့ တစ်ခါတည်းပြော လိုက်မယ်'

'Why? ငါ နှင့်ရဲ့ reasonကို ကြည့်ပြီးမှ ဆုံးဖြတ်နိုင်မှာပေါ့ လေဘာတီ၊ ပြောလေ ငါ့မှာ ဘာအပြစ်ရှိလို့လဲ'

ခွန်ထိုက်ရဲ့အကြည့်၊ ခွန်ထိုက်ရဲ့အပြောတွေ အားလုံးက ကြေကွဲနေသည်။

လေဘာတီ မပြောရက်တော့ပါ။ ဖြစ်ခဲ့သမျှမှာလည်း ခွန်ထိုက်အပြစ်မှ မဟုတ်တာ။

လောကတံထွာအရ လူ့သဘောဟာ တားမြစ်ထားတဲ့ နေရာကိုမှ ရွေးပြီး သွားချင်တာမျိုးမဟုတ်ပါလား။ လေဘာတီ တွေဝေနေသည်။ ခွန်ထိုက်ကို မချစ်တော့ဘူးလို့ အကြိမ်ကြိမ် တားဆီးချုပ်နှိမ်ထားတဲ့စိတ်ကလေးက တကယ်တမ်းကျတော့ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး။

'ခွန်ထိုက်. . နှင့်အမေရဲ့စိတ်က ငါနဲ့ အံမဝင်တာ နှင် သိတယ် မဟုတ်လား၊ ရစ်လိုက်ပါတော့ဟာ. . ရှေ့ဆက်တိုးမလာပါနဲ့တော့'

ခွန်ထိုက်က လေဘာတီအနားကို ပို၍ ကပ်လာသည်။

'နှင်ဘယ်လိုဖြစ်နေတာလဲ လေဘာတီ၊ အမေ သဘောမကျတာနဲ့ပဲ နှင်နဲ့ငါ မပတ်သက်ရတော့ဘူးလား'





'နှင်နဲ့ငါက ဆန့်ကျင်ဘက်ပါ ခွန်ထိုက်ရာ၊ အစရှိပြီး အဆုံးမှာ ကြေကွဲရမယ့်ဇာတ်လမ်းကြီးပါဟာ. . ဒီမှာပဲ စည်းတားလိုက်ကြရအောင်'

လေဘာတီပခုံးကိုသာ စိတ်ရှိလက်ရှိကိုင်ပေါက်ပြီး မေးပစ်လိုက်ချင်လာသည်။

'နှင် ငါ့ကိုကြည့်စမ်း လေဘာတီ၊ ငါ့မျက်လုံးကို တည့်တည့်ကြည့်ပြီး နှင့်မျက်နှာကို မတွေ့ချင်ဘူး. . လို့ သတ္တိရှိရှိပြောလိုက်စမ်းပါ၊ ငါ့ဘဝ ငါဆက်ပြီး ဆုံးဖြတ်မယ်'

'နှင်က ဘယ်လိုဆုံးဖြတ်မှာလဲ'

ဒါပဲ. . . လေဘာတီ ဆိုတာ ဒါပါပဲလေ။ ခွန်ထိုက် တစ်ခုခု ဖြစ်သွားမှာကို မသိစိတ်ကရော သိစိတ်ထဲကပါ သေမလောက်ကြောက်နေတာ။ ဘယ်လောက်ပဲ တင်းခံထားပါစေ ပေါ်လာတာပါပဲ။

'နှင် သိချင်လို့လား. . '

သူမ ခေါင်းလေးကို အသာညိတ်ပြသည်။

'ငါ အိမ်မှာမနေတော့ဘူး၊ ငါ့အမေအိမ်မှာ နေ,နေသရွေ့ နှင် ငါ့ကို အမြင်တွေ စောင်းနေဦးမှာပဲ၊ ပြီးတော့ ငါ စာမေးပွဲမဖြေတော့ဘူး'

'နှင် အဲလိုလုပ်လို့ မဖြစ်ဘူး ခွန်ထိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော . . နင် ငါ့ကိုပြန်ခေါ်ပြီနော်'

လေဘာတီက အခုမှသတိရပြီး ခွန်ထိုက်ကို စွာသည်။

'ရုပ်ကိုက ပလီပလာ အီကြာ'

'ဘာလဲ . . မကြားလိုက်လို့ ငါ့ကိုတော်တော်ဖြောင့်တယ်လို့ ပြောတာမဟုတ်လားဟင်'

ခွန်ထိုက်ရဲ့ စပ်ဖြဲဖြဲရုပ်ကို ကြည့်ပြီး လေဘာတီ မရယ်ဘဲ မနေနိုင်တော့ပါ။

သတိရခြင်းတွေများစွာနှင့် ခွန်ထိုက်မျက်နှာ ချောချော လေးကို တိတ်တခိုးငေးကြည့်နေရသည်။

မလွမ်းလောက်ပါဘူးလို့ တင်းခံထားပေမယ့် အိမ်ပြန်ချိန် တိုင်း၊ နေဝင်ချိန်တိုင်း ကိုယ့်ရဲ့နံဘေးမှာရှိစေချင်တာ သူတစ်ယောက် တည်းပါ။

သူငယ်ချင်းမလေး၏ ရီဝေဝေအကြည့်လေးတွေ အောက် မှာ တွဲလက်ကလေးတွေ ဘယ်လိုမှမဖြုတ်နိုင်ဘူးဆိုတာ ပိုပြီးသေချာ သွားခဲ့သည်။

'ခွန်ထိုက်'

'ဗျာ . .'

လေဘာတီရဲ့မျက်စောင်းလှလှကလေးက အချိန်မဆိုင်းဘဲ ရောက်လာသည်။





'ငါ့ကို ကတိပေးစမ်းပါဟယ်၊ နင် ဆရာဝန်ကြီးလုပ်မယ်လို့ မဟုတ်ဘူး . . နင် ဖြစ်ကိုဖြစ်ရမယ်'

'နင့်ဆန္ဒတွေ အကုန်ဖြစ်စေရမယ်ဟာ၊ နင့်ဆီက ငါတောင်း စရာတစ်ခု ရှိတယ်၊ နင်ပေးဖို့ မမေ့နဲ့ . . သိလား'

နင် ဘာတောင်းမယ်ဆိုတာ ငါသိပါတယ် ခွန်ထိုက်ရယ်။ ငါ့ဘဝမှာ နင့်ကိုပြန်ပေးစရာဆိုလို့ အချစ်တစ်ခုကလွဲလို့ ဘာများရှိ သေးလို့လဲ . . ငါ ဝန်ခံစရာ လိုသေးလို့လား။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ဒေါ်မူယာကျော်ဇော၏ဒေါသတွေက တစ်အိမ်လုံးကို ပတ်ရမ်းနေတော့သည်။ 'ကုလား မနိုင် ရခိုင်မဲ'ဆိုသလို သားတော်မောင်အပေါ် သူ့မှ စကားမအောင်တော့ အိမ်ရှိလူကုန် နားတွေ အူနေလေပြီ။ ဝေးကွာစေချင်သောဘဝနှစ်ခုက အခုဆို ပိုပြီးနီးကပ်သွားပါပြီ။

'လေဘာတီ'ဆိုတဲ့ကောင်မလေးက ခွန်ထိုက်နှင့်အတူ ဆေးကျောင်းတက်နေတာတဲ့။

နောက်ဆုံးမှာတော့ သားရဲ့ဘဝလေး ဒီကောင်မလေးလက်ထဲ သက်ဆင်းရတော့မှာပါလား. . .။

ဘယ်တုန်းကမှ အမေကိုပြန်မငြေပြာခဲ့တဲ့ သားရဲ့ စကားတစ်





ခွန်းက ဒေါ်မူယာ၏ ရင်ကို ဆောင့်တွန်းပစ်လိုက်သလိုပင် နာကျင်စေသည်။

'လူတိုင်းတက်လို့ရတဲ့ ဆေးကျောင်းကို လေဘာတီ တက်ခွင့်မရှိဘူးလား မေမေ. . သူ့မှာ ဘာမှမျှော်လင့်ချက်ရှိတာ မဟုတ်ဘူး၊ 'ဆရာဝန်'ဘဝဟာ သူ အမျှော်လင့်ဆုံး နောက်ဆုံးတောင်းတဲ့ဆုပါ မေမေ၊ သူတက်ပါစေ. . မေမေ မကြိုက်ရင် သားပဲ ကျောင်းထွက်ပေးပါ့မယ်'

'မင်း. . ဖွေးစကား မပြောနဲ့ ခွန်ထိုက်၊ မင်းက သူ့အတွက်ဆိုရင် ပွဲကိုတောင် စိန်ခေါ်ရဲတယ်ပေါ့လေ ဟုတ်လား. . . ရတယ်လေ. . ငါကလဲ နင်သိအောင် တစ်ခွန်းတည်းပြောလိုက်မယ်. . မစူညီတဲ့ဘဝနှစ်ခုကို အချိန်ကုန်ခံပြီး တန်းညှိမယ့်မိန်းမ မဟုတ်ဘူး. . ရှင်းလား'

လေဘာတီနှင့် ပတ်သက်လာလျှင် သားအမိနှစ်ယောက် စကားကောင်းပြောလို့မရတော့။ အပြစ်တွေမြင်ပြီး ပေါက်ကွဲရသည်ချည်းသာ။

အမေ့ကို စိတ်ချမ်းသာစေချင်ပါသည်။ အမေ ပျော်ပါစေတော့ဆိုပြီး ချိန်ခွင်လျှာတစ်ဖက်စောင်းပြန်လျှင် တစ်ဖက်က ချစ်သူအပေါ် ရက်စက်လွန်းရာကျတော့မည်။ အသက်ရှင်နေသရွေ့တော့ သူ လေဘာတီ့အပေါ် စိမ်းကားပြတ်တောက်နိုင်မည်မဟုတ်ပါ။ ခက်



www.burmeseclassic.com

www.burmeseclassic.com



နေတာက အမေဆိုလို့ ကမ္ဘာပေါ်မှာ ဒီတစ်ယောက်ပဲရှိတာ မဟုတ်လား။ အဖေမရှိတဲ့နောက်မှာ အမေဟာဝန်ကျေခဲ့ပါသည်။ အရွယ်ရှိပြီး ရုပ်ရည်ရှိတဲ့၊ မျိုးရိုးဂုဏ်ရှိတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်တော့်အတွက် ကျွန်တော့်ကိုငဲ့ညှာပြီး နောက်အိမ်ထောင်မပြုခဲ့ဘူး။ သားအပေါ်မှာပဲ မျှော်လင့်ချက်တွေ တစ်လှေကြီးထားထားရှာတာ။

'မေမေရယ် လေဘာတီမှာ ဆင်းရဲတာကလွဲလို့ ဘာအပြစ်ရှိလို့လဲဗျာ၊ သူ ဆင်းရဲပေမယ့် နောက်ဆို ဆရာဝန်မလေးဖြစ်လာမှာပဲတာ. . မေမေ သူ့ကို နည်းနည်းလောက် နားလည်ပေးလို့မရဘူးလား၊ သား တောင်းပန်ပါတယ် မေမေရယ်'

ကျွန်တော် မေမေ့ကို ရှိခိုးပြီး တောင်းပန်နေတာပါ။ ဒါပေမယ့်. . မေမေက သွေးအေးပြီး ခေါင်းမာလွန်းတယ်။ သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်ချပြီးသား အကြောင်းအရာမှန်သမျှ ပြန်ပြင်တတ်သူမဟုတ်။

'မင်းဘဝက မဟာသမုဒ္ဒရာအကျယ်ကြီးကို ဖြတ်ရဦးမှာပါ။ ဟိုးငယ်ငယ်လေးကတည်းက ဒီအိုင်ထဲက ရေသောက်သာ မင်းတွေ့ဖူးတာကိုး၊ ဒီမယ်. . သား. . သံယောဇဉ်ဆိုတာ နွယ်ပင်နဲ့တူတယ်၊ ကိုယ်မသိလိုက်တဲ့အချိန်လေးအတွင်းမှာပဲ သူက ကိုယ့်ကိုရစ်ပတ်ပြီး ချည်နှောင်ထားပြီးနေပြီ၊ ဒီတော့ ကိုယ့်ဟာကိုယ် ဆင်ခြင်ပေါ့ သားရယ်၊ မေမေ သူနဲ့ဆိုရင်တော့ လုံးဝသဘောမတူဘူး'





မေမေက ပြတ်သားစွာ စစ်ကြေညာသွားပါပြီ။ အလံဖြူထောင်ပြီး တောင်းပန်နေတဲ့သူကိုမှ စစ်တိုက်ချင်သေးလို့လားဗျာ။

ငွေကြေးတွေ မပြည့်စုံတဲ့အခါ အချစ်ရေးမှာ အနှုတ်လက္ခဏာ ထွက်ရတော့မှာလား။ သေချာတာတစ်ခုက လေဘာတီကို ကျွန်တော် မမုန်းရက်ဘူး. . သူ့မျက်နှာလေးကို အခွင့်ရှိတိုင်း တွေ့ချင်တဲ့သူပါ။ စိတ်ကူးနဲ့ ရူးနေရတဲ့ကောင်ကို လေဘာတီက ဘယ်လို မှတ်ချက်ချမှာလဲ. . အမေ သဘောမတူဘူးဆိုတာသိရင် ဟားတိုက်ပြီး ရယ်နေဦးမှာလား။

*



www.burmeseclassic.com

www.burmeseclassic.com



အမေပြောတဲ့ ပကာသနဝတ်စုံ လေဘာတီမှာ မရှိပေမယ့် အေးမြဖြူစင်လှတဲ့ အလှတရားတွေနဲ့ပြည့်စုံတဲ့ ဝတ်စုံလေးကို ဆင်မြန်းထားနိုင်တော့ လေဘာတီဆိုတာ ကျောင်းမှာတော့ queenပါပဲ။ ကျော်ကြားလာတာနဲ့အမျှ လိုချင်သူတွေ ဝိုင်းနေတာက ခက်တာ။ ကျွန်တော့်ရင်ခုန်သံကို ကျွန်တော် မညာချင်ဘူး. . သူများ ဦးသွားမှာလည်း သေမလောက်ကြောက်နေရတာ။

Final Part I ရောက်တော့ အနှစ်နှစ်အလလ ကျွန်တော် ထိန်းချုပ်ထားတဲ့ စကားလေးကို သူငယ်ချင်းလေးသိအောင် ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မှတ်မှတ်ရရ အဲဒီနေ့က မိုးတွေ သည်းသည်းမည်းမည်းရွာနေတာ။ လမ်းပေါ်မှာ ရေတွေလျှံနေတာများ ခြေမျက်စိတောင် မြုပ်တယ်။ ကျွန်တော်က လေဘာတီအနားကပ်ဖို့ ချောင်းနေတဲ့ကောင်ဆိုတော့ ထီးပါရဲ့သားနဲ့ မပါချင်ယောင်ဆောင်ပြီး လေဘာတီထီးကို ကပ်ဆောင်းလာတာ. . . ရွာတဲ့ မိုးက လေနှင့် ရောနေတာဆိုတော့ ထီးက လန်ချင်ချင်ရယ်။

'ခွန်ထိုက်. . မိုးက ပြင်းလိုက်တာနော်၊ ကြည့်ဦး. . ငါ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီ'

'ရေစိုလေးနဲ့ natural beauty ပေါ့ဟာ. . ငါ့မျက်စိထဲမှာတော့ နင်ဘယ်လိုနေနေ လှနေတာပဲဟ'





'နင့်အမေ တွေ့သွားမှာ မကြောက်ဘူးလားဟင်'

ထီးတစ်ချောင်းကို နှစ်ယောက်အတူဆောင်းတာကို ဆိုလိုတာ ဖြစ်သည်။

'မကြောက်ဘူး၊ နင်နဲ့ဆိုရင် အားလုံးကိုရင်ဆိုင်ရဲတယ်၊ ခုနေ အမေလိုက်များလာရင် ငါ နင့်လက်ကိုဆွဲပြီး ထွက်ပြေးမှာနော် ဘယ်လိုလဲ လိုက်ရဲလား'

ကျွန်တော်က သွေးတိုးစမ်းသလို မေးတော့ အရှက်သည်းတတ်တဲ့ လေဘာတီလေးက

'ခွန်ထိုက်နော်. . နင့်စကားက ဟိုမလွတ်ဒီမလွတ်နဲ့ ဘာကြီးလဲဟ'

စိတ်အခံရဲ့နက်ရှိုင်းမှုရယ်၊ ပတ်ဝန်းကျင်ရဲ့လှုံ့ဆော်မှုရယ် ပေါင်းစပ်လိုက်တော့ လေဘာတီကို ကျွန်တော် ဘယ်လောက်အထိ နှလန်းမြတ်နိုးရသလဲဆိုတာ ကျွန်တော့်ရဲ့မျက်ဝန်းတွေမှာ အထင်းသားပေါ်နေမှာပါ။ သူ ကြည့်တတ်ရင် မြင်နိုင်မှာပါ။

ခြေလှမ်းတွေ ရှေ့မဆက်တော့ဘဲ တုံ့ခနဲရပ်သွားပြီး လေဘာတီရဲ့ပခုံးလေးကို ကျွန်တော့်ဘက်ကို ဆွဲလှည့်လိုက်ကာ သူ့မျက်နှာလေးကို တမက်တမောလေးနက်စွာကြည့်ရင်း

'လေဘာတီ. . I Love you'

လို့ ကျွန်တော် ပြောလိုက်တော့ အံ့ဩသွားသလို စိတ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားသွားတဲ့ သူ့မျက်နှာလေးက မိုးရေတွေထဲမှာ ဘယ်လိုလှမှန်းတောင် မသိတာ။

ကျွန်တော့်စိတ်တွေ ပရမ်းပတာဖြစ်လာသလိုပဲ ပြောင်းဆန် ပြီး ရင်ထဲမှာ ဘင်ခရာတီးဝိုင်းကြီးလှည့်နေတော့ အသိစိတ်တွေတို ထိန်းချုပ်နေတဲ့ကြားထဲကပဲ သူ့ကိုယ်လေးကို ကျွန်တော်ဆွဲဖက်ပြီး ရင်ဘတ်ကြားထဲမှာ ဝှက်ထားမိတယ်။ အမှတ်တမဲ့ဆိုတော့ လေဘာ တီ အငိုက်မိသွားပါသည်။

ဆောင်းထားတဲ့ထီးက လွင့်ထွက်သွားပြီး မိုးရေတွေ ရွှဲရွှဲ ကုန်သည်။

'ခွန်ထိုက်. . နင် ငါ့ကို လွှတ်ပါဟာ၊ ဒီမှာ ငါ အသက်ရှူ လို့မရတော့ဘူး'

'လေဘာတီ. . ငါ့ကို ချစ်တယ်လို့ တစ်ခါလောက် ပြောပေး ပါဟာ. . ငါ ကြားချင်လွန်းလို့ပါဟာနော်'

နင့်ကို ငါသိပ်ချစ်တာပေါ့ ခွန်ထိုက်ရယ်. . နင် သိအောင် ဖွင့်ပြောခြင်း မပြောခြင်းဆိုတာထက် နင်က ငါ့ရင်ထဲက အနက်ရှိုင်း ဆုံးနေရာမှာ တစ်သက်လုံးအတွက် နေရာယူထားပြီးသားပါ။ အဆုံး သတ်မှာ ကြေကွဲရမယ့်ဇာတ်လမ်းတစ်ပုဒ်ကို ငါတို့ ဘယ်လိုဆက်က ကြမလဲ။ ငါ ဘယ်လိုပဲ ခံစားရပါစေ. . နင့်ကိုတော့ ပကတိစိတ်ချမ်း သာစေချင်တယ် ခွန်ထိုက်ရယ်။





ချစ်ရက်သားနဲ့ ချစ်တယ်လို့ ပြောခွင့်မရှိတဲ့ လေဘာတီရဲ့ မျက်ရည်တွေဟာ မိုးရေတွေနဲ့ ရောသွားတာ ခွန်ထိုက် မသိလိုက်ပါ ဘူး။

'လေဘာတီ. . နင် မပြောရင် ငါ အိမ်မပြန်ဘူးနော်'

'ငါ့ကို အကြပ်မကိုင်ပါနဲ့ ခွန်ထိုက်ရယ်. . ပြန်ရအောင်နော် အမေ စိတ်ပူနေလိမ့်မယ်'

'ငါ စိတ်ဆင်းရဲတာ နင်ကြည့်ရက်သလား လေဘာတီ. . နင့်ကို ငါ စိတ်မချတော့ဘူးဟာ. . ဒီနေ့တော့ နင့်ဆီက အဖြေမရရင် ငါ လုပ်ချင်တာ လုပ်ပစ်မှာနော်'

စိတ်ထဲက ခံစားချက်တွေကို ဖွင့်ပေးချင်ပေမယ့် ထွက် ပေါက်ပိတ်နေသူလို သူမ စိတ်တွေကိုတင်းခံထားပေမယ့် နှလုံးသား က မမာကြောနိုင်တာ သူမ ကောင်းကောင်းသိသည်။

'ငါ့ကို အချိန်နည်းနည်းလောက် ပေးပါ ခွန်ထိုက်ရယ်. . နင့်အမေနဲ့နင် ပြန်ညှိနှိုင်းကြည့်ပါဦး၊ နင့်အမေက ငါ့ကို ဒီလောက် ခါးသီးနေတာ. . ဟင့်'

ရှိုက်သံလေး စွက်သွားတာ သေချာသည်။ ဘယ်မိန်းကလေး ဆို ယောကျ်ားလေးရဲ့ မိခင်က ကိုယ့်ကိုနေရာပေးပြီး အသိအမှတ်ပြု တာ လိုချင်တာပေါ့။

ခွန်ထိုက်က လေဘာတီကို တင်းတင်းဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအတွက် ဝမ်းနည်းနေတာလား . . အချစ်ရယ်၊ ဒီကမ္ဘာ လောကကြီးထဲမှာ နှင်နဲ့ငါ နှစ်ယောက်တည်း ချစ်နေဖို့သာ လိုတာ ပါ . . ကျန်တာတွေကို ထုတ်ထားလိုက်နော် ဟုတ်ပြီလား'

'နှင်က . . နှင်ကရော ငါ့ကို တစ်သက်လုံးချစ်မှာမို့လို့လား အချိန်တန်ရင် အမေသဘောတူတဲ့လူနဲ့ ယူမှာ မဟုတ်လား၊ ငါ့ကို ထားခဲ့မှာ မဟုတ်လား ခွန်ထိုက်'

မေးခွန်းပေါင်းများစွာကို တရစပ်မေးရင်း စိုးရွံ့တတ်လွန်းတဲ့ ချစ်သူကို ခွန်ထိုက် သနားလာသည်။

'နှင့်ကို ငါ ဘယ်တော့မှမထားခဲ့ဘူး လေဘာတီ၊ နှင်ပြော သလို ဘယ်တော့မှဖြစ်မလာစေရဘူး . . ငါ ရဲရဲကြီးကတိပေးပါတယ် ဟာ . . ချစ်တယ်မဟုတ်လားဟင်'

'အင်း . . ချစ်တယ်'

လေဘာတီ အငိုက်မိသွားပါသည်။ ခွန်ထိုက်ရဲ့ ရှောင်တခင် တိုက်စစ်ကို သူမ ခံလိုက်ရသည်။

'တကယ် . . တကယ်နော် . . ဟေး'

လေဘာတီရဲ့ပါးကလေးတစ်ဖက်ဟာ မိုးရေတွေကြားထဲ နွေးခနဲဖြစ်သွားသည်။

သူမက အလန့်တကြားပင်

'ခွန်ထိုက် . . . နှင် ဘာလုပ်တာလဲ'





'သတ်ချင်သတ်ပစ်လိုက် . . ပြောစရာလားလို့ . . ဟား . . ဟား'

ခွန်ထိုက်သည် မိုးရေတွေထဲမှာ လေဘာတီရဲ့လက်ကလေးကို ဆွဲပြီး လွတ်လပ်ပေ့ါပါးစွာ ပြေးလွှားနေပါသည်။

လေဘာတီလည်း ခွန်ထိုက်နှင့်အတူ ကြည်နူးစွာ ပျော်ရပါသည်။ နှစ်ယောက်အတူ လက်တွဲပြီး ဘဝတစ်ခုလုံးအတွက် ဝတ္ထုလေးတစ်အုပ်ကို အတူတူရေးချင်ပါသည်။

အတုအပမေတ္တာမှ မဟုတ်တာ . . သမုဒယသံစွာတွေနဲ့ ဘဝကို ထုံမွှမ်းသွားမှာပါ။

ထိုနေ့က သူတို့နှစ်ယောက်သည် မိုးရေတွေကြားထဲမှာပင် ချစ်သူဘဝကို တရားဝင်ရောက်ရှိသွားပါသည်၊

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

နှစ်ယောက် အတူ ချစ်ခဲ့ကြသော နေ့ရက်တွေ ကြာလာသည်နှင့်အမျှ သံယောဇဉ်တွေက ထုထည်ကြီးမားလာသည်။ ရှင်ရက်သားနဲ့ကွဲကွာပြီးနေဖို့ဆိုတာ သူတို့အကြောက်ဆုံးအရာဖြစ်လာသည်။ မခွဲချင်တဲ့ သူတို့နှစ်ယောက်ကို ကံကြမ္မာက ခွဲလာခဲ့သည်။

ခွန်ထိုက် ပညာတော်သင်သွားဖို့ ဖြစ်လာခဲ့သည်။ ခွန်ထိုက်က မသွားချင်ပေမယ့် ချစ်သူကို ထွန်းတောက်ဖြစ်မြောက်စေချင်တဲ့ လေဘာတီက နေ့တိုင်း တိုက်တွန်းခဲ့သည်။

'စိတ်ဖြောင့်ဖြောင့်သာ သွားပါ ခွန်ထိုက်ရယ်၊ ငါ့အတွက် နောက်ဆံမငင်ပါနဲ့'





'ငါ မသွားခင် နင်နဲ့လက်ထပ်သွားချင်တယ် လေဘာတီ'

'ဟင့်အင်း . . ငါက နင်ပြန်လာမှ လက်ထပ်မှာနော်၊ ခုချိန်ထိ ငါ့အချစ်ကို နင် မယုံသေးဘူးလားဟင်၊ နင့်ကို ငါချစ်တာ ဗဟုသုတရအောင် စမ်းသပ်တဲ့အချစ်မျိုးမှမဟုတ်တာ . . ငါကလေ နင်ပြန်လာမယ့်အချိန်ကို လွမ်းရင်း စောင့်နေမှာ'

'နင် ဖြစ်ရဲ့လား . . လေဘာတီ၊ ငါမှ နင်နဲ့မခွဲနိုင်တာဟာ'

ခွန်ထိုက် စိတ်မကောင်းဖြစ်နေတာကို ရယ်သွမ်းသွေးရင်း သူမက ဝေဒနာသက်သာအောင် ဟန်ဆောင်ပြီး လျှောက်ပြောသည်။

'အခု ခွဲနေရတာက နောက်တစ်သက်လုံးနီးရဖို့ မဟုတ်လား ခွန်ထိုက်ရယ်'

'ဒါဆို နင်က ငါ့ကို သွားစေချင်တာပေါ့'

'အခွင့်အရေးဆိုတာ နှစ်ခါ မလာဘူးလေ. . နင် တော်လို့ နင်နဲ့ထိုက်တန်လို့ လာတဲ့ အခွင့်အရေးကို ဘာလို့ လက်လွှတ်ခံမလဲ ဟယ်၊ ငါ့ကြောင့်ဆိုရင်တော့ ငါ တစ်သက်လုံးစိတ်မကောင်းဖြစ်နေရမှာနော်'

'နင့်စကားတစ်ခွန်းဟာ ငါ့အတွက်တော့ အမိန့်တစ်ခုပါပဲ တာ. . ဒါပေမယ့် နင့်ကို ငါဘယ်တော့မှနှုတ်မဆက်ဘူးနော်'

သူမ မျက်ရည်များကြားမှ ခေါင်းကလေး ညိတ်ပြပါသည်။ သူတို့ရဲ့အချစ်က မတော်တဆမှမဟုတ်တာ . . စနစ်တကျ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးချစ်ခဲ့ကြတာဆိုတော့ တကယ်တမ်းခွဲရတော့မယ်ဆိုမှ မနေတတ်လောက်အောင် ခံစားရတာ အမှန်ပင်။

ခွန်ထိုက်ရဲ့အမေကတော့ အပျော်ကြီး ပျော်နေပါသည်။ သားဖြစ်သူအတွက် ဂုဏ်တက်ရမည့်အပြင် သူမ သဘောမကျသော လေဘာတီနှင့် အဆက်ပြတ်စေဖို့ အခွင့်အရေးကြီးတစ်ရပ်ကို ရရှိတော့မည် မဟုတ်လား။

ခွန်ထိုက်နှင့် လေဘာ့တီကတော့ အနာဂတ်ကို ကြိုမသိနိုင်တော့ မခွဲခွာခင်မှာ ပိုပြီးချစ်ကြသည်။ ပို၍လည်း နီးစပ်သွားပါသည်။

လေဘာတီကို မိုက်မဲတယ်ပဲ ပြောပြော၊ အယုံလွယ်တယ်ပဲဆိုဆို ချစ်သူအတွက်၊ ချစ်သူစိတ်ချမ်းသာဖို့အတွက် ဘာမဆိုပေးဆပ်ဖို့ အဆင် သင့်ဖြစ်နေခဲ့လေသည်။

ခွန်ထိုက် မသွားခင် တစ်ညမှာတော့ လေဘာတီက မျက်ရည်တွေကို သိမ်းဆည်း သိုဝှက်ထားရင်း ခွန်ထိုက်ရဲ့ ရင်ခွင်ထဲမှာ အသံတိတ်ငိုကြွေးနေလေသည်။ ခွန်ထိုက်လည်း ယောကျ်ားတန်မဲ့ မျက်ရည်တွေ ဝဲလာသည်။

ချစ်သူကို နှုတ်မဆက်ချင်ဘူးလို့ပြောထားတဲ့ ခွန်ထိုက်ဟာ တကယ်လည်း သူ့စကား သူတည်စွာ တစ်ခွန်းမှနှုတ်ဆက်မသွားခဲ့ပါ။ ဒါပေမယ့် လေဘာတီက ကျေနပ်စွာပင် သူထားခဲ့သည့်အတိုင်း နေခဲ့ပါသည်။





ခွန်ထိုက် ထွက်သွားပေမယ့် သူထားခဲ့တဲ့ ချစ်သက်လက်ဆောင်က လေဘာတီကို အခက်တွေ့စေပါသည်။

မိခင်သိရင် ဗိုင်းကနဲ လဲသေသွားနိုင်သဖြင့် ဖုံးဖိမျိုသိပ်ရတာက တစ်ဖက်၊ ချစ်သူသိရင် အပြေးပြန်လာမည်မို့ အနာဂတ်မှာ တစဥ္စကလျားဖြစ်သွားမှာကို စိုးရိမ်တာက တစ်ဖက်နှင့် အပူသည်ကြီးလုံးလုံးဖြစ်နေရသည်။

ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး တစ်ကြိမ်တစ်ခါသာ ချစ်သူရဲ့ဆန္ဒကို လိုက်လျောခဲ့ပေမယ့် ပညာရှိသတိဖြစ်ခဲဆိုသလို ဆရာဝန်ဖြစ်ပြီး ခွန်ထိုက်ရဲ့သွေးသားကို သူမ မတားဆီးနိုင်ခဲ့တာ သူမရဲ့ညံ့ဖျင်းမှုသာ ဖြစ်သည်။

ကူကယ်ရာမဲ့ဘဝမှာ ချစ်သူဆီက ရောက်လာတဲ့ စာလေးတွေကိုကြည့်ပြီး ခွန်ထိုက်အတွက် သူမ အားတင်းထားရသည်။ ဘယ်လိုအခြေအနေ၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ခွန်ထိုက်ရဲ့သွေးကို သူမ ဖျက်ဆီးပစ်မည် မဟုတ်ပါ။

မျက်ရည်များစွာနှင့် ညပေါင်းများစွာကို ကျော်ဖြတ်ပြီးတဲ့နောက်မှာတော့ လေဘာတီသည် ဆုံးဖြတ်ချက်တစ်ခုကို ပိပြင်စွာချလိုက်ပါသည်။

ခွန်ထိုက်ရဲ့သွေးနဲ့ ဖြစ်တည်လာတဲ့ ဒီကလေးလေးကို လူ့လောကထဲကို ရအောင်ခေါ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ အားကိုးစရာ ဟန်နီ ရှိသေးတာပဲ။ ဟန်နီက သူ့ယောကျ်ားနှင့်အတူ ကျောက်ဆည်တွင်နေပြီး အဆင်ပြေနေသည်ဟု ကြားသည်။

ဟုတ်တယ်. . . ဒီကလေးကို ဟန်နီ့ဆီမှာ သွားမွေးရမယ်၊ လူအများ မရိပ်မိခင်အချိန်မှာပဲ သူမဟာ ရန်ကုန်မြေကိုစွန့်ခွာရမည် ဖြစ်သည်။ အမေ့ကို စာစ်ခုခုအကြောင်းပြပြီးသွားရင် အမေယုံမည်သာ။ ဖဲဒီမြို့မှာ ဟန်နီလည်း ရှိတယ် ဆိုရင် အမေက ပိုပြီးတောင် စိတ်ချဦးမှာ။

ကိုယ့်အတွေးနဲ့ကိုယ် စနစ်တကျ စီစဉ်ပြီး စိတ်ချရသော အချိန်တွင် ထင်မှတ်မထားသောကံကြမ္မာမုန်တိုင်းတစ်ခုက သူမဘဝထဲကို ပြင်းထန်စွာ ဝင်ရောက်ထိုးနှက်လာလေသည်။

လေဘာတီက တောင်ဒဂုံတွင် သူငယ်ချင်းဖြစ်သူ၏ ဆေးခန်း၌ ဝင်ထိုင်ပေးဖြစ်ပြီး ထိုနေ့က ဆေးခန်းသိမ်းပြီးပြန်လာချိန်တွင် အမေက သတင်းစာတစ်စောင်ကို ယူလာပြီးပြသည်။

'သမီး. . ဒီဟာက သမီးသူငယ်ချင်း မဟုတ်လား'

သတင်းစာကြည့်ပြီး သူမ မျက်ဝန်းတွေ ပြာထွက်သွားသည်။

'စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း' တဲ့။

ခွန်ထိုက်ပဲ. . ခွန်ထိုက်မှ ခွန်ထိုက် အစစ်ပဲ။ နေရပ်ရော၊ မိဘအမည်တွေပါ မှန်နေတာပဲ။





သူနဲ့စေ့စပ်တဲ့မိန်းမက မီးယပ်နှင့်သားဖွားအထူးကု ဒေါက်တာပွင့်ကြည်သာတဲ့။ လေဘာတီ သူ့ကို ကောင်းကောင်းသိတာပေါ့။ အဲဒီမိန်းမက ရုပ်ချောသလို နာမည်လည်းကြီးပါသည်။ သူနှင့်ကလေးမွေးတဲ့သူတွေမှ အများကြီးပဲ။

ဒီသတင်းဟာ သေချာတယ်ဆိုရင် ခွန်ထိုက်ကောင်မှသိပ်မလား. . . မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ခွန်ထိုက်ဆီက စာတွေ လာနေသားပဲ။

လေဘာတီသည် သတင်းစာကြီးကို ကိုင်ပြီး ကျောက်ရုပ် ဖြစ်နေသည်။

'ဟဲ့. . သမီး၊ အမေ မေးနေတယ်လေ၊ ခွန်ထိုက်က ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ဘာလို့စေ့စပ်ရတာလဲ'

အမေ့အမေးကို သူမ ဘယ်လိုဖြေရမှာလဲ။

တကယ်တော့ အမေလည်း ငယ်ရာက ကြီးလာတာပဲ။သမီးဖြစ်သူကို ခွန်ထိုက်နှင့်နီးစပ်စေချင်သည်။ ခွန်ထိုက်နှင့်ဆို အမေက စိတ်ချလေသည်။

'သမီးလည်း မသိဘူး အမေရယ်၊ ခွန်ထိုက်ဆီက လည်း ဘာမှပြောသံမကြားဘူး'

'အေးလေ. . သူက နိုင်ငံခြားမှာပဲဥစ္စာ. . သူ မရှိမှ စေ့စပ်ပွဲထ,လုပ်တာ အဓိပ္ပာယ်မှမရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



အမေ ပြောတာ မှန်ပါသည်။ ခွန်ထိုက် ရှိနေစဉ်က မလုပ်တာ ခွန်ထိုက် သဘောမတူလို့ ဖြစ်မှာပေါ့။ ခုမှ သတင်းစာကနေပြီး ကြော်ငြာတာဆိုတော့ တစ်စုံတစ်ယောက်ကို သိစေချင်၍ ဖြစ်မည်။

သူတို့ သိစေချင်တဲ့သူဟာ ကျွန်မကလွဲပြီး ဘယ်သူများဖြစ်နိုင်ဦးမှာလဲ။

ခွန်ထိုက်အမေကို သွားတွေ့ဖို့ သူမ သတ္တိမရှိပါ။ ဒါပေမယ့် အဖြစ်မှန်ကိုလည်း သေမလောက်သိချင်လေသည်။ စိတ်တွေက ဒွိဟဖြစ်ပြီး လွန်ဆွဲနေကြသည်။ အတွေးတွေက သူမကို ခြောက်လှန့်နေသည်။ အိပ်မက်တွေက သူမကို ရက်စက်နေသည်။

ခွန်ထိုက်ကို လှမ်းပြီး မေးလိုက်ချင်ပေမယ့် သူ့ မသိတဲ့ကိစ္စဆိုရင် ဟိုမှာ အလကားစိတ်ဆင်းရဲနေရဦးမည်။ ဘယ်အရာမဆို ခွန်ထိုက်အတွက်ပဲ စဉ်းစားတတ်တဲ့ လေဘာတီက ကြုံတွေ့လာသမျှ အဆိုးအကောင်းမှန်သမျှကို သူမတစ်ယောက်တည်းသာ ခါးစည်းပြီး ခံယူသည်။

အခြေအနေတွေက ရှုပ်ထွေးလာပြီမို့ သူမ အရင်စီစဉ်ထားသည့်အတိုင်းဖြေရှင်းဖို့ ခက်ခဲလာသည်။ မရှိမဲ့ရှိမဲ့အင်အားလေးတွေကို စုပြီး လေဘာတီက ဒေါ်မူယာကျော်ဇောနှင့်သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါသည်။ သူမအတွက် လှည့်ကွက်ကလေးတစ်ခုကို ခွန်ထိုက်မရှိတုန်း ကောက်ဆင်လိုက်တာ သိပ်ကို အတ္တကြီးလွန်းသည်။





မာနတွေကို ခြေဖဝါးအောက်မှာ ဝှက်သိမ်းပြီး အသနားခံဖို့၊ တောင်းပန်ဖို့ ဆုံးဖြတ်ပြီးမှ သူမ ထွက်လာခြင်း ဖြစ်သည်။ အိပ်ပျက်ရက်တွေ များခဲ့ပြီမို့ လေဘာတီရဲ့ခြေလှမ်းတွေဟာ အားအင်မဲ့စွာ နွေးကွေးနေသည်။

ခွန်ထိုက် စားစေချင်လို့ ဟင်းလေးတစ်ခွက်သွားပို့စဉ်က 'လွှင့်ပစ်လိုက်' ဆိုတဲ့ ဒေါ်မူယာရဲ့အသံက သူမ နားထဲကကို မထွက်ပါ။ ခွန်ထိုက်ရဲ့ကလေး သူမ ဗိုက်ထဲမှာရှိနေပြီဆိုတာ သိရင် ဘယ်လိုတုံ့ပြန်မှာလဲ. . လွှင့်ပစ်ခိုင်းဦးမှာပဲလား. . .။

❖

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ခွန်ထိုက်တို့အိမ်ဟာ သူမ မျက်စိထဲမှာ မှုံဝါးနေပါသည်။ ခြေအစုံဟာ ခြံတံခါးဝရှေ့မှာ ရပ်နေပေမယ့် ခန့်ထည်လှတဲ့အိမ်ကြီးကတော့ ဟိုးအဝေးကြီးမှာလို အရုံအတားတစ်ခုက ဆီးကာထားလေသည်။ မငံ့မရဲဖြစ်နေတဲ့လေဘာတီဟာ ခြံစောင့်ကြီးရဲ့စကားသံကြားတော့မှ အသိစိတ်တွေ ဝင်လာတော့သည်။

'ဟိုသူငယ်မ. . ဘယ်သူနဲ့တွေ့ချင်လို့လဲ'

'ဒေါ်မူယာကျော်ဇောနဲ့ပါ'

'ဘယ်သူလို့ပြောပေးရမလဲကွယ့်'

'လေဘာတီပါ ဘဘ'





'ခဏစောင့်'

ရပ်စောင့်နေရတာ အကြာကြီးဟု ထင်ရသည်။ ဒီအိမ် ဒီအရိပ်ကိုမြင်တွေ့ရလျှင် ချစ်သူခွန်ထိုက်ကို ပြင်းပြစွာသတိရသည်။ ခွန်ထိုက်မရှိပေမယ့် သူ့အရိပ်တွေကို လိုက်လံရှာဖွေနေမိသည်။

ခြံစောင့်ကြီးထွက်လာပြီး တံခါးဖွင့်ပေးသည်။ လေဘာတီကို တံခါးဖွင့်ကြိုဆိုတာ ဒါ ပထမဆုံးအကြိမ်ပါ။ ဒါဆို ဒေါ်မူယာက သူမ လာမှာ ကြိုသိနေလို့များလား၊ ဧည့်ခန်းထဲမှာ ထိုင်ပြီး အသင့်စောင့်နေပုံရပါသည်။

'မင်း လာမယ်ဆိုတာ. . ငါသိပြီးသားပါ. . ကဲ. . ဆို၊ ဘာတိစ္စ'

ကိုယ့်သားရဲ့ချစ်သူဆိုပြီး ဟန်ဆောင်ပန်ဆောင်ဖလေးတောင် သဘောကောင်းပုံမရပါ။

'သတင်းစာထဲက ကိစ္စက တကယ်ပဲလား အန်တီ၊ ခွန်ထိုက်ရဲ့သဘောဆန္ဒရော ပါရဲ့လား'

ခွန်ထိုက်အမေက စိမ်းကားစွာပြုံးပြီး ရက်စက်စွာ တုံ့ပြန်ပါသည်။

'ဒါက တို့သားအမိရဲ့အတွင်းရေးလေ၊ နေစမ်းပါဦး. . မင်းက နှိုက်နှိုက်ချွတ်ချွတ် လာမေးနေရအောင် ငါ့သားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

www.burmeseclassic.com



အဖြစ်မှန်ကို ဝန်ခံလိုက်ရင် ဟားတိုက်ခံရမှာ သိပေမယ့် ခွန်ထိုက်ကို မခွဲနိုင်တဲ့ သူမက အောက်ကျို့ပြီး တောင်းပန်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

'သူ့ရင်သွေးလေး ကျွန်မဆီမှာ ကျန်ခဲ့လို့ပါ အန်တီ. . . ခွန်ထိုက် ကျွန်မကို ကတိပေးထားပြီးပြီမို့ စေ့စပ်ပွဲကို ဖျက်ပေးဖို့ လာတောင်းပန်တာပါရှင်'

'မင်းတို့မိန်းကလေးတွေက သိပ်ခက်တာပဲကွယ်. . . စိတ်အလိုကိုလိုက်လို့များမိရင်လည်း ကိုယ့်ဟာကိုယ်ကာကွယ်ထားပါလား အပိုင်ချည်ဖို့များ အကွက်ချပြီး သိမ်းသွင်းလိုက်တာလား'

ပြောချင်သလို ပြောပါစေတော့လို့ အပြောခံဖို့အားတင်းပြီး လေဘာတီ ငြိမ်နေလိုက်သည်။

'ဒီစေ့စပ်ပွဲက အတည်ပဲ လေဘာတီ. . . ခွန်ထိုက် ကိုယ်တိုင်သဘောတူသွားတာ. . ပြောရမယ်ဆိုရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုပါပဲကွယ်. . အဲဒီကောင်မလေးနဲ့သား ငြိစွန်းနေတာ ကြာပြီကွယ့်. . သူ့မိဘတွေနဲ့ အန်တီက ခင်နေတော့ မျက်နှာပူရတာပေါ့၊ မိန်းကလေးဘက်က တောင်းဆိုလို့ အန်တီက စီစဉ်ပေးရတာလေ. . . လေအာတီကို အန်တီ တစ်ခုပြောချင်တယ်. . . ခွန်ထိုက်ကို မေ့လိုက်တော့ကွယ်၊ အန်တီ့သားက ဘယ်သူ့ကိုမှ အလေးအနက်ထားတာ မဟုတ်ဘူး. . . အခုစေ့စပ်ပွဲကို ချက်ချင်းစီစဉ်ရတာ





လည်း သူရှုပ်သွားလို့ပဲ ဟိုကောင်မလေးမှာလည်း မင်းလိုပဲ ကိုယ်ဝန်ရှိနေပြီ'

ခွန်ထိုက်. . . ခွန်ထိုက်က ဒီလိုလူစားမျိုးလား. . ငါ မယုံပါရစေနဲ့ ခွန်ထိုက်ရယ်။ ကျေးဇူးပြုပြီး အဖြစ်မှန်တွေကို သိခွင့်ပေးပါဘုရား။

လေဘာတီရဲ့ခြေထောက်တွေဟာ ပျော့ကျသွားပြီး တစ်ကိုယ်လုံး မတ်တတ်မှလဲပြိုကျသွားပါသည်။ ပတ်ဝန်းကျင်နှင့် တာဒင်တော့ အဆက်အသွယ်ပြတ်သွားသည်။

'ဟဲ့. . ကလေးမ၊ သတိထားဦးလေ. . ဖိုးမြရေ. . ဖိုးမြ. . လာစမ်းပါဦးဟဲ့'

လေဘာတီ အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်း မသိလိုက်ပါ။ ခန္ဓာကိုယ်နှင့် အသိစိတ်က မှိုင်ပေါင်းများစွာဝေးကွာနေသည်။ အိမ်မှာ အမေမရှိလို့သာ တော်တော့သည်။ အမေ့ကို ရှိနေစေချင်သည်။ ဖြစ်နိုင်လျှင် အမေ့ကို ဖက်ပြီး ငိုပစ်လိုက်ချင်သည်။ အမေနှစ်သိမ့်တာကို ခံချင်သည်။ ဘာတွေလဲ. . ဘာဖြစ်လို့ပြောင်းလဲကုန်ရတာလဲ။ ခွန်ထိုက်ရယ်. . နင် ရက်စက်လိုက်တာဟာ. . ငါ့မှာတော့ နင့်ကို ယုံလိုက်ရတာ။ နင် သိပ်ပိရိတာပဲဟာ. . ငါက နင့်ရဲ့အချစ်ဦး မဟုတ်ဘူးပေါ့. . နင့်ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ရှင်သန်နေတာ ငါလေ. . အခု ငါ အသက်မရှင်ချင်တော့ဘူး. . နင်သိလား. . နင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သိမလဲနော်. . နင်က အနိုင်နဲ့ပိုင်းပြီး ငါ့ကို လောင်တိုက်ထဲ သွင်းခဲ့ပြီပဲ. . နင် ပြန်လာရင် ဘဝသစ်တစ်ခု စ,တော့မှာပေါ့။

ဒါဆို. . ငါနဲ့ ငါ့ရင်သွေးလေးက နင့်ကိုစောင့်ဖို့ အခွင့်အရေး မရှိတော့ဘူးပေါ့။

တောင်းဆုတိုင်း မပြည့်စုံနိုင်တာ သိပေမယ့်. . ငါ့ရင်သွေးလေးရဲ့ဖခင်အဖြစ် ရှိနေဖို့ ငါဆုတောင်းနေဦးမှာပါ. . ငါ့ဆုတောင်း ပြည့် မပြည့် ဆိုတာဟာလည်း နင့်အပေါ်မှာပဲ မူတည်ပါတယ် ခွန်ထိုက်. . .

ငါ မလိုချင်တဲ့နေ့ရက်တွေ. . နာရီတွေကို မလွန်ဆန်နိုင်တော့ နာကျင်နေတဲ့ ဒဏ်ရာတွေက ငါ့ရင်ထဲမှာ တင်းကြပ်နေတာပဲ ခွန်ထိုက်ရယ်. . .

ဟိုအရင်က အဖြူရောင်အိပ်မက်လေးတွေကို တမ်းတမိရင် ကြေကွဲရတဲ့ ငါပါ. . ဝဋ်ကြွေးမကုန်သေးလို့ ခံလိုက်ရပေမယ့် ကံမကုန်သေးရင်တော့ ပြန်ဆုံပါရစေ ခွန်ထိုက်ရယ်. .

ရည်ရွယ်ထားတဲ့ အနာဂတ်တွေ ပျောက်ရှကုန်ပြီ. . ငါပေးခဲ့တာ အကုန်လုံးပဲလေ။ အခုကျတော့ ငါပြန်ရတာ ဘာရှိလို့လဲ. . မသိတော့ဘူး. . ငါ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး. . နင့်ကို ငါ မုန်းလို့မှမရတာ. . ငါသေသွားရင်တောင် နင့်ကိုမုန်းသွားမှာ မဟုတ်ဘူး။





ငါ့နှလုံးသားတွေ ကွဲကြေပြီး ရှုံးနိမ့်ခဲ့ရပေမယ့် နင့်အတွက်တော့ အမုန်းတွေ မရှိချင်ဘူး . . . ခွန်ထိုက်

ပုထုဇဉ်ပီပီ အချစ်ရှိရင် အမုန်းရှိရမှာပေါ့. . ငါ့ကျမှ ဘာဖြစ်လို့ အချစ်တွေပဲ ရှိနေရတာလဲ. . ငါ ရင့်ကျက်ချင်ပြီ. . နင့်ကိုလည်း မုန်းတတ်ချင်လာပြီဟာ. . .

အပြင်မှာ မိုးတွေ အုံ့မည်းနေတာပဲ. . ငါ နင့်ကို မိုးရေတွေထဲမှာ အဖြေပေးခဲ့တာနော်။ နင် သတိရနေပါနော်. . . မိုးတွေ ရွာတိုင်း ငါ့ကို သတိရနေပါစေလို့. . .

နင်ပြောခဲ့တယ်လေ. . ငါ့ကို နှုတ်မဆက်ဘူးဆို. . နင်နဲ့ငါ နှုတ်မဆက်ကြေးနော်။

❖



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

လေပြင်းတစ်ချက် ဝှေ့တိုက်သွားစဉ် စူစပြုနေသော
မှာ အေးစက်သွားသည်။ ငွေ့ရည်ဖွဲ့ကာ ရွာသွန်းမည့်မိုးရေစ
ရဲ့ရှေ့ပြေးလေလား။ လေဘာတီအတွက် ဘဝမှာ အသက်ရှင်
တည်မှုဆိုတာ ဘာမှအဓိပ္ပာယ်မရှိတော့။ အနာဂတ်ဆိုတာ ဘ
မျှော်လင့်ချက်ဖြစ်ရိုးမှန်လျှင် သူ့မှာ အနာဂတ်ပျောက်သွားပြီ။
ထိုက်ကို တစ်သက်လုံးကိုးကွယ်ခဲ့တယ်။ ယုံစားခဲ့တယ်။ ရှိသမျှအ
တွေကို အတိုင်းအဆမဲ့ပေးခဲ့တယ်။

ပြန်ရခဲ့တဲ့ရလဒ်က အဆုံးစွန်ထိ ကံဆိုးစေဖို့လား။ မိုး
ကျနေတဲ့ ပတ်ဝန်းကျင်မှာ လျှပ်စီးလက်လိုက်တိုင်း မြင်ရတဲ့ အိမ်





းတွေကို သူမ လိုက်ရှာနေရသည်။ ဟာန်နီကြည်ရဲ့အိမ် ဘယ်မှာ
။ ဟာန်နီဟာ သူမအတွက်တော့ အားကိုးစရာနေခက်ဆုံးကောက်
တစ်မျှင်ပါ။

မြန်မာပြည်မှာရှိတဲ့ ဗမာလူမျိုးတွေရဲ့မလေ့က ရိုင်းပင်းကူ
ညီတတ်ခြင်းပင်။ ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်က သူမကို
မေးသည်။

'အစ်မ. . ဘယ်သူ့အိမ်ကိုရှာနေတာလဲဗျာ။ အစ်မ ကြည့်
ာ ဟိုးအဝေးကြီးက လာရတာထင်တယ်၊ မိုးတွေ ရွာတော့မယ်
အစ်မ'

သူမလက်ထဲမှလက်ဆွဲအိတ်ကိုကြည့်၍မေးခြင်း ဖြစ်သည်။

'ကိုနေဦးနဲ့ မဟာန်နီကြည်တို့အိမ် ဘယ်နားမှာလဲ. . မောင်
လေး'

'ဟိုရှေ့ နှစ်အိမ်ကျော်က တစ်ထပ်တိုက်လေးပဲ၊ တွေ့လား
အစ်မ. . အိတ် ကျွန်တော်သယ်ခဲ့ပေးမယ်. . လာ. . အစ်မ'

'အေး. . အေး. . ကျေးဇူးပဲ မောင်လေး'

ဟာန်နီတို့အိမ်ကလေးကို ကြည့်ခြင်းအားဖြင့် စီးပွားရေး ပြေ
ည်မှန်း သိသာပါသည်။ ခြံဝန်းလေးထဲမှာ တစ်ထပ်တိုက်လှလှက
လေးက နေချင့်စဖွယ်လေး။

ကောင်လေးက -



www.burmeseclassic.com

www.burmeseclassic.com



'အစ်မဟန်နီရေ. . အစ်ကိုနေဦး. . ဒီမှာ ဧည့်သည်ပါလာတယ်'

ညဝတ်အင်္ကျီ၊ ဘောင်းဘီဝမ်းဆက်လေးဖြင့် အလှမပျက်သော သူငယ်ချင်းမအာ တံခါး လာဖွင့်ပေးရင်း လေဘာတီကို တွေ့သောအခါ

'ဟယ်. . လေဘာတီ. . သူငယ်ချင်း. . နင်. . နင် ငါ့ဆီလာတယ် ဟုတ်လား'

တကာယ်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲကြိုဆိုလာသော ဟန်နီ့တို့ လေဘာတီက ရင်ချင်းအပ်ကာ ဖက်ထားမိသည်။

'နင့်အရိပ်မှာ ငါ့ကို ခဏခိုလှုံခွင့်ပေးပါ ဟန်နီရယ်'

'သူငယ်ချင်း. . နင့်မှာ ဘာအခက်အခဲတွေရှိလို့လဲ. . ပြောစမ်း. . ငါ့ကို ပြောစမ်းပါဟယ်၊ ရင်တွေ ပူလွန်းလို့. . တိတ်. . တိတ်မငိုနဲ့တော့နော်'

ဟန်နီ့ကိုတွေ့တော့မှ တင်းထားသောစိတ်ကို လျှော့ချရင်း စိတ်လွတ်ကိုယ်လွတ် ငိုမိတော့သည်။

ဟန်နီက အကြင်းပင်းစွာဖြင့် လာပို့ပေးသော ကောင်လေးကို ပ,ထုတ်လိုက်သည်။

'သူ့ကိုလိုက်ပို့တဲ့အတွက် ကျေးဇူးပဲ မောင်လေးရယ်၊ ရှေ့ မုန့်ဖိုးနှစ်ရာ ယူသွား၊ လေဘာတီ. . လာ. . အိမ်ထဲ သွားကြမယ်





ကိုနေဦး မရှိဘူး။ dinner သွားတယ်၊ အေးအေးဆေးဆေး ပြောပြနော် သူငယ်ချင်း'

ဟန်နီက ဧည့်ဝတ်ကျေပွန်လွန်းသည်။ လေဘာတီ့အိတ်ကိုယူပြီး ဘုရားခန်းဘေးက အိပ်ခန်းလွတ်လေးထဲမှာ နေရာချပေးသည်။ သပ်ရပ်လှပသော အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်လေးက စိတ်ကို ခဏတာ ကြည်လင်စေသည်။

သို့သော် ကားစီးလာရသော အရှိန်ကြောင့် ခေါင်းထဲတွင် မူးနောက်နေသည်။

'လေဘာတီ ထမင်းမစားခဲ့သေးဘူးမဟုတ်လား၊ ပြင်လိုက်မယ်နော်'

'နေပါစေ ဟန်နီရယ်၊ ထမင်းမစားချင်တော့ဘူး. . လမ်းမှာ ကော်ဖီသောက်လာခဲ့တယ်. . အော့. . ဝေါ့. . '

လေတွေ ဆန်ပြီး အန်ချင်လာသည်။ ဟန်နီက ထွေးခံတစ်ခုကို ပြေးယူလာပေးရင်း

'အန်ချင် အန်ချလိုက် သူငယ်ချင်း. . . နင့်. . နင့်မှာ. . ဟိုဒင်း'

ဟန်နီက ဆက်မေးရမှာ တွန့်ဆုတ်နေသည်။ အိမ်ထောင်မရှိသေးတဲ့မိန်းကလေးတစ်ယောက်ကို မျက်နှာပြောင်တိုက်ပြီး အယ်သို့လုပ်မေးရက်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဟန်နီ. . ငါ. . ငါ. . ဘာဆက်လုပ်ရမှန်းမသိလို့ နင့်ဆီကို လာတာ'

'ခွန်ထိုက်ရော. . လေဘာတီ. . သူ ဘယ်သွားတာလဲ'

'MRCP ယူဖို့ အင်္ဂလန်ကို သွားတယ်၊ သူ သစ္စာမရှိဘူး ဟန်နီရယ်. . သတင်းစာထဲမှာတွေ့လိုက်တယ် မဟုတ်လား'

'တွေ့တယ်. . ဒါပေမယ့် ငါ နင့်ကို မမေးသင့်ဘူး ထင်လို့ စာ မရေးလိုက်တာပါ'

'အဲဒါ တကယ်ပဲ ဟန်နီ၊ အဲဒီတစ်ယောက်မှာလည်း သူနဲ့ ရတဲ့ကိုယ်ဝန် ရှိတယ်တဲ့. . သူ သစ္စာမရှိဘူး၊ ငါ့ကို မငဲ့ဘူး'

သစ္စာမရှိဘူးလို့ ခွန်ထိုက်ကို စွပ်စွဲရင်း ရှိုက်ကာငင်ကာငို ကြွေးနေသော လေဘာတီကို ဟန်နီ ဘယ်လိုနှစ်သိမ့်ရမှန်း မသိပါ။

'ငါ့ဘဝ ပျက်အောင် လုပ်သွားတာ၊ ငါ့ကို ယူဖို့ အစီအစဉ် မရှိဘဲနဲ့ ပန်းကောင်းအညွန့်ချိုး လုပ်သွားရက်တာ၊ အမှန်က ငါသေ ပစ်လိုက်ချင်တာ ဟန်နီ၊ အခု ငါ့မှာက အသက်နှစ်ချောင်း ဖြစ်နေ လို့'

'စိတ်ထိန်းပါ သူငယ်ချင်းရယ်၊ ဒီမှာ နင့်ကိုသိတဲ့လူ တစ် ယောက်မှမရှိပါဘူးဟယ်. . နောက်ပြီး. . ငါတို့မှာလည်း ကလေးမရှိ ဘူးလေ၊ ကိုနေဦးကဆို ကလေးလိုချင်တာ တစ်ပိုင်းကို သေနေတာ ပဲ၊ နင့်ဗိုက်ထဲက ကလေးကိုတော့ ခွင့်လွှတ်ပြီး ချောချောမောမော





ဖြစ်အောင် မွေးပေးပါကွယ်၊ သူ အပြင်ရောက်တာနဲ့ ငါ့တာဝန်ထား နော် သူငယ်ချင်း၊ ငါတို့ကို ပေးမွေးပါဟာ နင့်မှာက အန်တီရှိသေး တယ်လေ. . နင် ကလေးမွေးပြီးတာနဲ့ ရန်ကုန် ပြန်ပြီး အန်တီ့ကို ပြုစုရဦးမယ်. . နင်ဖြစ်ချင်တဲ့ စေတနာဆရာဝန်မကြီး ဖြစ်အောင် လုပ်ရဦးမယ် မဟုတ်လား'

ခွန်ထိုက်ကို ဘယ်လိုပဲ စိတ်နာပါစေ သူ့ရဲ့သွေးကို သူများ ပေးဖို့ကျတော့ မလွယ်ကူပါ။ လေဘာတီ တွေဝေနေတာ ဟန်နီသိ သည်။ သူ့ရင်သွေးလေးဆိုတော့ ချက်ချင်း ဘယ်ခေါင်းညိတ်မှာလဲ လေ. . .

'လောလောဆယ်ဆိုတော့ နင့်ခေါင်းတွေ ပူနေမှာပဲ၊ အေး အေးဆေးဆေးအနားယူပြီး အချိန်ယူစဉ်းစားပါ လေဘာတီရယ်. . အန်တီ့ကို နင်ဘယ်လိုပြောလာသလဲဟင်'

'ငါ အမေ့ကို မညာစဖူး ညာလိုက်မိတယ်၊ ကျောက်ဆည် က သူငယ်ချင်းဆေးခန်းမှာ ကူမလို့ ဆိုပြီး ထွက်လာခဲ့တာ၊ ကျောက် ဆည်မှာ နင်လည်း ရှိနေတယ်ဆိုတော့ အမေက စိတ်ချလက်ချလွှတ် လိုက်တာလေ'

ဟန်နီ့ကို ရင်ဖွင့်လိုက်ရလို့ နှလုံးသားတွေ ကွဲကြေကုန်ပြီး နာနာကျင်ကျင်နှုတ်ဆက်ခဲ့တာ မဟုတ်ပေမယ့် သေသေချာချာ ချစ် ခဲ့တဲ့ ကိုယ့်ရဲ့နှလုံးသားကို ရင့်ကျက်ပြီး တည်ငြိမ်လာအောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိ စောင့်ရှိုးမှာလဲ။ ကံဆိုးလွန်းလို့ ခွန်ထိုက်လိုလူနဲ့ ဆုံဆည်းခဲ့ရတာလား။ မကောင်းဆိုးဝါးတစ်ကောင်လိုပဲ ထားခဲ့မှာကို မသိလို့ အညာမိသွားတဲ့ ကိုယ့်အဖြစ်ကြောင့် ကိုယ့်ဘာသာပဲ အပြစ်တင်ပါတယ်။

နှလုံးသားက အရှုံးသမားဖြစ်ခဲ့ပေမယ့် ခွန်ထိုက်ဆိုတဲ့ ချစ်သူတစ်ယောက်ကို ဘယ်တော့မှ ဘယ်သောအခါမှ အမုန်းများ မရှိချင်ပါဘူး။

စိတ်တွေက ဒွိဟတွေနဲ့ဇဝေဇဝါဖြစ်နေတုန်းပါ။ အရမ်းမုန်းသွားပြီလား။ ဒါမှမဟုတ် သူ့ကို ချစ်နေတုန်းပဲလား။

❖



## အခန်း(၁၅)

ဟန်နီကို အရင်တုန်းက ကလက်သည်ဟု ထင်ခဲ့သည်။ ပေါ့ပျက်သည်ဟု ထင်ခဲ့မိသမျှ မှားပြီဆိုတာ သိလိုက်ရသည်။ လေဘာတီအတွက်တော့ အားငယ်နေတဲ့အချိန်မှာ ကိုယ့်ရဲ့သွေးသားရင်းချာညီအစ်မလို စိတ်ရော ကိုယ်ပါ နှစ်ပြီး စောင့်ရှောက်ပေးတဲ့အတွက် ပြောမပြတတ်အောင် ကျေးဇူးတင်ရသည်။

'သူငယ်ချင်း. . နွားနို့ပူပူလေးသောက်လိုက်ဦးနော်'

နွားနို့ခွက်ကိုမြင်လိုက်တာနှင့်တင် ဖျို့ဖျို့ပြီးအန်ချင်လာ၏။

'မသောက်ချင်တော့ဘူး ဟန်နီရယ်. . ငွတ်မိတ်ပြီး မြိုချနေရတာ'

ဟန်နီက အပြောကောင်းသူပီပီ



www.burmeseclassic.com

www.burmeseclassic.com



'သူ့အဖေကို စိတ်နာတာနဲ့ပဲ ကလေးအတွက် မစဉ်းစားတော့ဘူးလား . . ဒေါ် လေဘာတီ၊ နင့် သိထားဖို့က ကလေးမှာ ဘာအပြစ်မှ မရှိဘူးနော်'

ဟု အပြစ်တင်တော့ လေဘာတီ ခံစားရသည်။ ပြုံးလဲ ကြွေတွဲနေပေမယ့် ဟန်ဆောင်ပြုံးနေရတဲ့ ဘဝကို ဘယ်သူမှ မစာနာနိုင်တော့ဘူးလား . . .

'နင် . . နင်ကပါ ငါ့ကိုအထင်လွဲနေပြီလား ဟန်နီ၊ ငါ ဆရာဝန်တစ်ယောက်ပါဟာ၊ ပြီးတော့ . . ဒီကိုယ်ဝန်ဟာ ငါ့ရဲ့သွေး . . ငါ ဘယ်လိုမှ မပစ်ပယ်နိုင်လို့ နင့်ဆီကို လာရတာလေ . . ကျေးဇူးပြုပြီး နောက်ကို အဲဒီလိုမပြောပါနဲ့ ဟန်နီရယ် . . . တောင်းပန်ပါတယ်၊ ဒီကလေးကို ငါ့အသက်နဲ့ထဲပြီး ငါမွေးမှာပါဟာ'

ပါးပြင်မှာ မျက်ရည်တွေစိုနေတဲ့သူငယ်ချင်းလေးကို ဟန်နီ သနားသွားသည်။ အရင်က ပြိုင်ဖက်လို သဘောထားပေမယ့် ကိုယ့်ဘဝနဲ့ကိုယ်ဖြစ်နေတဲ့ ခုလိုချိန်မှာတော့ သဘောထားတွေပြောင်းလဲကုန်ပြီဖြစ်သည်။

လေဘာတီကို ဂရုစိုက်တာထက် ဟန်နီက သူမ ဗိုက်ထဲက ကလေးကို ပိုပြီး စိတ်ဝင်စားသည်။

အိမ်ထောင်သက် ခုနစ်နှစ်ကျော်လာပြီဖြစ်ပေမယ့် ကလေးမရနိုင်သေးတော့ ဒီတစ်သက် လက်လျှော့ရမလိုဖြစ်နေတုန်း ဘုရား





သိကြား မ,လို့ လေဘာတီက ဗိုက်တစ်လုံးနဲ့ အိမ်ပေါ် ရောက်လာခဲ့သည်။ ဒီအခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်။ ကလေးမရှိတဲ့ မိသားစုဟာ တစ်ခုခုလစ်ဟာနေသလို . . ယောကျ်ားဖြစ်သူက အိမ်တောင်သိပ်မကပ်ချင်တော့ပါ။ ကိုနေဦးက လောင်းကစား ဝါသနာထုံသည်။ ဝါသနာတူသူငယ်ချင်းတွေ ပေါင်းမိရင် ညဘက်တွေဆို အိမ်တောင်ပြန်မလာတော့ပါ။

လေဘာတီရှိနေလို့ ဟန်နီလည်း အဖော်ရနေသည်။ ညညတွေ တစ်ယောက်တည်း အထီးကျန်နေရသည့် ဘဝမှ တခဏတော့ ကင်းလွတ်ခွင့် ရသွားသည်။ ဒီယောကျ်ား အိမ်ကပ်အောင်လုပ်ဖို့က သူသိပ်လိုချင်နေသည့် ကလေးတစ်ယောက် ရှိမှဖြစ်မည်။

'ငါ့စကားမှားသွားရင် တောင်းပန်ပါတယ် သူငယ်ချင်းရယ် နင့်ဗိုက်ထဲက ကလေးက ငါ့ကလေးပဲလေ စိုးရိမ်လို့ပါဟယ်'

'နင် ငါ့အပေါ်မှာတာဝန်ကျေပါတယ် ဟန်နီရယ် နင့်ကျေးဇူးတွေ ငါ ဒီတစ်သက် မမေ့သလို ဆပ်လို့လည်း ကုန်မှာမဟုတ်ဘူး'

'လောလောဆယ်ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီနို့လေးတစ်ခွက်တော့ သောက်လိုက်နော်၊ ပြီးရင် . . လမ်းလျှောက်ထွက်ကြမယ်လေ'

ဟန်နီရဲ့ ပြုံးစိုစောင့်ရှောက်မှုအောက်မှာပဲ သူမရဲ့ကိုယ်ဝန်ဟာ လရင့်လာခဲ့ပါသည်။

ကိုယ့်ကလေးကို သားလား သမီးလား ဆိုတာ ကြိုပြီး မသိ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာက သူမဆန္ဒ။ ဘာလေးပဲဖြစ်ဖြစ်ချစ်မှာပဲမို့ ဟန်နီ ဘယ်လိုပဲ တိုက်တွန်းပါစေ ultrasoundရိုက်ကြည့်ဖို့ ဘယ်တော့မှစိတ်မကူးခဲ့ပါ။ သဘာဝအတိုင်း ခက်ခက်ခဲခဲမွေးလာတဲ့ ကလေးလေးကိုကြည့်ပြီး အမောပြေချင်သည်။ လေဘာတီရဲ့နေ့စဉ်တောင်းဆုက ချစ်စရာကောင်းတဲ့၊ ကိုယ်လက်အင်္ဂါစုံလင်တဲ့ ကလေးလေးဖြစ်ဖို့ပင်။

သူမ ဆုတောင်းပြည့်ပါသည်။ နွေလယ်ရက်ရဲ့တစ်ခုသော အချိန်မှာ ဇပေါင်ရှိတဲ့ သမီးလေးကို ချောမောစွာမွေးဖွားနိုင်ခဲ့သည်။ ဖြူဖွေးဝင်းကစ်နေသောသမီးလေးကို မြင်သူတိုင်း ချစ်ကြသည်။ ဟန်နီတို့လင်မယားက အကဲဆုံး ဖြစ်သည်။ လေဘာတီသည် သမီးလေးမျက်နှာကို မြင်ရစဉ် အမောပြေ အေးမြသွားပြီး နောင်ဖြစ်လာမည့် ပြဿနာကို မစဉ်းစားချင်တော့ပါ။ မသိကျိုးကျွံ ပြုပြီး သမီးနှင့်သာ အချိန်ကုန်စေခဲ့သည်။

ရင်နှင့်စည်း၍ခံခဲ့ရသော သောကတွေ၊ နာကြည်း ခံပြင်းမှုတွေကို မေ့လုမေ့ခင်အချိန်မှာပဲ ကံကြမ္မာက ရိုက်ချက်ပြင်းပြင်းဖြင့် ဝင်ရောက်လာပုံက ရှင်နာစရာပင်။

မိန်းကလေးဘဝကို ပိုပြီးစိတ်နာမိလေသည်။ သိက္ခာတရားနှင့် အချစ် စစ်ဖြစ်နေရသောဘဝတွင် လေဘာတီ့ဘဝက တစ်ဖက်သတ်အရှုံးသမားသာ ဖြစ်သည်။

နွေပန်းခင်း ဆိုတဲ့သမီးလေးကို သူမ သိပ်ချစ်ပါသည်။ နှင်း





ယှဉ်စရာမရှိလောက်အောင်ကို သမီးက သူမဘဝအတွက် မရှိမဖြစ် ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် သမီးရှိနေသမျှ သမီးရဲ့အဖေကိုပင် အစားထိုးပြီး မေ့ပျောက်နေနိုင်ပါပြီ။ ဟာလာဟင်းလင်းဖြစ်နေတဲ့ ရင်ဘတ်ကြီးထဲမှာ သမီးက ဖြည့်စွက်အလင်းတန်းလေးတစ်ခုပါပဲ။

လေဘာတီရဲ့နေ့ရက်တွေ မှိုင်းချုပ်စေဖို့ ဖြစ်လာခဲ့ပြီ။ သမီးတို့စိတ်မချတဲ့ လေဘာတီရဲ့အမေဟာ အကြောင်းမကြားဘဲ ကျောက်ဆည်ကို လိုက်ချလာပါသည်။ အဲဒီအချိန်မှာ လေဘာတီက မီးတွင်းထဲက ထွက်ကာစ။ ရှတ်တရက်ရောက်လာတဲ့ အမေ့ကို တွေ့စဉ်ခဏမှာ သွေးတွေဆောင့်တက်ပြီး မတ်တတ်က လဲပြိုလုလု။ ကလေးတစ်ယောက်ကို တိတ်တိတ်ပုန်း လာမွေးတဲ့မိန်းမတစ်ယောက်ဟာ အမေသိပ်ဂုဏ်ယူနေတဲ့ အမေ့သမီးပါလို့ ဘယ်လိုအင်အားနဲ့ဖွင့်ပြောရက်ပါ့မလဲ။ ဆုံးရှုံးခံဖို့ဆိုရင် တီးတိုးငိုရှိုက်ပြီး ကိုယ့်ဟာကိုယ်ပဲ ခံချင်တာပါ။ မျှော်လင့်ချက်မရှိဘဲ ဆုပ်ကိုင်ထားရတဲ့သောကတွေနဲ့ အိပ်မက်တွေက နိုးထဖို့ ဖြစ်လာခဲ့ပြီ။ ထွက်ပြေးလို့မလွတ်မြောက်နိုင်တဲ့ လမ်းဆုံလေးပေါ်မှာ ကူကယ်ရာမဲ့စွာ. . .။

'သမီးရယ်. . . နေမှကောင်းရဲ့လားလို့ မေမေ့မှာ သမီးကို အိပ်မက် ခဏခဏမက်နေလို့ စိတ်ပူပြီး လိုက်လာခဲ့တာ'

ဒီပွဲမှာ ဟန်နီက ဇာတ်ဆရာပါ။

သို့ပေမယ့် သူလိုရာ သူဆွဲကသွားတဲ့အပေါ်မှာ သူ့ကေ ဘု



www.burmeseclassic.com

www.burmeseclassic.com



မသိဘမသိနဲ့ ဝင်ကလိုက်ရပြီး ဇာတ်သိမ်းခန်းက ကြေကွဲစရာအဆ
ဖြင့် ဇာတ်နာခဲ့ရလေပြီ။

'အူဝဲ အူဝဲ အူဝဲ'

သမီးကလေးရဲ့အသံလေးက သနားစဖွယ် ထွက်ပေါ်လာ
သောအခါ လေဘာတီမျက်နှာက ဖျက်သထက် ဖျက်လာသည်။ သူ
နှုတ်ခမ်း သူ လျှာလေးနှင့်သပ်ရင်း ဗိုက်ဆာနေကြောင်း အချက်ပြနေ
တဲ့ သမီးကိုကြည့်ပြီးဖြစ်ချင်ရာဖြစ် အားလုံးကို ရင်ဆိုင်ပစ်လိုက်ချင်
သည်။

'ဟယ်. . ကလေးငိုသံပါလား'

ဟန်နီက အချိန်မဆိုင်းဘဲ ချက်ချင်းပင်

'ဟုတ်တယ် အန်တီရဲ့. . ဟန်နီ့သမီးလေးပါ၊လေးဆယ့်ရှ
ရက်ပဲ ရှိသေးတယ်၊ ဟင်း. . ဟင်း. . အဲဒါ လေဘာတီပဲ မွေးပေး
တာလေ၊ ကိုနေဦးကဆို သူ့ကို ကျေးဇူးတင်လို့မဆုံးဘူး'

ဘာမှမသိသေးတဲ့ အဘွားမှာတော့ ကိုယ့်မြေးစစ်စစ်ကြီးက
သူများသမီးအမှတ်နှင့် တယုတယချီပိုးလို့လေ။ ထိုမြင်ကွင်းကို ဘယ်
လိုအင်အားနဲ့ ရှေ့ဆက်ကြည့်နေရမှာလဲ။

တစ်ခုခုပြောဖို့အားယူနေသော သူမလက်ကို ဟန်နီက ဖျစ်
ညှစ်၍ အချက်ပေးနေသည်။

'ကြည့်စမ်းပါဦးကွယ်. . ဟန်နီ့သမီးလေးက ချစ်ဖို့ကောင်း





လိုက်တာ ဒါနဲ့ ကလေးက နို့ဆာနေတယ်နဲ့တူတယ်၊ သနားပါ တယ်
သမီးရယ်. . နို့တိုက်လိုက်ပါဦး'

'ဟင်း. . ဟင်း. . သမီးလေးက နို့ဘူးပဲ စို့တာ အန်တီရဲ့
. . ပေး. . ပေး၊ နို့ဘူးတိုက်လိုက်ဦးမယ်'

ရက်စက်လိုက်တာ ဟန်နီရယ်။ သမီးလေးကို ငါ နို့တိုက်ရ
ဦးမယ်လေ။ နင်ဘာဖြစ်လို့ ပိတ်ပြီးပြောလိုက်တာလဲ။

ဟင့်အင်း. . ငါ့သမီးကို ငါရှိနေသမျှ နို့ဘူးမတိုက်စေရဘူး။
သမီးလေး အနားမှာ ငါ အမြဲချစ်ပါရစေဟာ။ ငါ့ရင်ခွင်ထဲက သမီး
လေးကို ဆွဲထုတ်မသွားပါနဲ့။ သမီးလေးနဲ့ ခွဲခွာပြီး နေဖို့ ငါမရဲဘူး
ဟန်နီရယ်။

ဟန်နီက သမီးလေးကိုခေါ်ပြီး သူ့အခန်းထဲ ဝင်သွားသည်။
လေဘာတီမှာ အသက်နှင့်ခန္ဓာတွဲလျက်က ကျောက်ရုပ်လို ဖြစ်နေမိ
သည်။ နို့ရည်တွေက စိမ့်ကနဲထွက်ကျလာသည်။

'ဟဲ့. . သမီး. . ဘာတွေ ငေးနေတာလဲ။ မေမေ့အိတ်တွေ
သယ်ပေးဦးလေ'

'ဟုတ်. . ဟုတ်ကဲ့ပါ၊ မေမေရော နေကောင်းရဲ့လားဟင်'

'ကောင်းပါတော်၊ ကျုပ်က ညည်းကိုပဲ စိတ်ပူနေတာ အိပ်
မက်တွေက ညဆက် မက်နေလို့ မနေနိုင်တော့လို့ ချက်ချင်းထလိုက်
လာခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



'သမီးအတွက် စိတ်ချဝါ မေမေ'

သမီးအမိုက်မကို ခွင့်လွှတ်ပါတော့ မေမေရယ်။ ရင်ထဲမှာ ဒဏ်ရာက ဟက်တက်ကြီး ကွဲနေပြီ မေမေ။ လင်ကောင် မပေါ်ခင် ကလေးမွေးတဲ့မိန်းမရဲ့ မိခင်တစ်ယောက်အဖြစ် မေမေ့ကိုမသိမ်ငယ်စေ ရပါဘူး။

❖



## အခန်း(၁၆)

လေဘာတီက မိခင်အလစ်ကို ချောင်းပြီး ဟန်နီ့အခန်းထဲ ကိုဝင်သည်။ သမီးလေးက ညာ်ကောင်းသည်။ ဘယ်လောက်ပဲ နို့ဆာနေပါစေ အကြာကြီးမငိုတတ်ပါ။ တစ်ချက်နှစ်ချက် ငိုလို့မှ နို့မစို့ရလျှင် သူ့ဟာသူ လက်ကလေးစုပ်ပြီး တိတ်ဆိတ်စွာ နေသည်။

'ဟန်နီ . . သမီးလေး ငါ့ကိုပေး၊ နို့တိုက်ချင်လို့'

ဟန်နီ့လက်ထဲက သမီးလေးကိုယူပြီး နို့တိုက်တော့ စိတ်မထိန်းနိုင်ဘဲ လေဘာတီ ငိုမိသည်။

'သူငယ်ချင်းရယ် စိတ်ကိုထိန်းမှပေါ့ . . အန်တီ သိသွားရင် အရှမ်းရှက်သွားလိမ့်မယ်၊ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



အမေကိုချစ်တဲ့သမီးမို့ ဟန်နီက အမေနှင့်ကိုင်ပေါက်လိုက်တော့ တစ်ချက်တည်း လေဘာတီ ငိုင်ကျသွားသည်။

'နင်ဝင်ဖြေရှင်းပေးတာ ကျေးဇူးတင်ပါတယ်ဟာ၊ ဒါပေမယ့် သမီးကို ငါမခွဲနိုင်ဘူး ဟန်နီ၊ ငါ မေမေ့ကို ဖွင့်ပြောလိုက်တော့မယ်'

'ခေါင်းအေးအေးထားစမ်း လေဘာတီ၊ ဒီဖြစ်စဉ်တစ်ခုလုံးကို ငါသုံးသပ်ပြမယ်၊ နင် သိထားဖို့က ခွန်ထိုက်ဘုကီက လုံးဝတာဝန်မယူနိုင်တာ-နေသချာနေပြီ၊ ဒီသမီးလေးကို အဖမဲ့သမီးအဖြစ် တစ်သက်လုံးရှင်သန်စေတော့မှာလား၊ ပြီးတော့ . . အန်တီလည်း အသက်ကြီးပြီ၊ ခုချိန်မှာ နင့်ကိုပဲ မှီခိုရတော့မှာ . . နင်နဲ့ ငါက သူငယ်ချင်း ညီအစ်မတွေပဲ၊ နင့်သမီးက ငါ့သမီးပဲပေါ့ . . . သမီးလေးကို ငါ့ဆီမှာပဲ စိတ်ချလက်ချထားခဲ့ပါ၊ လိုလေသေးမရှိ ငါဖြည့်ဆည်းပေးမှာပါ နင် သတိရတဲ့အခါ အချိန်မရွေးလာကြည့်လို့ရနေတာပဲ လောလောဆယ်တော့ အန်တီနဲ့ နင် ပြန်လိုက်သွားလိုက်ပေါ့'

လေဘာတီခေါင်းထဲတွင် တစ်ဆစ်ဆစ်ကိုက်ခဲလာသည်။

'ငါ့သမီးလေးကို လွမ်းလို့ ငါသေလိမ့်မယ် ဟန်နီ'

'တစ်ခုရှိတယ်၊ ခွန်ထိုက် ပြန်လာရင် နင်စာရင်းရှင်းလိုက်၊ သူ လက်ခံတယ်ဆိုရင် သမီးကိုပြန်ခေါ်လိုက်ပေါ့'

ခါးသီးစွာပင် သူမ ငြင်းပယ်မိသည်။

'ရှိပါစေတော့ ဟန်နီရယ် ယောကျ်ားတစ်ယောက်ကို မိန်းမ





နှစ်ယောက်က လုပြီး ပေါင်းရမယ်ဆိုရင်တော့ ငါဘေးထွက်နေလိုက်တော့မယ်၊ သူ့မျက်နှာကိုတွေ့ရင် အဟောင်းက အသစ်ဖြစ်လာမှာစိုးလို့ ဘယ်တော့မှမတွေ့ဖို့ ငါဆုံးဖြတ်ထားပြီးသား'

'ဒါဆို နင် ဘာဆက်လုပ်မလဲ'

'မသိတော့ဘူး ငါ ဘာမှမသိတော့ဘူးဟာ ငါ့သမီးလေးကိုခေါ်ပြီး ဟိုးအဝေးကြီးကို ထွက်ပြေးသွားချင်[illegible]တယ်'

'ဒါဆို ငါဆုံးဖြတ်ပေးမယ်နော်၊ နင်အန်တီနဲ့ပြန်လိုက်သွားပြီး ပိုစတင်ကျတဲ့နေရာကို စောင့်၊ အဲဒီကို အန်တီမလိုက်နိုင်ဘူးဆိုမှ ကလေးထိန်းတစ်ယောက်ခေါ်ပြီး နင့်သမီးလေးကို ခေါ်သွားပေါ့၊ လောလောဆယ် ငါတို့လည်း ကလေးမွေးဖူးတယ်ရှိအောင် ခဏပေးမွေးစားပါဟာ . . သူများတွေပြောနေကြလို့လေ . . ကလေးမွေးစားရင်မကြာခင် ကိုယ်ဝန်ရတတ်တယ် တဲ့'

ဟန်နီ့ကို လေဘာတီ ငြင်းနိုင်စွမ်းမရှိတော့ပါ။ သူပြောတာမှန်ကန်သင့်လျော်နေတာပဲလေ။

ဟန်နီ့ကိုလည်း သနားသည်။

သူ့မှာ တစ်ယောက်တည်း အထီးကျန်နေရတာ အတူနေကြည့်တော့မှ သူမ သိလာရသည်။

အပြစ်ကင်းစင်စွာအိပ်မောကျသွားပြီဖြစ်သော သမီး၏နှဖူးလေးကို ညင်သာစွာ တရှိုက်မက်မက် နမ်းရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ကြီးက အမြဲတမ်း ရှိနေသလို မေမေလည်း သမီးလေးအနားမှာ အမြဲရှိနေမှာပါ သမီးရယ်. . .

'လေဘာတီ နင်မြန်မြန်သွားမှဖြစ်မယ်နော်။ ပတ်ဝန်းကျင်က ရှိသေးတယ်၊ တော်ကြာ. . ဒီကလေးကို ငါမွေးတာ မဟုတ်မှန်း အန့်တီ သိသွားလိမ့်မယ်'

ဟန်နီပြောတာ သဘာဝကျပါသည်။ လေဘာတီက အားတင်းရင်း ကတိပေးလိုက်သည်။

'ငါ သွားမှာပါ ဟန်နီ၊ ဒါပေမယ့်. . ငါပြန်လာခဲ့မယ်၊ ငါမရှိတုန်း ငါ့သမီးလေးကို ဂရုစိုက်ပေးပါ ဟန်နီရယ်၊ နင့်ကျေးဇူးကို ငါ ဒီတစ်သက် မမေ့ပါဘူး'

ဟန်နီက သူငယ်ချင်းကို လှမ်းဖက်ပြီး နှစ်သိမ့်မိသည်။

ပြန်လာခဲ့မယ်လို့ ပြောသွားခဲ့တဲ့ လေဘာတီ တစ်ယောက် သုံးလအတွင်းမှာ တကယ်ပြန်လာခဲ့ပါသည်။ယုံကြည်စွာထားခဲ့သော သမီးလေးကို မတွေ့ရတော့ပါ။ ဟန်နီတို့လင်မယားကိုလည်း မတွေ့တော့ပါ။

ရင်ဝကို မီးစနှင့်မြှိုက်လိုက်သလိုပူလောင်လွန်းလို့ အရူးမီးဝိုင်းဖြစ်ရသူက လေဘာတီပါ။

ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့မှ အကြောင်းစုံကို သိရတော့သည်။ ဒီအိမ်က ဟန်နီတို့အိမ်ပိုင်မဟုတ်ဘဲ နှစ်ချုပ်နှင့် ငှားနေ





ကာတဲ့။ လွန်ခဲ့တဲ့ဆယ်ရက်လောက်ကမှပြောင်းသွားကြတာတဲ့။ အားသုံးက သူမကိုပဲ ဝိုင်းပြီးအပြစ်တင်ကြသည်။ ကလေးကို ဘာဖြစ်လို့ထားခဲ့တာလဲတဲ့။ ပြောကြပါ[illegible]တော့။

မျက်စိမှိတ်ပြီး စဉ်းစားကြည့်တော့မှ ဟန်နီ လှည့်စားသွားတာတွေ တရေးရေးပေါ်လာသည်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကမှ သူမ ဖုန်းဆက်သေးသည်။ အဲဒီတုန်းကရှိနေသေးတာပဲ။ ချင်းတောင်မှာ ပို့စတင်ကျတော့ အမေက လိုက်မနေနိုင်ပါ။ သူမမှာ ဝမ်းသာအားရနှင့် သမီးငယ်လေးကိုလာခေါ်ဖို့ ဟန်နီ့ဆီဖုန်းဆက်သည်။ လာခေါ်ပါ စောင့်နေမယ်တဲ့လေ။

သမီးလေးကို ဒင်းတို့ ဘယ်ခေါ် ပြေးသွားပြီလဲ။ လူယုံဆိုတာ ဒါမျိုးပဲလား။ ပူလောင်သောမျက်ရည်စတွေက ပါးပြင်ပေါ်မှာ တစ်ပေါက်ပေါက်လိမ့်ဆင်းနေသည်။ ပြေးစမ်း ဟန်နီ၊ နင်ဘယ်လောက်ဝေးဝေးကို ပြေးနိုင်မလဲ။ နင့်ဆီမှာပါသွားတာက ငါ့ရဲ့သွေးလေ။ နင့်သွေးမှ မဟုတ်တာ။ သွေးချင်းနီးပါတယ်ဟာ။ ငါ့သမီးကို နင့်လက်ထဲက ရအောင်ပြန်ယူမယ်။

ဒီတစ်သက်တော့ နင်ဟာ ငါ့ရဲ့ရန်သူပဲ။ နင့်ကို ငါ သူငယ်ချင်းစာရင်းက ပယ်ဖျက်လိုက်ပြီ ဟန်နီ။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

1st MB တက်နေတဲ့ နွေပျိုးခင်းဆီကို သက်စု မကြာခဏ အလည်လာလေ့ ရှိသည်။

တောမြိုင်ကတော့ သတိရတိုင်း လာပြီး အခစားဝင်သည် သူငယ်ချင်းတွေက တောမြိုင်ကို သူမချစ်သူဟု သာ ထင်ကြသည်

ပျိုးခင်း စုံစမ်းနိုင်းထားတဲ့ ဒေါက်တာခွန်ထိုက်အကြောင်း ပြောပြချင်လို့ သက်စုခမျာ ကင်န်တင်းမှာ နာရီဝက်လောက် ထိုင်စောင့်နေရသည်။

လက်ချာပြီးလို့ ထွက်လာတဲ့ ပျိုးခင်းက ထမင်းစား ကင်န်တင်းထဲကို လှမ်းအဝင်





'ပျိုးခင်းရေ. . ငါ ဒီမှာဟေ့'

သက်စုလှမ်းခေါ်တဲ့ဆီကို သွက်လက်သောခြေလှမ်းများဖြင့် လျှောက်သွားမိသည်။

'နင်စောင့်နေရတာကြာပြီလား သက်စု၊ အန်ကယ်ရော နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်ဟာ. . နင့်ကိုပြောစရာရှိလို့ဟဲ့ ဒေါက်တာခွန်ထိုက်အကြောင်း နင် သိချင်တာဆို'

'သိပြီလားဟင်. . ဘာတွေ သိလာလို့လဲ'

'ငါ့ဝမ်းကွဲအစ်မဆီက သိလာတာ. . သူ့သမီးလေး နာမည်က မိုးသားဖြူ. . တဲ့၊ TTCမှာ ခုနစ်တန်းတက်နေတယ်။ သူ့မိန်းမက ဒေါက်တာပွင့်ကြည်သာ တဲ့။ OG ပဲလေ. . နင်ကြားဖူးတယ် မဟုတ်လား'

'အရမ်းချောတယ်လို့တော့ ကြားဖူးတာပဲ'

'ငါသိတာတော့ ဒါအကုန်ပဲ ပျိုးခင်း'

'ငါက သူတို့နဲ့ပတ်သက်ပြီး လေဘာတီ ဆိုတာကို သိချင်တာ'

'လေဘာတီ. . လေဘာတီဆိုတာ ဘယ်သူလဲ'

'ငါလည်း မသိဘူး၊ ဒါပေမယ့် သူက ငါနဲ့ သိပ်တူတာပဲတဲ့ ငါနဲ့ ဘယ်လို ပတ်သက်နေမှန်း မသိဘူး. . . ငါ့မှာလာ ရင်ဖွင့်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ နှင်ပဲ ရှိတာ၊ အခု မာမီတို့ကို ဒေါက်တာခွန်ထိုက်က ပေးကမ်းစောင့်ရှောက်နေတာ ငါသိတယ်. . ငါထင်တာမမှားဘူးဆိုရင် အခု ငါတို့နေတဲ့ တိုက်ခန်းတောင် သူဝယ်ပေးထားတာ ဖြစ်ဖို့ များတယ်၊ အဲဒါ ဘာကြောင့်လဲ. . သူတို့ ဘယ်လိုဆက်စပ်မှုရှိလို့လဲ'

သက်စုက ခေါင်းကို ဟိုဘက်ဒီဘက်ခါရမ်းရင်း

'နှင်ပြောမှ ငါလည်း ရှုပ်ကုန်ပြီဟာ ထူးတော့ထူးဆန်းတယ်နော်'

'ဟုတ်တယ် သက်စု. . . ငါ့ဘဝကြီးက ပဟေဠိတစ်ပုဒ်လိုပဲ လျှို့ဝှက်လွန်းတယ်၊ တစ်ခါတလေဆို ငါတွေးမိတယ်သိလား. . ငရဲတော့ ကြီးမလားမသိဘူး၊ ငါ ငါက မာမီတို့ရဲ့သမီးမှဟုတ်ရဲ့လားလို့'

ပြောရင်း အသံလေးတိမ်ဝင်သွားတဲ့ သူငယ်ချင်းကို သက်စုက -

'ဘာတွေလျှောက်တွေးနေတာလဲ ပျိုးခင်းရယ်၊ နှင် ပရက်တီကယ်ရှိသေးတယ်မဟုတ်လား၊ ထမင်းစားတော့လေ ငါသွားတော့မယ်နော်'

'မရဘူး နှင် ငါနဲ့အတူ ထမင်းစားပြီးမှ သွားရမယ်'

'ငါ စားပြီးသွားပြီ ပျိုးခင်း၊ နှင့်ကြည့်ရတာ ပိန်သွားသလိုပဲ၊ စာချည့် ဖိကျက်မနေနဲ့ဦး. တောမြိုင်ကဆို ခဏခဏပြောနေတာ နှင့်ကို စိုးရိမ်လို့တဲ့'





ပျိုးခင်းက ခြောက်ကပ်စွာရယ်ရင်း

'ငါ့အတွက် စိုးရိမ်ပေးကြတာ ကျေးဇူးတင်ပါတယ်ဟာ. . ငါ့မှာတော့ အတွေးတွေနဲ့တင် ချာချာလည်နေလို့ ကိုယ့်ဟာကိုယ် လျစ်လျူရှုထားတာ ကြာပြီ'

သက်စုက ပျိုးခင်းပခုံးလေးကို အသာရိုက်ရင်း

'ဆေးကျောင်းတက်လို့ မရူးဘဲ အတွေးလွန်ပြီး ကြောင်သွားဦးမယ် မိပျိုးခင်းရယ်၊ ငါသွားပြီနော် ဘိုင့်. . .'

နွေပျိုးခင်းဟာ အလကားနေရင်း အတွေးကြောင်တတ်တဲ့ မိန်းမ မဟုတ်ပါ။

သဲလွန်စလေးတစ်ခုကိုလိုက်ရင်း တွေးရင်းဖြင့် သက်စု ပြောသွားသလို ရူးကြောင်ကြောင်ဖြစ်ချင်နေပြီ။

နောက်တစ်ခုက အရိပ်. . .

ပျိုးခင်းအတွက် အေးမြစေတဲ့ အရိပ်တစ်ခုကို မာမီတို့က ပေးခဲ့သလား. . .

ပျိုးခင်းကတော့ မရဖူးဘူးလို့ပဲ ထင်သည်။ တွေ့နေ မြင်နေကျ မိဘမေတ္တာမျိုးက ရယူလိုခြင်းကင်းပြီး ပေးဆပ်ဖြည့်စွက်ချင်တာက များတာကြောင့် Plus(+)သဘောကို ဆောင်နေသည်။

သို့ပေမယ့် ပျိုးခင်းကို ပေးဆပ်နေတဲ့ မာမီတို့ရဲ့မေတ္တာက အထူးအချိုးရော ရှိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဗန်းပြပြီး သူငယ်ချင်းဆီက လက်ဖြန့် တောင်းနေတာကျတော့ရော တရားရဲ့လား။ . မျောက်ပြ ဆန်တောင်းတဲ့အလုပ်ကရော သမီးကိုချစ်တဲ့ အချစ်ပဲလား။

ပျိုးခင်း သိနေပါတယ်လေ။ .

မသိစိတ်ထဲမှာ တစ်ခုခုကို ကျိန်းသေသိနေပါတယ်။ လက်ဆုပ်လက်ကိုင်ပြဖို့ပဲ လိုတာပါ။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန့်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)



## အခန်း(၁၈)

Class ပြီးလို့ အိမ်အပြန် ခြေလှမ်းတွေက လေးကန်လွန်းသည်။ စိတ်နှင့်ကိုယ်က သိပ်မကပ်ချင်တော့ ခလုတ်တိုက်တာလည်း ခဏခဏပင်။

လိပ်ခုံးရှေ့ စိုက်ပျိုးရေးမှတ်တိုင်မှာ ကားစောင့်နေတုန်း Cygnus ကားဖြူလေးတစ်စီး ထိုးရပ်လာကာ မှန်တံခါး ပွင့်လာပြီး ဒေါက်တာခွန်ထိုက်၏မျက်နှာကို နီးကပ်စွာတွေ့လိုက်ရသည်။

'သမီးလေးပါလား'

နွေးထွေးလိုက်တဲ့အသံ။ ပျိုးခင်း တစ်သက်မှာ အခုလိုမျိုး မေတ္တာတွေလွှမ်းခြုံထားတဲ့အသံမျိုး တစ်ခါမှမကြားဖူးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကားစောင့်နေတာလား သမီး'

'ဟုတ်. . ဟုတ်ပါတယ် အန်ကယ်'

စိတ်ထဲမှာ အလိုလိုသိမ်ငယ်လာသည်။

ကိုယ်က သူ့အထောက်အပံ့နှင့်ကျောင်းတက်နေရတာဆိုတော့ ကျေးဇူးတင်ပေမယ့် အားနာပြီး အားငယ်ရသည်။

'အန်ကယ် လိုက်ပို့ပေးမယ် သမီး၊ လာ. . ကားပေါ်တက်'

'ရ. . ရပါတယ်ရှင့်၊ ပျိုးခင်း ကိုယ့်ဘာသာပြန်ပါ့မယ်'

'မဟုတ်တာပဲ သမီးရယ်၊ လာတက်. . ဒီမှာ ကားရပ်လို့မရဘူး'

ပျိုးခင်းမှာ ဆက်ပြီး တွေးတောချိန်မရှိတော့။ ခြေထောက်တွေရဲ့ခေါ်ဆောင်ရာနောက်ကိုလိုက်ပြီး ဒေါက်တာခွန်ထိုက်၏ကားပေါ်သို့ရောက်သွားသည်။

တစ်ခါမှမစီးဖူးတဲ့ ကားကြီးက စီးလို့ကောင်းလိုက်တာ လွန်ပါရော။

ပျိုးခင်း၏စိတ်က ကလေးလေးတစ်ယောက်လို သဘောကျတာကိုတွေ့လို့ ကျေနပ်နေတဲ့ပုံစံလေးဖြင့် ပျော်ရွှင်လာသည်။ အန်ကယ့်ကိုလည်း ကြောက်နေ ရှိန်နေတာမျိုး မရှိတော့ဘဲ နှုတ်သွက်လျှာသွက်ရှိလာသည်။

'စီးလို့ကောင်းလား သမီး'





'အရမ်းကောင်းတာပဲ အန်ကယ်၊ ပျိုးခင်း တစ်ခါမှမစီးဖူးဘူး သိလား'

ဒေါက်တာခွန်ထိုက်က သမီးလေး၏မျက်နှာကို သနားကြင်နာစွာကြည့်ပြီး မျက်ရည်တွေ ဝဲတက်လာသည်။ ချက်ချင်းပင် မျက်နှာလွှဲလိုက်ရသည်။

ဒီလောကကြီးထဲမှာ ကိုယ့်ရဲ့သွေးနဲ့ဖြစ်လာတဲ့ သမီးလေးနှစ်ယောက်ရှိပါသည်။ မိုးသားဖြူ ဆိုတဲ့ သမီးလေးမှာတော့ စည်းစိမ်ဥစ္စာဆိုလည်း အလျှံပယ်၊ လုံခြုံနွေးထွေးစေတဲ့ မိခင်မေတ္တာကိုလည်းလိုသလောက်ရနေတဲ့အချိန်မှာ ဒီသမီးလေးကျတော့ မိဝေးဖဝေးနှင့်သူစိမ်းတွေကို မိဘထင်ကာ အနိမ့်ခံဘဝဖြင့် ခိုကပ်နေရသည့်အဖြစ်။ ဘယ်လောက်တောင် အဖြစ်ဆိုးသလဲဆိုရင် တစ်အိမ်တည်း အတူနေပြီး ဟင်းတောင်မှခွဲခြားပြီး ကျွေးတယ်ဆိုပဲ။

တာဝန်မကျေသည့် ဖခင်တစ်ယောက်အဖြစ် အချိန်တိုင်းနာကျင်နေရသည်။ သမီးဇောနှင့်မို့ ပတ်ဝန်းကျင်မှာ တိတ်တဆိတ်စုံစမ်းသည်။ ကြားရသည်က တစ်ခုမှ စိတ်ချမ်းသာစရာမရှိ။ သမီးလေးခမျာ ဆေးကျောင်းတက်ရန် အမှတ်မီရဲ့သားနဲ့ ဆေးကျောင်းတက်ခွင့်မရှိတော့ဘူးဆိုမှတော့ သူ ထိုင်ကြည့်နေလို့မရတော့ပါ။

အိမ်မှာ မမနှင့်အခြေအတင်ပြောပေမယ့် မအောင်မြင်ပါ။ မမက ခါးခါးသီးသီးငြင်းတော့ သမီးအတွက် သူ ဘာလုပ်ပေးနိုင်သ



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ အထပ်ထပ်အခါခါ သုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

သမီး၏နာမည်နှင့် တိုက်ခန်း ဝယ်ပေးပြီး ကျောင်းတက်ဖို့အတွက် ဘဏ်ထဲမှာ သိန်းတစ်ရာ ထည့်ပေးခဲ့သည်။

ဘဝင်မကျတာတစ်ခုက သမီးကိုတွေ့နေရက်သားနဲ့ သမီးလို့ခေါ်ပိုင်ခွင့်၊ ဖွင့်ပြောပြပိုင်ခွင့်မရှိခြင်းပင်။

ဟန်နီက သမီးကိုဖွင့်မပြောဖို့ အသည်းအသန်ပိတ်ပြောနေတာ ဘာအကြောင်းရှိလို့လဲ။ ဖြစ်ချင်ရာဖြစ် ခုလိုမျိုး သမီးလေးနဲ့ နှစ်ယောက်တည်းရှိတုန်း ဖွင့်ပြောပြလိုက်ချင်သည်။

'အန်ကယ် ဘယ်သွားမလို့လဲဟင်'

'သမီးလေး. . ကျောင်းမှာ ပင်ပန်းလာမှာပဲနော်၊ သမီးများ ဗိုက်ဆာနေမလားလို့ တစ်ခုခုလိုက်ကျွေးမလို့'

ပျိုးခင်းက ပျာပျာသလဲငြင်းသည်။

'မဟုတ်တာဘဲ အန်ကယ်ရယ်၊ အိမ်လိုက်ပို့ပေးတာတောင် လွန်လှပြီ'

'အန်ကယ့်ကို သူစိမ်းလို့ သတ်မှတ်မထားပါနဲ့လား. . သမီးရယ်'

ဖခင်တစ်ယောက်၏ သမီးအပေါ်မှာ ထားသည့် ကရုဏာစိတ်ကြောင့် သမီးလိုအပ်မည်ထင်သော အသုံးအဆောင်လေးတွေ





ကို ဝယ်ပေးရင်း တစ်ခုခုကျွေးရန် သူ့ကားက 'East Poing shopping mall'ဆီသို့ ဦးတည်နေပါသည်။

အန်ကယ်ခွန်ထိုက်က သူစိမ်းမဟုတ်ဘူး ဆိုရင် ပျိုးခင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ ဆိုတာလေးတော့ သိခွင့်ရှိရင် သိချင်ပါသည်။ ပျိုးခင်းက အရဲစွန့်ကာ

'အန်ကယ်. . သမီးတစ်ခုလောက် မေးလို့ရမလားဟင်. .'

'မေးပါဗျာ'

'ဟိုလေ. . . အန်တီလေဘာတီက အန်ကယ့်သူငယ်ချင်းလားဟင်'

ပျိုးခင်းက အန်ကယ့်မျက်နှာကို အကဲခတ်ကြည့်သည်။အန်ကယ့်မျက်နှာမှာ အရိပ်လေးတစ်ခု ဖြတ်ပြေးသွားသည်။

'သမီးမာမီ ပြောပြလို့လား၊ သူ့အကြောင်း ဘာဖြစ်လို့သိချင်တာလဲ သမီးရယ်'

သူက သမီးအမေပဲလေဟု ဖွင့်ပြောလိုက်ချင်သည်။ တစ်ဆက်သတ်စွဲချက်တွေ တင်ပြီး စိတ်နာကာ တစ်သက်လုံးပုန်းကွယ်နေသော တစ်ချိန်က ချစ်သူကို ခွန်ထိုက်အပြစ်မယူရက်ပါ။

အင်္ဂလန်မှာ နေတတည်းက အဆက်အသွယ်ဖြတ်သွားခဲ့သော လေဘာတီကြောင့် ခွန်ထိုက်ပြန်လာဖို့အထိ စဉ်းစားခဲ့သည်။ နောက်တစ်ခုက မာမီ့စကားကို သူယုံစားမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာတွေ အချိန်လုပြီး ရေးခဲ့ပေမယ့် ဆယ်စောင်လောက် အထိ ပြန်စာတွေ မလာတဲ့အခါမှာတော့ လူက ရှုံးချင်လာပြီ။

ဒါနဲ့ပဲ အမေနဲ့ဖုန်းပြောတော့ မနေနိုင်သဖြင့် လေဘာတီ အကြောင်းကို မေးမိပါသည်။

အမေက 'မသိချင်နဲ့တော့ သား၊ သူ လမ်း ဆုံးသွားပြီ' တဲ့၊ အခုမြန်တွေးရင် အခုခံစားရသည်။ အမေ့ကိုလည်း ဒေါသ မထွက် ရက်တော့ပါဘူး။ လူ့လောကကြီးထဲမှာ ရှိမှမရှိတော့တာ။

အမေပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် သူ ဟိုမှာ ရှု တွေလည်ခဲ့ရသည်။ စဉ်းစားရင်း၊ တွေးတောရင်း၊ ငေးမောရင်း အက ကိုရော စိတ်ကိုပါ စာထဲတွင် နှစ်မြှုပ်ခဲ့သည်။ ရှင်းရှင်းပြောရလျှင် သူ ပြန်မလာချင်ခဲ့ပါ။ လေဘာတီနှင့်တွေ့ပြီး သူမ နှုတ်က ဖွင့်ဟ ဝန်ခံလိုက်မှာကို ရှင်မဆိုင်ရဲပါ။

အမေ လေဖြတ်သွားပြီ ဆိုတဲ့ သတင်းသာ သူ့ဆီကိုရောက် မလာခဲ့ဘူးဆိုရင် သူပြန်လာဖြစ်မည် မဟုတ်ပါ။

သူ့ဘဝဟာ နောက်ဆုံးမှာတော့ အမေ့ကျန်းမာရေးအခြေ အနေအရ သူမ သဘောတူသည့် မမပွင့်ကြည်သာနှင့် လက်ထပ်ခဲ့ ရပါသည်။

လေဘာတီကို လိုက်ရှာပေးမယ့် အိမ်ရှောင်းသွားပြီး သေး အမိနှစ်ယောက် ခြေရာဖျောက်သွားကြသည်။





'အန်ကယ် အာဂတွေ ခုတွေးနေတာလဲဟင်၊ အပန်းကြီးနေ တယ်ဆိုရင် မပြောပါနဲ့လား အန်ကယ်ရယ်' မာမီတာ ပြောပြောနေ တော့ ဖျိုးခင်းနဲ့တူတယ်ဆိုလို့ သိချင်တာပါ'

သမီးလေးတို့ မခံစားစေချင်ပါ။ သူ့အမေပါလို့ သိသွားပြီး တဲ့နောက်မှာ တွေ့ချင်မြင်ချင်လာမည်။ တမ်းတလာမည်။

မထိုချင်လို့ စွန့်ပစ်သွားတဲ့ သမက်အသည်းပိုင်ရှင်ကြီးက ထွက်လာမည်မှ မဟုတ်တာ။ အဲဒီအခါကျ သမီးလေးပဲ ခံစားရမှာ။

နှစ်တွေ ကြာပြီပဲ သမီး၊ သူ အန်ကယ့်ကို ထားခဲ့တာလေ၊ သံယောဇဉ်ကို အပြီးအပိုင်ဖြတ်သွားတာ၊ တော်တော်အသည်းမာတဲ့ မိန်းမ

ဖျိုးခင်း ဆက်မမေးရက်တော့ပါ။

ဇာတ်နာစရာ အတိတ်က အကြောင်းတွေ အန်ကယ်နှင့် လေဘာတီဆိုတဲ့ အန့်တီတို့ကြားမှာရှိနေတာကတော့ သေချာသွား ပြီ။

'သမီး ဟိုမှာကြည့်စမ်း . East Point လေ၊ သမီး ရောက် ဖူးပြီလား'

ထည်ထည်ဝါဝါဖြင့် အရှိန်အဝါတစ်မျိုး တိုးနေသော ကုန် တိုက်ကြီးကို မြင်တော့ ဖျိုးရ မောရလွန်းသဖြင့် အရာအားလုံးကို ဖျိုးခင်း မေ့သွားပါသည်။

www.burmeseclassic.com



'အကြီးကြီးပဲနော် အန်ကယ်. . ပျိုးခင်း မရောက်ဖူးဘူး. . ခုမှပဲ မြင်ဖူးတာ. . ကြည့်စမ်းပါဦး. . လှလိုက်တာနော်'

'အထဲမှာ ကြည့်ပြီးရင် သမီးပျော်သွားမှာ သေချာတယ်. . Internet Cafe ထိုင်မလား၊ စားမလား၊ ဈေးဝယ်မလား၊ ဆံပင်ညှပ်မလား. . အစုံရတယ်လေ'

သမီးပျော်တာ ကြည့်ပြီး သူပါ ပျော်လာသည်။ သူ့လိုလူမျိုး အိပ်ချိန်၊ စားချိန်ကလွဲရင် အချိန်တွေက ရှားပါးလွန်းသည်။ နားနား နေနေ ရုပ်ရှင်ကြည့်တာတို့၊ shopping ထွက်တာတို့ဆိုတာ သူ့ family ကိုတောင်မှ အချိန်မပေးနိုင်ခဲ့ပါ။ အခု ဒီသမီးလေးနဲ့ကျမှ. .

သမီးကို ကြည့်ရတာ တစ်ခါမှ ဈေးဝယ်ထွက်ဖူးပုံ မပေါ်ပါ။ အင်္ကျီဆိုင်၊ ဖိနပ်ဆိုင်တွေကို မြင်မြင်သမျှ တငေးငေးနေသည်။

'သမီး. . အင်္ကျီတွေ သွားကြည့်လေ'

သမီးက အင်္ကျီလေးတွေ လျှောက်ကြည့်ရင်း သူသဘောကျသည့်အင်္ကျီလေးတွေဆို သူ့ကိုယ်မှာကပ်ပြီး ကြည့်သည်။ ပြီးတော့ အသာလေး ပြန်ချလိုက်သည်။

သူချလိုက်တဲ့အင်္ကျီကို ကျွန်တော်က မှတ်ပြီး ဆိုင်ကကောင်မလေးကို အသာပြလိုက်သည်။ သမီးကတော့ မသိရှာပါ။ ဒီဇိုင်းဆန်းဆန်းနှင့်အင်္ကျီလေးတွေ ရှေ့မှာ မျက်စိမခွာနိုင် ဖြစ်နေသည်။ အင်္ကျီတွေ တစ်ထည်ပြီး တစ်ထည် သူ ချသွားတိုင်း ကောင်မလေး





တွေက ယူပြီး အိတ်ထဲ ထည့်ထားပြီးသား။ ဖိနပ်ဆိုလည်း တစ်ရန်ပြီး တစ်ရန်။ ကျွန်တော် ငွေလိုက်ရှင်းပြီးဝယ်ထားပေးသည်။ သမီးကြိုက်တာ ကျွန်တော် သိသွားပြီလေ။ အဓိကက သမီးကို surprise ဖြစ်သွားစေချင်သည်။

သမီး ဗိုက်ဆာလို့လားမသိ၊ အင်္ကျီတွေကြည့်တာ ရပ်သွားသည်။ အဲဒီတော့မှ သူလေးက ကျွန်တော့်ကို သတိရပုံ ပေါ်သည်။ ကျွန်တော့်လက်ထဲက အထုပ်အပိုးတွေလည်း တွေ့ရော. .

'အန်ကယ်. . များလှချည်လား. . ဘာတွေလဲဟင်'

'သမီးအတွက်လေ. . . ခုနတုန်းက သမီးကြည့်နေတဲ့ဟာတွေပေါ့'

'အန်ကယ်ကလဲလေ. . ပိုက်ဆံတွေ နှမြောစရာကြီး'

သိတတ်လိုက်တဲ့ သမီးလေး။

'ကဲ. . သမီး ဗိုက်ဆာရောပေါ့. . သွားစားကြရအောင်'

အန်ကယ်က ပျိုးခင်းကို သိပ်ဂရုစိုက်တာပဲ။ ဒီလို အဖေမျိုး ရှိခင်း လိုချင်လိုက်တာ။ အိမ်က ဒယ်ဒီကျတော့ သူ့ဟာသူ သီးသန့်နေသည်။

ပျိုးခင်းလည်း ဗိုက်ဆာဆာနှင့် အန်ကယ်မှာပေးတဲ့ အမေရိကန်ထမင်းကြော်တစ်ပွဲလုံး တက်တက်စင်ပြောင်အောင် ဆွဲပစ်လိုက်သည်။ ရိုမီနိုတစ်ခွက်လည်း ပြောင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မှုခြင်းကင်းစွာ အားရပါးရစားနေသော သမီးငယ်ကို သူ တစိမ့်စိမ့်ကြည့်နေမိသည်။ ဗိုက်ဆာနေတာပျောက်ပြီး ဘာမှစားလို့ မဝင်တော့။

'ဟင်. . အန်ကယ်က စော်ပြီလား၊ နည်းနည်းလေးပဲ စားတယ်နော်'

'သမီးစားတာ ကြည့်ပြီး ကျေနပ်သွားတာလေ'

'မာမီ စိတ်ပူနေမလား မသိဘူးနော်၊ ရှစ်နာရီတောင် ထိုးသွားပြီ'

ခုမှ သတိရပြီး အဆူခံရမှာကိုကြောက်နေသော သမီးလေးကို သူ သနားသွားသည်။

'အန်ကယ်ပါသွားပဲ သမီးရယ်. . ဘာကြောက်စရာ ရှိလို့လဲ'

သမီးက ဖစ်စာကြွကြွဖြစ်နေပြီ။ သမီးမျက်နှာလေးကို ကြည့်နေချင်သေးပေမယ့် အိမ်ပြန်နောက်ကျရင် ပြဿနာတက်ရဦးမှာမို့ ပြန်ဖို့ ပြင်ရသည်။

စက်လှေကားထိပ်ကို ရောက်တော့ စူးစူးရဲရဲစိုက်ကြည့်နေသော သမီးလေး မိုးသားဖြူကို တွေ့လိုက်ရသည်။ သူက ပျိုးခင်းကို ရန်လိုစွာ ကြည့်နေခြင်းဖြစ်သည်။ သူ့ဘေးမှာ 'မမ'ရဲ့ညီမ သူ့အန်တီ ပါလာသည်။





မိုးသားက ရုတ်တရက် ပျိုးခင်းရှေ့ကို ရောက်လာပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ မေးသည်။

'သူက ဒယ်ဒီ့သမီးဆိုတာလား'

မိုးသားအန်တီက ဝင်တားပေမယ့် မမီတော့ပါ။

'သမီး'

ကျွန်တော့်အသံက နည်းနည်းကျယ်သွားသည်။

'ဒယ်ဒီ သမီးကို အော်စရာမလိုပါဘူး. . ဒယ်ဒီ့အချစ်တွေ သူ့ကိုပဲ ပုံပေးထားတာ သိပြီးသားပါ'

ဖျိုးခင်းမှာ အသက်ရှူဖို့ပင် မေ့လျော့နေသည်။ သတိဝင်လာလာချင်း သူမ လုပ်မိသည်မှာ ထွက်ပြေးခြင်းပင်။

ဒေါက်တာခွန်ထိုက်က သူ့အဖေဆိုပါလျှင် ခုနက ကောင်မလေးဟာ သူ့ရဲ့ ညီမလေးပေါ့။ ပျိုးခင်း သိလိုက်တာတစ်ခုက အဲဒီကောင်မလေးဟာ သူမကို တစ်သက်လုံးနာကြည်းတော့မည်။

ပျိုးခင်းနောက်မှာ အန်ကယ်ကပ်ပါလာသည်။

'သမီး. . ခဏနေဦး၊ ဖေဖေ ပြန်ပို့ပေးမယ်'

ပျိုးခင်း နားမထောင်ပါ။ ရှေ့ဆက်ပြေးမြဲ. . .

'သမီး. . ဖေဖေပြောပြမယ်၊ ခဏစောင့်ဦး'

လက်ထဲမှာ အထုပ်အပိုးတွေ တစ်ပုံတစ်ပင်နှင့် ဖခင်ဖြစ်သူကို သနားမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပျိုးခင်းကို သနားရင် ခုနက ညီမလေးနဲ့ အိမ်ပြန်ပါတော့ ရှင်'

အဖေ ခေါ်ရမလား၊ အန်ကယ်ပဲ ဆက်ခေါ်ရမလား။

'သမီးစိတ်လှုပ်ရှားပြီး တစ်ခုခုဖြစ်သွားရင် ဖေဖေ ရင်ကျိုးရမှာလေ'

ပျိုးခင်းပါးပြင်မှာ မျက်ရည်တွေက တာကျိုးသလို ဒလဟော စီးကျလာသည်။

တစ်သက်လုံး ကိုယ့်မိဘလို့ မှတ်ယူနားလည်ထားတဲ့သူတွေက သူစိမ်းသက်သက်တွေပေါ့။

ပျိုးခင်းလိုချင်တဲ့ မေတ္တာတရားက ပူလောင်ခြင်းကင်းချင်တာလေ။ အရှုပ်အရှင်းလည်း ကင်းချင်တာ. . ခု ဘာတွေဖြစ်ကုန်ပြီလဲ။ အဖေဆိုတာကြီးက ဘွားခနဲ ပေါ်လာပြီ။

ဒါဆို အမေက ဘယ်မလဲ။ ကိုယ့်သားသမီးကို ရင်အုပ်မကွာ မစောင့်ရှောက်ခဲ့ဘူးလား။ ဘာဖြစ်လို့ သူစိမ်းတွေနဲ့ထားခဲ့ရတာလဲ။

ရင်ထဲမှာ သံသယစိတ်တွေ ဝင်တုန်းက သိချင်ပေမယ့်. . တကယ်တမ်းသိလိုက်ရပြန်တော့ ချက်ချင်းလက်ခံဖို့ဆိုတာ မလွယ်မှန်း သိလာသည်။

'သမီး. . ဖေဖေ့ကို စိတ်ဆိုးချင်ဆိုးနိုင်ပါတယ်. . ဒါပေမယ့်





အထင်တော့ မလွဲပါနဲ့ကွယ်၊ ဖေဖေ့သမီးလေးမှာ အပြစ်ဖြစ်သွားမှာစိုးလို့ပါ. . သမီးကို ဖေဖေ့သမီးမှန်းသိတာ မကြာသေးပါဘူး၊ တစ်သက်လုံး ဖေဖေ မသိခဲ့ပါဘူး၊ သမီးမေမေက ဖေဖေ့ကို စိတ်နာပြီး သမီးကို ဟန်နီ့ဆီမှာ ထားခဲ့တာတဲ့၊ ဖေဖေ့ကို ယုံပါနော်. . ပြီးတော့ ဖေဖေ့မှာ အပြစ်ရှိတယ်ဆိုရင်လည်း ခွင့်လွှတ်ပေးပါ သမီးရယ်'

'ပျိုးခင်းမေမေက ဘယ်သူလဲ'

ခုချိန်ထိ သမီးက ဖေဖေလို့ တစ်ခွန်းမှမခေါ်သေးပါ။

'လေ. . ဘာ. . တီ'

'ရှင်'

သားအဖနှစ်ယောက်၏တွေ့ဆုံမှုသည် နွေးထွေးသောဆက်ဆံရေးမှ ချက်ချင်း အေးစက်ကာ စိမ်းသွားခဲ့သည်။

သူမနှင့် သိပ်တူသည်ဆိုသော လေဘာတီဟာ အမေတစ်ယောက် ဖြစ်ထိုက်ရဲ့လား။

ဝမ်းနှင့်လွယ်ပြီး မွေးထားတဲ့ ကိုယ့်သမီးလေးကို ပြီးပြီးရောထားခဲ့တဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက်လေလား။

မိခင်ဆိုတာကြီးကို မတွေ့ဖူး မမြင်ဖူးပါဘဲနှင့် စိတ်နာစရာတွေ ဖြစ်ဖို့ အကြောင်းက ဖန်လာခဲ့ပြီ။

ကြောင်ပြီးရပ်နေသော သူမကို ဖေဖေက သူ့ရင်ခွင်ထဲကို ဆွဲသွင်းရင်း. .



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး... သိပ်ခံစားနေရပြီလား၊ ဒါတွေ အားလုံးဟာ ဖေဖေ့အပြစ်တွေပါ သမီးလေးရယ်၊ အတ္တကြီးတယ်လို့ပဲဆိုဆို သမီးဆီက ဖေဖေလို့ခေါ်တဲ့အသံလေးကို ကြားချင်ပါသေးတယ်'

ဖခင်ရဲ့ရင်ခွင်၊ ဖခင်ရဲ့အရိပ်ဟာ တကယ့်ကို နွေးထွေးပါသည်။ ဒီတစ်ခါကျတဲ့ ပျိုးခင်းရဲ့မျက်ရည်တစ်စက်ဟာ ကြည်နူးလို့လား၊ ကျေနပ်လို့လားဆိုတာ သူ့ကိုယ်တိုင် မသဲကွဲတော့ပါ။

❖



## အခန်း(၁၉)

မိုးသားဖြူ ဒီနေ့ မူမမှန်တာ ဃူမ တွေ့နေရသည်။ ညထဲ သူ့အန်တီလေးနှင့် East Point သွားပြီး ပြန်လာကတည်းက ထမင်းမစားဘဲ တန်းပြီး ဝင်အိပ်သွားသည်။ ဒီမနက်လည်း အိမ်က ကောင်မလေးတွေ သွားနှိုးတာ ထမလာခဲ့ပါ။ မနက်ဆို စောစောထတတ်တဲ့ သမီးလေးဟာ ဘာကိုအလိုမကျမှန်းမသိ၊ ဘာကို စိတ်ကောက်နေမှန်းလည်း မသိရပါ။

အမေဆိုတော့လည်း ကိုယ့်သမီးလေး မစားမသောက်ဘဲ ဒီတိုင်း အိပ်နေတာကို လျစ်လျူရှုပြီး ဆေးခန်းသွားမထိုင်နိုင်တော့၊ ချော့မော့မေးမြန်းပြီး တစ်ခုခုကျွေးရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် မည်းမှောင်နေသည်။ မီးဖွင့်ပြီးမှ အိပ်တတ်တဲ့သမီးလေးက မီးတွေအားလုံး ပိတ်ထားသည်။ ထူးတော့ ထူးဆန်းနေပါပြီ။ ခွန်ထိုက် ဆိုတဲ့ သမီးအဖေက သမီးလေးနှင့် အနေစိမ်းပါသည်။ နောက်ကွယ်ကနေ သမီးလိုအပ်တာတွေကို ဖြည့်ဆည်းပေးပေမယ့် သူ့အချစ်တွေကို သမီးသိအောင် မပြတတ်ပါ။ သမီးလေးက အမေကိုပဲ ပိုခင်တွယ်သည်။ အမေနှင့်ပိုပြီး နီးကပ်သည်။

ပွင့်ကြည်သာက သမီးပါးပြင်လေးကို ငုံ့ပြီး နမ်းလိုက်သည်။ စိုထိုင်းနေတာက မျက်ရည်တွေလား. . သူမ အလန့်တကြားဖြစ်သွားပြီး. . .

'သမီး. . သမီးလေး. . ဘာဖြစ်လို့လဲ၊ မာမီ့ကိုပြောစမ်း. . သမီး ငိုနေတာလား'

မေးလိုက်ကာမှ သမီးရဲ့ရှိုက်သံလေးက ပိုကျယ်လာသည်။

'သမီး မာမီ အရမ်းစိတ်ပူနေပြီနော်၊ သမီး မပြောရင် မာမီ သိမှာမဟုတ်ဘူးလေ၊ ပြောစမ်း. . သမီး ဘာတွေခံစားနေရ တာလဲ'

သမီးဆီမှ ရှိုက်သံနှင့်စကားသံတွေဟာ ဗလုံးဗထွေး ထွက်လာသည်။

'ဒယ်ဒီလေ. . ဒယ်ဒီ ရက်စက်တယ် မာမီ၊ သူ့သမီးကိုဝယ်ပေးထားတာ အထုပ်အပိုးတွေမှ အများကြီးပဲ၊ သမီးဝမ်းနည်းလို့ပါ၊ သမီးတို့သားအမိအတွက် ဒယ်ဒီအချိန်ပေးခဲ့ဖူးလို့လား. . ဟင့်'





သမီး ဘယ်လောက်ခံစားသွားရမလဲဆိုတာ ခန့်မှန်းလို့ရပါပြီ။ ပြောနေရင်းမှ ရှိုက်သံက ထွက်လာပြန်တော့ သူမခမျာ ရှေ့ဆက်ပြောလို့ မထွက်တော့။

'တော်တော့ သမီး၊ ဆက်မပြောနဲ့တော့. . မာမီ့သမီးနဲ့ သူ့သမီးနဲ့ ဘာမှမဆိုင်ဘူးလေ၊ ဒါကို သမီး သိတယ်မဟုတ်လား. . သူ့သမီးကို သူ့ဟာသူ ဘယ်လောက်ပဲ အရေးပေးပေး မာမီတို့ ဂရုစိုက်စရာမလိုဘူး၊ သမီးရှေ့မှာ မာမီတစ်ယောက်လုံး ရပ်နေသေးတာပဲ သမီးရယ်၊ မာမီပျောက်ရှသွားမှသာ သမီးဝမ်းနည်းရမှာလေ၊ သမီး ဒယ်ဒီကို ဘာမှအောက်ကျခံစရာမလိုဘူး သမီး၊ မာမီပြောတာ နားလည်လား'

မိုးသားက ခေါင်းလေးညိတ်ပြသည်။

'ဒါဖြင့် ထ. . မျက်နှာသစ်ပြီး ကော်ဖီလာသောက်. . ပျော့ညံ့ပြီး သိမ်ငယ်နေရင် သမီး ရှုံးပြီပေါ့၊ အဲဒီသားအမိကို ငါတို့ ရှုံးလို့ မဖြစ်ဘူး'

ခွန်ထိုက်. . ငါ့ရဲ့ခံနိုင်ရည်ကို နင် စမ်းသပ်နေတာလား။ ဟန်ဆောင်နေတာကို ရင်မနာဘူးလို့ နင်ထင်နေသလား။ နင့်ကိုချစ်မိလို့ တစ်သက်လုံး အချစ်ရဲ့ကျေးကျွန်ဖြစ်နေခဲ့ရတာ ငါ ကျေနပ်နေတယ် ထင်လို့လား. . .

မိသားစုသုံးယောက်သာရှိတဲ့ စားပွဲလေးမှာ စကားသံတွေ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည်။ ခြောက်သွေ့မှုနှင့်အတူ အရာမပွင့်သောမုန့်များနှင့် အေးစက်နေသော ကော်ဖီသုံးခွက်ကလည်း ဒီအတိုင်းပင်။

ဒေါက်တာခွန်ထိုက်က စတင်ပြီး တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

'သမီးလေး . . ဒယ်ဒီ တောင်းပန်ပါတယ်'

အကောက်မပြေသေးသော သမီးလေးက ထသွားဖို့ ပြင်သည်။ မျက်စိကျဉ်သော ပွင့်ကြည်သာက

'သမီး . . မြန်တိုင်စမ်း၊ ရော့ . . ဝင်အောင်စား၊ သမီး မစားရင် မာမီ ဗိုက်စားရမှာနော်'

မိုးသားဖြူက မိခင်ကိုသနားသဖြင့် ပေါင်မုန့်တောင်ပတ်သုတ်တစ်ချပ်ကို စိတ်မပါတပါဖြင့် စားသည်။ စားရင်းက ဝမ်းနည်းလာပြီး မျက်ရည်ကျဖြန်သည်။

'ငါ့ရင်ကို မီးနဲ့ရှို့နေတာလား မိုးသား . . သမီးအသက် ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘယ်အရာကိုမှ စိတ်လိုက်မာန်ပါတွယ်တာမနေနဲ့၊ သမီးလေး တစ်ခုခုဖြစ်သွားရင်တောင် အဲဒီတစ်ယောက်ကအဖမ့်ခံစားရမှာမဟုတ်ဘူး . . နားလည်လား၊ ငါဝ ရင်ကွဲနာကျရမှာ။ သူ့မှာ နောက်ထပ် သမီးတစ်ယောက်ရှိသေးတယ်ဆိုတော့ . .

'မမ . . ကလေးစိတ်မကောင်းဖြစ်အောင် မပြောပါနဲ့'

ပွင့်ကြည်သာက ပြုံးသည်။





သို့ပေမယ့် မျက်လုံးတွေက စိမ်းဆက်စွာ။

'စိတ်မကောင်းဖြစ်အောင်လုပ်တာကော မင်းလား . . ငါလား'

'ကျွန်တော်တောင်းပန်ပါတယ် မမ . . ဒါပေမယ့် . . မှားလို့တောင်းပန်တာ မဟုတ်ဘူး၊ ကျွန်တော် မမှားဘူး သုပ်သင့်တယ်ထင်တာကို လုပ်ခဲ့တာပဲရှိတာပဲ'

သွေးအေးအေးဖြင့် တိုက်ပွဲတစ်ခုကို အဆုံးသတ်ပြီးဖြစ်သော ဓိအာနစ်ပါးကို မိုးသားက ရင်တမုံမုံဖြင့် ကြည့်နေရသည်။

'မင်းလုပ်သင့်တာက . . ငါ့သမီး စိတ်ဆင်းရဲစေဖို့လား'

'မမ စွပ်စွဲချက်ကို ဖြေရှင်းတာမဟုတ်ဘူး ခါမှာ တကယ့်ကို မတော်တဆပါ၊ အားကျောင်းရှေ့မှာတွေ့လို့ တစ်ခုခုလိုက်ကျွေးမယ်ဆိုပြီး ခေါ်သွားတာ . . သူက ကျွန်တော့်ကို သူ့အဖေလို့သိမထားဘူး . . မနေ့ညကမှ သမီးလေး ပြောလိုက်လို့ သိသွားပြီး စိတ်ထိခိုက်သွားတယ်'

'ခြေဘ်း . . ခြေဘ်း . . မမ မသိလို့မေးပါရစေဦး၊ မိုးသားပြောလို့ သိသွားပြီဆိုတော့ မင်းက ဘာဆက်လုပ်ဦးမှာလဲ'

'ဘာမှဆက်မလုပ်ပါဘူး . . ကျွန်တော် တိုက်ဆိုင်မှု ကိုပဲသိပါတယ်၊ မမကသာ ကျွန်တော့်ကို နားလည်မှုလေး ထားပေးပါလို့တောင်းဆိုချင်တာ'

'ငါလောက် မင်းအပေါ်မှာ နားလည်မှုထားတဲ့မိန်းမ ယော



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာမှာ နောက်တစ်ယောက်ရှိမယ်ထင်လို့လား. . မင်း အသည်းစွဲချစ်တဲ့မိန်းမတောင်မှ မင်းကိုနားလည်လို့လား'

'မဟုတ်ဘူး မမ. . ပြီးတာတွေ ပြီးခဲ့ပြီ ဆိုပေမယ့် ကြားထဲက မြေဇာပင်ကလေးဟာ ဆင်းရဲချို့တဲ့ပြီး သူစိမ်းတွေကြားမှာ စားဖို့တောင်အနိုင်နိုင်ဖြစ်နေရတာ၊ ဆေးကျောင်းဝင်ရက်သားနဲ့ မတက်နိုင်တဲ့အခြေအနေမို့လို့ ကျွန်တော်မကြည့်ရက်တာပါ မမရယ်. . တိုသမီးမှ ဒီသမီးမှ ဆိုတဲ့စိတ်မျိုး မရှိပါဘူး၊ ခွဲလည်း မခွဲခြားပါဘူး၊ ဘာလို့လဲဆိုတော့ နှစ်ယောက်စလုံးဟာ ကျွန်တော့်သွေး ဖြစ်နေလို့ပဲ'

မမ ကျေနပ်နိုင်ပါစေ။ မမအပေါ်မှာ ကျွန်တော် တာဝန်မကျေဘူး။ ဟုတ်တယ်။ ကျွန်တော် တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ကျွန်တော် တာဝန်မမဲ့နိုင်ဘူး. . .

'မင်းရဲ့သွေးပါနေလို့ သူ့ဘဝနဲ့ သူ့အဆင့်အတန်းကို မြှင့်တင်ပေးမယ် ဆိုပါတော့. . ခုတောင်မှ ဆေးကျောင်းကိုရောက်အောင် ပို့ပြီးပြီ မဟုတ်လား၊ ထားပါလေ. . ဒါတွေက မင်းဝင်ငွေနဲ့ မင်းသုံးတာပဲဆိုတော့ ငါ ဘာမှ မပြောလိုပါဘူး၊ သူ့အမေက ခု ဘယ်မှာလဲ၊ သမီးကို အကြောင်းပြုပြီး ပြန်မဆက်သွယ်ဘူးလို့ မင်း ကတိပေးနိုင်လို့လား'

'အသက်ရှင်ရက်ရှိမရှိတောင် ဘယ်သူမှ အတိအကျမပြောနိုင်ပါဘူး မမ'





အဲဒီစကားတစ်ခွန်းကိုတော့ ပွင့်ကြည်သာ ကျေနပ်သွားပါသည်။ သူ့ကို နောက်ကျမှချစ်ရပေမယ့် တစ်သက်လုံး ကိုယ်ပဲ ပိုင်ဆိုင်သည်။ သူမအတွက်တော့ ခွန်ထိုက် ဆိုတဲ့လူတစ်ယောက်ကိုသာ သိုအပ်ပါသည်။ အချစ် ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ သူ့ရုပ်သွင်အလေး ကိုယ့်ရှေ့မှာရှိနေရင် တော်ပြီ။ ငွေကြေးအတွက် သူ့ဆီက သိုအပ်ပါ။ သူမ ရှာ၍ရသောဝင်ငွေသည် သူ့ထက်မပိုလျှင်တောင် လျော့နည်းမည် မဟုတ်ပါ။ ငါရှာနိုင်တာပဲ ဆိုသည့် မာနကလေးတော့ သူမဆီမှာ ရှိသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

ရင်းနှီးစွာ သံယောဇဉ်တွယ်ရသောသူတွေကြားမှာ မမြင်ရသော စိတ်၏ဆက်သွယ်ချက်တွေ ရှိနေတယ်ဆိုတာ ပျိုးခင်း လက်တွေ့ယုံလိုက်ရသည်။ တယ်လီဖုန်းမရှိ ကြားခံဆက်သွယ်မှုမရှိပါဘဲနှင့် ပျိုးခင်း စိတ်အားအငယ်ဆုံး အချိန်မှာ တောမြိုင်က ဆိုင်းမဆင့်ဗုံမဆင့်ဖြင့် ရောက်လာခဲ့သည်။ တစ်စုံတစ်ယောက်ကို ရင်ဖွင့်ဖို့ရန်ပြင်းပြင်းပြပြလိုအပ်နေချိန်တွင် တောမြိုင်ကိုတွေ့လိုက်ရတော့ ဘယ်လိုအားရှိသွားမှန်းကို မသိပါ။

ရေခြားမြေခြားမှပြန်ရောက်လာသော ချစ်သူကို တွေ့လိုက်ရသလို တောမြိုင်ကို ပျိုးခင်းက အားကိုးတကြီးလှမ်းခေါ် လိုက်သည်။





အချိန်က ညနေလေးနာရီဆိုပေမယ့် မိုးတိမ်တွေအုံ့မှိုင်းပြီး ကောင်းကင်တစ်ပြင်လုံး မည်းမှောင်နေသည်။ တောမြိုင်က အဝေးသင်တက္ကသိုလ်နဘေးရှိ ကင်န်တင်းထဲမှထွက်လာပြီး ပျိုးခင်းကို ရပ်စောင့်နေသည်။ ပျိုးခင်းက ဆေးကျောင်းအရှေ့ပေါက်မှမထွက်ဘဲ အနောက်ဘက်မှ ဘီအိုစီဝင်းရှိရာသို့ ထွက်လာခြင်းဖြစ်သည်။

'ပျိုးခင်း နေကောင်းရဲ့လားဟင်. . မျက်နှာလေး ညှိုးနေသလားလို့'

မေးလည်း မေး၊ နဖူးကလေးကို သူ့လက်ဖြင့် လှမ်း၍ ညင်သာစွာ စမ်းကြည့်သေးသည်။

ပျိုးခင်းရင်ထဲတွင် လှိုက်ကနဲဖြစ်သွားပြီး တောမြိုင်ရင်ခွင်ထဲတွင်ပင် ငိုပစ်လိုက်ချင်လာသည်။

'ငါ. . နင့်ကို တမ်းတနေတာ သိလို့လားဟင်'

'နင့်ဆီကို အရမ်းလာချင်နေတာ၊ ဘယ်လိုသဘောရမှန်းမသိဘူး၊ ဒါနဲ့ စိတ်ပူပြီး လိုက်ချလာတာ. . လာဟာ. . ငါတို့ စိမ်းလန်းစိုပြေကိုသွားကြရအောင်'

တောမြိုင်က ပျိုးခင်းလက်ကလေးဆွဲပြီး သထုံလမ်းအတိုင်းလျှောက်ပြီး ထွက်လာသည်။

မိုးဖွားကလေးတွေ ကျလာပြီ။ ဖြတ်တိုက်လာတဲ့ လေပြေလေးလေးတွေက ပျိုးခင်းရဲ့ဆံနွယ်ညိုညိုလေးတွေကို ကပိုကရို လှတိုး



www.burmeseclassic.com

www.burmeseclassic.com



စေသည်။ ဂငယ်ပုံ နဖူးပြေပြေလေးက မှိုင်းညို့နေတဲ့ ပတ်ဝန်းကျင်မှာ ဖြူဖွေးပေါ်လွင်ပြီး ကျက်သရေရှိလွန်းလှသည်။

တောမြိုင်က သထုံလမ်း ဆုံတော့ အင်းလျားလမ်းဘက်ကို ထွက်ပြီး ဆက်လျှောက်လာသည်။

ပျိုးခင်းမျက်နှာလေးကို ခိုးခိုးပြီး ကြည့်ရတာလည်း အမောပဲ။ ဘယ်လိုကြည့်ကြည့် ချစ်စရာကောင်းနေတော့လည်း အခက်သား။ ဆွဲဆောင်မှု အားကောင်းသော ချစ်သူလေးကို တစ်ယောက်တည်းထားခဲ့ရမှာ ဘယ်လိုမှစိတ်မချနိုင်ပါ။

သဘော်တက်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ဟိုက လှမ်းခေါ်တာနှင့် သူထွက်ရုံပင်။ ပျိုးခင်း အားငယ်မှာစိုးလို့ အသိပင်မပေးရက်ဘဲ မျိုသိပ်ထားရသည်။

'တောမြိုင်'

'ဗျာ'

'မိုးရွာနေပြီ ထီးလာဆောင်းလေ တော်ကြာ နင်နှာစေးနေဦးမယ်'

မိုးမိရင် သူနှာစေးတတ်တာ ပျိုးခင်းသတိရတုန်းပဲကိုး။

ရင်ထဲတွင် ကြည်နူးခြင်းက ညင်သာစွာ ရိုက်ခတ်လာသည်။

ပျိုးခင်းရဲ့ထီးလေးအောက်မှာ ခန္ဓာကိုယ်နှစ်ခုက ပူးကပ်သွားသည်။ အသားယူတာ မဟုတ်ပေမယ့် သူ့လက်တစ်ဖက်က ပျိုးခင်းပခုံးလေးကို လှမ်းဖက်ပြီးသား ဖြစ်နေသည်။

ပျိုးခင်းရဲ့နူးညံ့တဲ့လက်ကလေးတစ်ဖက်က သူ့ လက်ခေါ်ကို လာထိပြီး အုပ်ကိုင်ထားသည်။ သူ့ရင်တွေ တုန်ပြီး ရှိဝေဝေဖြစ်လာသည်။

စိတ်မထိန်းနိုင်တော့။

နီးနီးလေးမှာရှိနေသော သွေးကြောစိမ်းစိမ်းလေးတွေ ယှက်ဖြာနေတဲ့ ပျိုးခင်းရဲ့ပါးလေးကို တရှိုက်မက်မက် ငုံ့ပြီး နမ်းမိသည်။

'တောမြိုင်နော်. . နင် ဆော့တော့်ကဲနေ. . လူတွေမြင်တော့ ရင် ဘယ်လိုလုပ်မလဲ'

'မမြင်ပါဘူး. . ဒီမှာတွေ့လား'

တောမြိုင်က ထီးလေးနှင့်ကာပြပြီး

'မယုံရင် ငါ ထပ်နမ်းပြရမလား'

'ကြည့်ပါလား. . ပြောရင်းပြောရင်းနဲ့ကို ကဲလာပြန်ပြီ'

နှာခေါင်းတပြင်ပြင်လုပ်နေသော တောမြိုင်ကို ပျိုးခင်းက ဘာမပြောညာမပြောဖြင့် နှာခေါင်းကို ဆွဲပြီး လိမ်ပစ်လိုက်သည်။

'အား. . နာတယ်ဟ'

ချစ်သူ ဆိုတဲ့ခေါင်းစဉ်အောက်ကိုရောက်ဖို့ ပုံမှန် အားဖြင့် ဖွင့်ပြောရမယ်။ အဖြေပြန်ပေးရမယ်။




ဆောင်းညပြာသိုတာပေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကိုနားလည်မှုရှိတဲ့ ချစ်သူတွေမှာတော့ step ကျော်သွားပြီး ဖွင့်မပြောပေမယ့် ပြန်ချစ်သွားတာ မထူးဆန်းဘူးလား။

စိမ်းလန်းစိုပြေကို ရောက်တော့ မိုးတွေက သည်းလာပြီမို့ အမိုးအကာရှိတဲ့ ဆိုင်တစ်ဆိုင်ထဲကို ဝင်ရသည်။

တောမြိုင်က ပျိုးခင်းအကြိုက် ဘလက်ကော်ဖီခါးခါးလေး နှစ်ခွက်ကို မှာပြီး ငါးသေတ္တာနှင့် sandwich တစ်ပွဲ မှာသည်။

'ပျိုး. . ခုချိန်ကစပြီး ပျိုးလို့ပဲ ခေါ်မယ်နော်၊ ပြီးတော့ ဒီနေ့ဟာ ငါတို့ရဲ့ အမှတ်တရနေ့လေးဖြစ်သွားပြီ၊ ဒီမှာကြည့် 5:00 PM 21st June. . မိုးတွေရွာနေတဲ့အချိန်မှာ ငါတို့ ချစ်သူဖြစ်သွားပြီနော် မောင်လို့ခေါ်ပေးပါလား ပျိုးရယ်. . နော်'

ပျိုးခင်းကို သူ့လက်မှနာရီကိုပြပြီး အချိန်တွေ နေ့တွေပြောပြနေသော တောမြိုင်ကို ကြည့်ပြီး သူမ ရယ်ချင်လာသည်။

'သွား. . လိပ်ကြီး'

'ခေါ်စမ်းပါကွာ ကြားချင်လို့၊ တစ်ခါတည်းပါ ပျိုးရာ'

'ခေါ်ပါဘူး'

'ခေါ်ပါကွာ'

'အစ်ကို ကျွန်တော့်ကို ခေါ်တာလားခင်ဗျ'

ကော်ဖီလာချပေးသော စိတ်တာကောင်လေးက သူ့ကိုခေါ်တယ်ထင်ပြီး မေးသည်။



တောမြိုင်က ခွော်ရွှဲရောထိုင်ဖြင့်

'အေး ဟိုလေ. . ရခိုင်မုန့်တီတစ်ပွဲလောက်မှာပေးပါလား'

'ဟုတ်ကဲ့ခင်ဗျ'

ပျိုးခင်းက လက်ညှိုးကလေးကွေးပြီး ကရော်ကရော်ပုံစံလုပ်ပြသောအခါ တောမြိုင်က ပျိုးခင်းလက်ဖဝါးလေးကို ဆတ်ကနဲဆွဲယူပြီး ဘော်လ်ပင်ကိုထုတ်ကာ 'Tate Chit Del'ဟု ရေးပြသည်။

ပျိုးခင်းက ဖတ်ပြီး ဟားတိုက်ရယ်သည်။

'တိတ်ချစ်ဒယ်. . ဟုတ်လား၊ စကားလည်း မပီဘူးကွာ. . ဟား. . ဟား'

'သူများခံစားချက်ကို မလှောင်ပါနဲ့ကွာ. . ပီအောင် ပြောတတ်တယ်၊ ကြားချင်လို့လားဟင်. . ပျိုး နားထောင်ရဲလား'

ပျိုးခင်းက သူမ နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ထားရင်း

'ဟင့်အင်း. . မပြောနဲ့၊ ပျိုးရှက်တယ် မောင်'

'မောင်' တဲ့။

'Please, once again'

'တော်ပြီလေ. . မောင်ရယ်'

'ဟော. . ခေါ်ပြန်ပြီ'

'ကြည့်ပါလား. . ဘယ်လိုအူမြူးနေမှန်းကို မသိဘူး. . ပျိုးကဖြင့် စိတ်ညစ်လွန်းလို့ သေတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေဖြစ်နေလို့လဲ ပျိုးရယ်'

'ပျိုးရင်ဖွင့်ချင်နေတာ. . ပျိုး တစ်ခါပြောဖူးတယ်လေ၊ ပျိုးကျောင်းတက်ဖို့ ထောက်ပံ့ပေးနေတဲ့ ဒေါက်တာခွန်ထိုက် ဆိုတာ'

'မောင် သိတယ်လေ. . အန်တီဟန်နီ့ သူငယ်ချင်းဆိုတာ မဟုတ်လား'

'ဟုတ်တယ်၊ အမှန်က အဲဒါ. . ပျိုးရဲ့ဖေဖေတဲ့'

'ဘယ်လို'

'မောင် မယုံဘူးမဟုတ်လား. . ပျိုးလည်း စိတ်တွေအရမ်းရှုပ်ထွေးနေတယ်၊ ပြီးတော့. . ဖေဖေ့မှာက သူ့မိသားစုနဲ့သူ ဖြစ်နေပြီလေ၊ ပျိုး ဝမ်းနည်းတယ်မောင်ရယ်'

'စိတ်အေးအေးထားပါ ပျိုးရယ်. . ပျိုးအနားမှာ မောင်တစ်ယောက်လုံး ရှိပါတယ်၊ အန်တီဟန်နီတို့နဲ့ ဘယ်လိုမှမတော်စပ်ဘူးပေါ့၊ ဟုတ်လား. . ပျိုး'

'ဟုတ်တယ် မောင်၊ ပျိုးမေမေနာမည်က ဒေါက်တာလေဘာတီ တဲ့. . မာမီ့သူငယ်ချင်းပဲလေ'

တောမြိုင်က လေဘာတီဆိုတဲ့နာမည်ကို ကြားတော့ စဉ်းစားသလို ခဏငြိမ်ကျသွားသည်။

'ဒီလိုနာမည်မျိုးက အတူရှိလို့လား. . . မရှိနိုင်ဘူး ထင်တယ်'





လေဘာတီနှင့်မတ်သက်ပြီး တောမြိုင်မှာ သဲလွန်စများရှိလို့လား. . .

'မောင်က သူ့ကို သိလို့လားဟင်'

တောမြိုင်က ခေါင်းညိတ်ပြသည်။

'မောင်တို့ ဒွေးလေးလျှုတုန်းက တစ်ခါဆုံဖူးတယ်. . . အန်တီဟန်နီတို့အရွယ်လောက်ပဲ၊ ပြီးတော့. . ဒီနာမည်မျိုးက ရှားတယ်ဆိုတော့ မှတ်ထားမိတာပါ'

'နေဦး မောင်. . သူ. . အဲ. . မေမေက ပျိုးနဲ့တူတယ်ဆို. . ဟုတ်လားဟင်'

ပျိုးခင်းမျက်နှာကို သေချာစိုက်ကြည့်ပြီး တစ်စုံတစ်ခုကို သတိရသွားသလို တောမြိုင်က –

'ဟုတ်ပြီ. . ဒါကြောင့် အဲဒီအန်တီကို တွေ့တုန်းက မြင်ဖူးပါတယ်လို့ထင်နေတာ. . လက်စသတ်တော့ ပျိုးနဲ့တူတာကိုး၊ ဟောဒီမျက်လုံးတွေအတိုင်းပဲ စူးရှထက်မြက်တာ၊ ပြီးတော့. . နှာတံအကျလည်း တူတယ်ပျိုး၊ နဖူးလည်း ဂငယ်ပုံပဲ တော်တော်ကြီးကိုဆင်တာ'

'သူ. . သူ. . ဘယ်မှာနေတယ်ဆိုတာ သိလားမောင်၊ ပြောစမ်းပါ မောင်ရယ်. . ပျိုး မေမေ့ကို မြင်ဖူးချင်လွန်းလို့ပါ'

'အဲဒီတုန်းက အဲဒီအန်တီက ရိပ်သာကနေ လာလှူတာ၊ ဘယ်မှာနေလဲတော့ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အဲဒီရိပ်သာမှာ သွားစုံစမ်းရင်ကော'

'ဟုတ်သားပဲ. . အဲဒီမှာ သွားမေးရင် သဲလွန်စတစ်ခုတော့ ရမှာပဲ ဖျိုး ဘယ်နေ့သွားချင်လို့လဲ'

'ဒီဆန်းဗေးသွားမယ် မောင်'

'မှော်ဘီအထိသွားရမှာနော် ဖျိုးအိမ်ကို သေချာပြောခဲ့ဦး မောင်. . သက်စုကို အခေါ်လွှတ်လိုက်မယ်လေ'

'ဟုတ်တယ် အဲဒါကောင်းတယ် မောင် ခြောက်နာရီတောင် ထိုးနေပြီ ပြန်ကြရအောင်နော်'

အစားအသောက်တွေကို လက်စသတ်ပြီး ပြန်ဖို့ပြင်သော အခါ မောင်က ဖျိုးရဲ့နဖူးကလေးကိုနမ်းရင်း

'ဖျိုး. . မောင့်ကို အချိန်တိုင်းသတိရနေပါနော်'

ဖျိုးခင်းက ခေါင်းလေး ညိတ်ပြပါသည်။ ချစ်သူဘဝမှာ ကြေကွဲစရာအကောင်းဆုံးဟာ အိမ်ပြန်ချိန်ပဲ ဖြစ်ပါလိမ့်မည်။ နီယွန် မီးတိုင်လေးအောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှုတ်ဆက်ကာ လမ်းခွဲခဲ့ကြပါသည်။

❖



## အခန်း(၂၁)

Buddha's Teachings are not for **Knowledge** only but also for Self Practice & Implementation.

ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ အားလုံးသည် ဗဟုသုတ ရရှိပါးစပ်ဖျားလေးမှ ပြောနေ ဟောနေရုံမျှ လမ်းဆုံးနေတာမျိုး တစ်ခုမှ မရှိခဲ့ပါဘူး။

အဆုံးအမတိုင်းသည် ကိုယ်တိုင်လက်တွေ့ကျင့်ကြံပြီးမှ မိမိနှင့် အများအကျိုးအတွက် အကျိုးရှိအောင် လက်တွေ့အသုံးချပြီး သာလျှင် အမိပ္ပာယ်ပြည့်စုံပြီး ပန်းတိုင်(နိဗ္ဗာန်)သို့ မျက်မှောက်ပြုနိုင်ခြင်းသည်သာ အနှစ်သာရဖြစ်ပေသည်။

ဒေါ်လေဘာတီက ထိုရိပ်သာတွင် စံပြဖြစ်သည်။ ကံသုံးပါး

www.burmeseclassic.com



ကို လုံအောင် ထိန်းပြီး အချိန်တိုင်းတွင် ဗုဒ္ဓဘုရားရှင်၏အဆုံးအမများကိုနှလုံးသွင်းကာ မိမိခန္ဓာအတွက် ရန်သူများဖြစ်သော လောဘ ဒေါသ၊ မောဟမီးများ မဝင်ရောက်နိုင်အောင် စိတ် ဆိုတဲ့ ခံတပ်တံတိုင်းကြီးကို လုံသထက်လုံအောင် သမာဓိတရားကို အမြဲထူထောင်ထားသူဖြစ်သည်။

ဗုဒ္ဓဘုရားရှင်က ခင်းပြထားတဲ့ လမ်းကြောင်းရဲ့အဆုံးမှာ နိဗ္ဗာန်ဆိုတဲ့ (ဒုက္ခအားလုံး ချုပ်ငြိမ်းရာ သံသရာမှလွတ်မြောက်ခြင်း) ချမ်းသာအစစ်ဟာ ရှိကိုရှိနေတာပါ။

နိဗ္ဗာန်ချမ်းသာကသာ မဖောက်မပြန်သော မဟာသန္တိသုခချမ်းသာအစစ် ဖြစ်ပေသည်။

လူတွေ မက်မက်မောမော တောင်းဆုပြုနေကြတဲ့ လူချမ်းသာ နတ်ချမ်းသာတို့မည်သည်မှာ ဖြစ်ပေါ်ခြင်း၊ ချုပ်ပျောက်ခြင်းတို့က အစဉ်ထာဝရနှိပ်စက်သော ဒုက္ခသစ္စာနယ်ထဲတွင် ခံစားနေရပြီး သုံးဆယ့်တစ်ဘုံ သံသရာလည်စေသော ချမ်းသာအတုဖြစ်ပေသည်။

လူ့ဘဝရဲ့ဒုက္ခဆိုတာကြီးကို သူမ ကောင်းကောင်းခံစားခဲ့ရပြီးပြီ။ အပူတကာ့အပူမီးတွေဖြင့် စိတ်နှလုံးသည် ကူကယ်ရာမဲ့စွာ ဟုန်းဟုန်းတောက်ခဲ့ပြီးပြီ။ မိမိသွေးသားကို တိတ်တဆိတ်အလစ်သုတ်သွားခဲ့သော လင်မယားနှစ်ယောက်ကို အငြိုးတကြီးဖြင့် လိုက်ရှာနေစဉ်အချိန်များတွင်ကား ကာယကံမြောက် မဟုတ်သော်ငြား မနောကံ





ဖြင့် အကြိမ်ကြိမ်သတ်ခဲ့ဖူးသည်။ လုပ်ရက်လေခြင်းဟူသော နာကြည်းစိတ်ဖြင့် လက်ရှိ ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေကိုပင် မေ့လျော့ကာ သမီးဇောတစ်ခုတည်းဖြင့် မြို့တကာ၊ နယ်အနှံ့ လိုက်ရှာခဲ့ရသောနှစ်တွေက မနည်းလှပါ။

အဆုံးသတ်မှာ လေဘာတီ ဘာကို ရလိုက်သလဲ ဆိုတော့ မိခင် သေဆုံးတာကို မမြင်တွေ့လိုက်ရခြင်းပင်။ ကန်တော့ဖို့ ဆိုတာဝေးလို့ သေပြီး တစ်လကျော်ကြာမှ အမေဆုံးတာ သိခွင့်ရတဲ့ ဘဝ။ နှလုံးရောဂါအခံရှိသောမိခင်မှာ ရေချိုးရင်း ချော်လဲရာမှ နှလုံးဖောက်သွားပြီး တစ်ခါတည်း အသက် ပါသွားလေသည်။ သမီးမိုက်တစ်ယောက်ရဲ့ရင်နာစရာဇာတ်လမ်းတွေကို မသိမြင်ချင်တော့လို့ ဘဝကို အဆုံးသတ်သွားလေသလား. . . ။

ထိုအချိန်မှစ၍ လေဘာတီ၏ဘဝသည် ပို၍မှောင်သွားခဲ့သည်။ အထီးကျန်ဆန်လွန်းတော့ သူမ၏စိတ်တွေသည် normal မဟုတ်တော့ဘဲ စိတ္တဇဆန်ချင်လာသည်။ အဆိုးဆုံးမှာ မိမိ၏သမီးအရွယ် ကလေးတွေကိုတွေ့လျှင် အတင်းလိုက်ခေါ်၊ ပြီးလျှင် တစိမ့်စိမ့်ကြည့်မည်။ ပြီးတော့ မျက်ရည်ကျမည်။

အကြောင်းမသိသူတွေက သူမကို အရူးမဟု ထင်ယောင်ထင်မှားဖြစ်လာကြသည်။

ကိုယ့်ခန္ဓာက ဘာတွေလုပ်နေသလဲ ဆိုတာ လိုက်ပြီး မသိ,



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့လောက်အောင် စိတ်တာ လွှတ်နေပြီ။ ဘယ်လောက်ထိတောင် ဆိုးရွားခဲ့သလဲဆို နွေဖျိုးခင်းလို့ သူမဘာသာယုံကြည်ခဲ့သော ကလေး မလေးတစ်ယောက်ကို မိမိအိမ်တွင် ခေါ်၍သိပ်ခဲ့သည်။ ကလေး၏ မိဘများက အိမ်မှာ လာရှာတော့မှ ပြဿနာ အကြီးအကျယ်တက် တော့သည်။

'သမီး. . သမီးရေ. . ရွှက်ဝေ'

ကလေးမလေးက သူ့မိဘရဲ့အသံကိုကြားတော့ အတင်းထ, ပြေးသည်။ လေဘာတီက ကလေးလက်ကို အတင်းဆွဲပြီး တင်းတင်း ဖက်ထား၏။

ကလေးက ရုန်းလေ. . သူမက ပိုဖက်လေ. . .

'သမီး ဒီမှာ မေမေရေ. . သမီးကို ကယ်ပါဦး'

ကလေးမိဘတွေက အထဲမှာ သူ့သမီးရှိတာ သေချာသွား တော့ တံခါးကို တဒုန်းဒုန်းထု၏။ ကလေးအဖေက ရပ်ကွက်လူကြီး ပါ သွားခေါ်လာပြီး တံခါးကို အတင်းဖျက်ကာ ဝင်လာကြသည်။ အဲဒီ အချိန်မှာ သူတို့မြင်လိုက်ရတဲ့ လေဘာတီရဲ့မျက်လုံးတွေက တကယ့် ကို အရူးမျက်လုံးတွေ. . .

'ဒါ. . ဒါ ကျွန်မသမီးလေး၊ ကျွန်မ သိတယ်. . ရှင်တို့တွေ ကျွန်မသမီးကို ခေါ်မသွားပါနဲ့နော်. . ကျွန်မ ရှိကြီးခိုးပါတယ်'

သူမက အမှန်တကယ်လည်း ထိုင်ပြီး ကန်တော့ရှာပါသည်။





သူမအကြောင်းကို အနည်းအကျဉ်းသိနေသော ရပ်ကွက်လူကြီးက စာနာသနားပြီး ဝင်ဖြေရှင်းခဲ့လို့သာ. . .

'ဟုတ်ပါတယ်. . အဲဒါ လေဘာတီရဲ့သမီးလေးပဲလေ. . . ခုလည်း အပြီးလာခေါ်တာမှမဟုတ်တာ၊ သူ့အဝတ်အစားတွေ ပြန် ယူပြီး ပြန်လာခဲ့မှာ စိတ်ချ. . သူ့ကို ခဏပေးပြန်လိုက်နော် သမီး'

ဦးချစ်ဝေက ချော့မော့ပြီး ယုံအောင်ပြောတော့ လေဘာတီ ပျော်သွားသည်။

'ဟော. . တွေ့လား၊ သူ ကျွန်မသမီးဆိုတာ အဘတောင် သိတယ်၊ ရှင်တို့ ကလိမ်ကကျစ်လာလုပ်ဖို့ မစဉ်းစားနဲ့'

ကလေးမိဘတွေက ကိုယ့်သမီးကိုယ်ပြန်ရဖို့အရေး လေဘာ တီကို မြှောက်တစ်ခါ၊ ချော့တစ်လှည့်ဖြင့် အတော်ကြာအောင် စည်း ရုံးယူလိုက်ရသည်။ စိတ်ရောဂါ မသိမသာစွဲကပ်နေသူတစ်ယောက် ကို အကြမ်းကိုင်လို့ မရမှန်း ပညာတတ်တွေ ဖြစ်တဲ့ သူတို့က သိနေ သည်။

ကလေးမလေးက သူ့မိဘတွေနောက် ပြန်လိုက်သွားတော့ လေဘာတီက ကလေးကို ဇတွတ်တွတ်အော်ပြီး မှာနေသည်။

'မေမေ့သမီးလေး. . မြန်မြန်ပြန်လာခဲ့နော်၊ မေမေ သမီးကို ထပ်ပြီး အပျောက်မခံနိုင်တော့ဘူး. . သမီး ကြားလား'

ရပ်ကြည့်နေသော ဦးချစ်ဝေပင် မျက်ရည်တွေ ဝဲလာက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှမြောစရာကောင်းလိုက်တာ. . လေဘာတီဆိုတာ ဆရာဝန်မလေးမှန်း သူတို့တစ်နယ်လုံး သိနေသည်။ အရွယ်ကောင်းလေးမှာ ဘယ်လိုဒုက္ခတွေက နှိပ်စက်လို့ ဒီလိုဖြစ်သွားရတာလဲ။ သူ ဆက်ပြီး ကြည့်မနေနိုင်တော့။ လေဘာတီကို ချော့ခေါ်ပြီး ဆေးကုသမှု ခံယူစေသည်။ စိတ်ချရပြီဆိုမှ ဗုဒ္ဓတရား၏အေးရိပ်အောက်သို့ ပို့ပေးခဲ့ခြင်းဖြစ်သည်။

နှစ်တွေပြောင်းပြီး ရင့်ကျက်တည်ငြိမ်လာသော ဒေါ်လေဘာတီဘဝတွင် ဆင်းရဲသောလူနာများကို အခမဲ့ဆေးကုသပေးပြီး ကျန်သောအချိန်များတွင် ဤရိပ်သာ၌ တရားအားထုတ်ခြင်းဖြင့်သာ အချိန်တွေကို ကုန်လွန်စေခဲ့သည်။

သံယောဇဉ်ကြိုးလေးတစ်ချောင်းကို ဖြတ်တောက်နိုင်ပြီလို့ ယူဆထားပြီးမှ ယခုတလော သမီးလေးကို အိပ်မက်တွေ ခဏခဏ မက်သည်။ အနိုင်နိုင်ထိန်းထားရသော စိတ်တွေက အကျင့်ပျက်ကာ ယိုင်နဲ့ချင်လာသည်။ သမီးလေးကိုမှန်းပြီး မေတ္တာတွေ ပို့သည်။ သမီးဘဝလေး အေးမှအေးမြရဲ့လား၊ ဘယ်လိုအပူမီးတွေက သမီးကိုနှိပ်စက်နေလို့လဲ. . . ထူထောင်ထားသောသမာဓိတွေက ပျံ့လွင့်ချင်လာသည်။ နှာသီးဖျားလေးဆီမှ ဝင်လေ ထွက်လေကို လိုက်မှတ်နေရင်း ရိပ်သာထဲမှ တရားဖြုတ်ရန် အချက်ပေး တုံးခေါက်သံ ကြားလိုက်ရသည်။





ဆွမ်းစားချိန်တောင် ရောက်ပါရော့လား. . . ရိပ်သာတွင် ဝေယျာဝစ္စကူလုပ်ပေးနေသော မမြင့်က တိုးတိုးလေးလာပြောသည်။

'အန်တီ. . ညွှံ့သည်ရောက်နေတယ်၊ ခုနက အန်တီ တရားမဖြုတ်သေးလို့ လာမပြောတာပါ'

ညွှံ့သည်ဆိုပါလား. , သူမဆီသို့ သီးသန့်လာရောက်တွေ့ဆုံမည့် ညွှံ့သည် ရှိလို့လား။ သူများကို ညွှံ့သည်လို့ သုံးနှုန်းနေပေမယ့် အမှန်စင်စစ် မိမိကိုယ်၌ကလည်း ညွှံ့သည်ပါပဲလေ. . . တစ်ယောက်တည်း လာပြီး တစ်ယောက်တည်းပြန်ရမယ့် ညွှံ့သည်ပါပဲ။

'အန်တီ လာခဲ့မယ် မမြင့်'

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ဘုရားရိပ်၊ တရားရိပ်ဟာ တကယ်ပဲ အေးမြစေတာပါ လား။ အုပ်အုပ်ဆိုင်းဆိုင်းရှိတဲ့ သစ်ပင်ကြီးတွေရဲ့အောက်မှာ ထိုင်ရအောင် ခုံလေးတွေရိုက်ပေးထားပြီး တရားထိုင်ဖို့ သီးသန့်တစ်ဆောင်လေးတွေက အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများ၏ အောက်ဝယ် ကျက်သရေရှိစွာ စီတန်းနေလေသည်။

ရာသီဥတုက သာယာပြီး ကောင်းကင်ကြီးက ကြည်လင်နေပါသည်။ လွင့်မျောနေတဲ့ တိမ်စိုင်ဖြူဖြူကလေးတွေကို ကြည့်ပြီး ပျိုးခင်း ငိုချင်လာပါသည်။

တစ်ချက် တစ်ချက် ဝှေ့ပြီးတိုက်ခတ်လာတဲ့ လေပြေလေး





တွေက မောဟိုက်တုန်ယင်နေတဲ့ သူမရဲ့ရင်အစုံကို ဖြေသိမ့်ခြင်းငှာ မစွမ်းနိုင်ပါ။

မေမေက သမီးကို မချစ်လို့ ပစ်ထားခဲ့တာလား. . အဲသလို တွေးလိုက်တိုင်း ပျိုးခင်း အားငယ်ရတယ် မေမေ။ သမီး ကြီးပြင်းရှင်သန်ခဲ့ရတဲ့နှစ်တွေက ဆယ်စုနှစ် နှစ်ခုနီးပါးရှိနေပါပြီ။ အဲသလောက် နှစ်တွေအကြာကြီးမှာ မေမေက သမီးကို တစ်ချက်လေးမှလာကြည့်ဖော်မရဘူးနော်။

အခုတွေ့ရမယ့်သူဟာ မေမေ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သမီး အပြစ်မယူရက်တော့ပါဘူး။ မေမေ နေထိုင်တဲ့ ဝန်းကျင်လေးက အေးမြတယ်၊ တိတ်ဆိတ်တယ်။ ပြီးတော့ မေမေက သူတော်ကောင်းအကျင့်ကို ကျင့်နေတဲ့သူ မဟုတ်လား။ မေမေ့ဘဝလေး အေးချမ်းနေတာ၊ အနည်ထိုင်နေတာ သမီးကြောင့် အနှောင့်အယှက်မဖြစ်စေချင်တော့ဘူး။

တောမြိုင်က ပျိုးခင်းလက်ကလေးကို ဆုပ်ကိုင်ပြီး တိုးတိတ်စွာ လှမ်းပြောသည်။

ပျိုး. . ဟိုမှာလာနေတဲ့ အန်တီပဲ’

ကျနွှေရစွာ တစ်လှမ်းချင်းစကြီလျှောက်လာသော လေဘာ၀တီက ပျိုးခင်းတို့အနားရောက်မှ မျက်လွှာကိုလှန်ကြည့်ပြီး

‘သားတို့သမီးတို့ အန်တီနဲ့တွေ့ချင်တာဆို’



www.burmeseclassic.com

www.burmeseclassic.com



'အန်တီက ဒေါ်လေဘာတီလား ခင်ဗျ'

တောမြိုင်က လက်ကလေးနောက်ပစ်ပြီး ရှိကျိုးစွာ မေး၏။

'ဟုတ်ပါတယ်ကွယ်'

တောမြိုင်နှင့်ပျိုးခင်း မျက်လုံးချင်းဆုံမိကြသည်။ ဘာဆက်လုပ်ရမလဲဆိုသည့်သဘော. . .။

'ဟို. . ဟိုလေ. .'

တဟိုဟိုနှင့် ဘာဆက်ပြောရမှန်း မသိသော တောမြိုင်၏ စကားမဆုံးမီ ပျိုးခင်းက ဝင်၍

'သမီးနာမည်က နွေပျိုးခင်းပါ'

ဟု ဖြတ်ပြောပြီး မျက်နှာကို အကဲခတ်သလို တစ်ချက်ငေးပြီးကြည့်သည်။ ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်နေရသလိုပါပဲ။ အသက်အရွယ်ချင်း ကွာခြားနေလို့သာ။

'ပျိုး. . ခင်း. . နွေပျိုးခင်း. . ဟုတ်လား. . ဒါဆို. . သ. . သမီးက မေမေ့သမီးပေါ့'

တည်ငြိမ်နေသောလေဘာတီ၏မျက်နှာက 'သမီး'ဆိုသည့် ကြိုးတစ်ချောင်းဖြင့် လှမ်းချည်လိုက်သောအခါ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ပျိုးခင်းကို သူမ၏မျက်လုံးညိုညိုများဖြင့် မလွတ်တမ်းစိုက်ကြည့်နေပြီး





'သမီး. . ဟန်နီကြည် ဘယ်မလဲ'

ဟု စိုးရိမ်သက်စွာမေးသည်။

'မာမီ အိမ်မှာရှိပါတယ်'

လေဘာတီက ခေါင်းတဆတ်ဆတ်ညိတ်သည်။ အမေကို တစ်ချိန်လုံး ငေးကြည့်နေပြီး အားငယ်ဝမ်းနည်းနေပုံရသော သမီးလေးကို သူမက ရင်ချင်းအပ်ကာ ဖက်ထားမိသည်။

'သမီးရယ်. . သမီးကို မေမေ လိုက်ရှာနေတာ ကြာလှပြီ'

'သမီးကို သူတို့ဆီမှာ ထားခဲ့တာ မဟုတ်လား'

ကလေးဘဝတုန်းက 'မေ. . မေ'ဟု မတတ်မချင်း အခေါ်သင်ပေးခဲ့တာမဟုတ်တော့ ရုတ်တရက် ပြန်တွေ့ရတဲ့အချိန်မှာ 'မေမေ'ဟု ခေါ်ချင်ပေမယ့် နှုတ်က မရဲပါ။ ပျိုးခင်းဟာ မိခင်ရင်ခွင်ထဲကို ရောက်နေတဲ့အတွက် ဝမ်းသာတဲ့စိတ်က တစ်ဖက်၊ မိမိကို စွန့်ထားရက်ခဲ့လေခြင်းဟု ဝမ်းနည်းယူကြုံးမရဖြစ်သည့်စိတ်က တစ်ဖက်ဖြင့် ရင်ထဲတွင် တုန်ခါလှုပ်ဆွဲနေသည်။ မိခင်အပေါ်တွင် မကျေမနပ်ဖြစ်နေသည့်စိတ်ကလေးက တစ်စွန်းတစ်စပေါ်ထွက်လာသည်။

လေဘာတီက မိမိရင်ခွင်ထဲမှရုန်းထွက်ပြီး ကောက်ခါငင်ခါ မေးလိုက်သော သမီးရဲ့စကားသံကြောင့် မျက်ရည်များ ဝိုးဝိုးပေါက်ပေါက်ကျလာသည်။

နှာကျင်ကြေကွဲစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'သမီးတာ. . သမီးက ဒီလိုပဲထင်ထားသလား. . တစ်သက်လုံး ဒီအတိုင်းပဲ ယုံကြည်ထားတာလားကွယ်'

ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ တမ်းတရင်း လွမ်းခဲ့ရတဲ့ အမီးလေးဟာ အမေကို ပြန်တွေ့တဲ့ အချိန်မှာ နာကြည်းနေပြီပဲ။

လေဘာတီက သမီးမျက်နှာလေးကို သူမလက်များဖြင့် ညင်သာစွာ ပွတ်ပေးရင်း

'မေမေက ထားခဲ့တာမဟုတ်ဘူး သမီး. . သူတို့. . သူတို့က သမီးလေးကိုခေါ်ပြီး ထွက်ပြေးသွားတာ'

'ရှင်'

ဖျိုးခင်း အံ့ဩသွားသလို တောမြိုင်လည်း ပါးစပ်အဟောင်းသားဖြင့် မှင်သက်နေမိသည်။ လေဘာတီက ရက်ပေါင်း ငါးဆယ်ကျော်သာ ထွေးပွေ့ယုယစွာ မိမိရင်နှင့်တိုက်ကျွေးခဲ့ရသောသမီးလေးကို ပြန်သတိရသွားပြီး ဟန်နဲ့ကို နာကြည်းစိတ်က ချက်ချင်းဝင်လာသည်။ အရိယာသူတော်စင်ဖြစ်ရန် ကျင့်နေပေမယ့်လည်း ပုထုဇဉ်ဘဝမှာသာရှိနေသေးသည့်အတွက် မိမိခန္ဓာကိုချည်နှောင်ထားသော ကြိုးဆယ်ကြိုးစလုံးကို ဖြတ်ရန် မစွမ်းသာသေးပါ။ သို့သော်ငြား. . တရားကို လက်ကိုင်ထားပြီဖြစ်သည့်အတွက် ဝဋ်ကြွေးပါလာ၍ပေးဆပ်ရခြင်းဟုသာ ဖြေသိမ့်ပါတော့သည်။





'သမီး မေမေ့ကို အမြင်စောင်းပြီး အပြစ်ရှနေမှာစိုးလို့ ပြောပြတာ. . ဒီလိုပြောလိုက်လို့ တစ်ဖက်ကိုလည်း စိတ်မနာနဲ့. . မေမေ ပြောတာ သဘောပေါက်လား သမီး. . သူတို့က သမီးကို ဒီအရွယ် ထိရောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့တာ မဟုတ်လား၊ မေမေ အခုသခင် သမီးလေးကို ပြန်တွေ့ရတာဟာ ရှင်တော်မြတ်ဘုရားရဲ့ ကျေးဇူးကြောင့်ပဲ၊ သမီးလေး ပျောက်သွားတဲ့အချိန်ကစပြီး မေမေ့ဘဝကြီး မှောင်အတိကျခဲ့တာပါ၊ 'မေမေ့ အပူတွေကို တရားရေအေးနဲ့လာပြီး ငြိမ်းသတ်နေရတာ သမီးလေးတွေ့တယ်မဟုတ်လား'

ပျိုးခင်းက အမေကို သနားကရုဏာသက်စွာဖြင့် မျက်ရည်တွေ ကျလာသည်။ သူမက ရှိုက်ကြီးတငင်ဖြင့်

'မေမေရယ်. . . သမီးဘဝက ကိုယ်နဲ့ ဘာမှ မတော်စပ်တဲ့ သူစိမ်းတွေကို တစ်သက်လုံး မိဘတွေပဲလို့ ထင်ခဲ့တာ. . ဒါပေမယ့် သူတို့တွေရဲ့ခွဲခြားတဲ့ဆက်ဆံမှုတွေကြောင့် အမြဲပဲ သိမ်ငယ်ခဲ့ရတယ်၊ မေမေနဲ့မတွေ့ခင်အချိန်ထိ သမီးမှာ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ မေတ္တာငတ်ခဲ့ရတာပါရှင်'

သစ်ပင်အောက်ရှိ ခုံတန်းလေးတွင် သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ငိုနေကြပါသည်။

'ဖြစ်မှဖြစ်ရလေ မေမေ့သမီးရယ်. . သမီးကို သမီးအဖေက အသိအမှတ်ပြုတယ်တဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေ ဘယ်လောက်ပင် ကြာခဲ့ပါစေ. . . လေဘာတီ၏ ခွန်ထိုက်ကို မမုန်းပေမယ့် နာကြည်းနေဆဲပင်။

သရော်ရိပ်စွန်းနေသော သူမမျက်လုံးတွေက သက်သေခံ နေကြသည်။

'ဖေဖေက သမီးကိုချစ်ပါတယ် မေမေ၊ ဖေဖေ. . ဖေဖေမှာ က သူ့မိသားစုနဲ့သူ ဖြစ်နေပါပြီ၊ သမီးမှာ ပစ္စုပ္ပန် မဲ့နေပါပြီ မေမေ ရယ်. . အနာဂတ်ဆိုတာလည်း ရေးတေးတေးပဲ'

တောမြိုင်က ပျိုးခင်းကို ဝင်ပြီး ဟန့်တားမိသည်။ ဒါက လည်း ကိုယ့်ချစ်သူလေး စိတ်ဆင်းရဲနေမှာစိုးလို့ပါ။

'ပျိုး. . ခုတော့လေ၊ အရမ်းပင်ပန်းနေပြီ. . အခု ပျိုး. . အမေကိုတွေ့နေပြီပဲ၊ ဘာဆက်လုပ်မလဲဆိုတာ ပျိုး ဆုံးဖြတ်ပေါ့'

လေဘာတီက တောမြိုင်ကို ကြည်လင် တောက်ပသော အပြုံးများဖြင့်

'အန်တီ့သမီးလေးကို အန်တီ့ဆီ ခေါ်လာပေးတဲ့အတွက် သားလေးကို ကျေးဇူးအများကြီးတင်ပါတယ်ကွယ်. . ဒီကမ္ဘာပေါ်မှာ အန်တီ့သွေးသားဆိုလို့ သမီးလေးတစ်ယောက်ပဲ ရှိတော့တာပါ'

'အန်တီ. . ပျိုးအတွက် စိတ်ချပါဗျာ၊သူ့ကို ကျွန်တော် ဟိုး အရင့်ကတည်းက ဖော်ရှောက်လာခဲ့တာပါ၊ ပျိုးလည်း သိပ်မကြာ ခင်မှာ ဆရာဝန်မကြီးဖြစ်တော့မှာ'





တောမြိုင်ရဲ့ရှန်းရှန်းဝေနေသောစကားများအဆုံးမှာ လေဘာတီက

'မေမေ ကျေနပ်တယ် သမီး၊ သိပ်ကို ကျေနပ်ပါတယ်. . သမီးလေးက ကိုယ့်ဘဝကိုယ် တည့်မတ်အောင် ထိန်းကျောင်းပဲ့ကိုင် နိုင်လို့ပဲ၊ မေမေလေ. . အရင်ကဆို ငါ့သမီးလေးကို ကိုယ့်ရဲ့လက်နဲ့ မစောင့်ရှောက်ရတော့ တစ်ခုခုများ ချွတ်ယွင်းသွားမလားဆိုပြီး တစ် ချိန်လုံး သောကရောက်နေရတာ. . မေမေက သမီးလေးအပေါ်မှာ တာဝန်ကျေခွင့် မရခဲ့ဘူးလေ. . လိပ်ကမ္ဘာမကြီးတွေလိုပဲ သူတို့ရဲ့ ကလေးတွေကို ဟိုးအဝေးကနေပြီး မေတ္တာပို့ပေးနေရတဲ့ဘဝပါကွယ်'

ပျိုးခင်းက မိခင်၏မျက်ရည်များကို သူမလက်ဖဝါးနုနုလေး ဖြင့် သုတ်ပေးရင်း

'မငိုပါနဲ့တော့ မေမေရယ်၊ မေမေငိုရင် သမီးလည်း ငိုချင် လို့ပါ၊ မေမေ့မေတ္တာကို သမီးနားလည်ပါပြီ၊ နှစ်ရှည်လများခွဲခွာနေ ရပေမယ့် မေမေ့အချစ်တွေက သမီးအပေါ်မှာ အနိုင်းမဲ့တယ်ဆိုတာ လည်း သမီးသိပါတယ်'

'မေမေ့သမီးက ဆရာဝန်မကြီးဖြစ်တော့မှာဆိုတော့ မေမေ စကားလက်ဆောင်လေး ပေးချင်တယ်ကွယ်၊ သမီး သတိထားမိလား တော့ မသိဘူး၊ သမီးတို့ဆေးကျောင်းရှေ့က ဆိုင်းဘုတ်မှာ ပါဠိလို ရေးထားတာ ရှိတယ်လေ၊ (ဥပဋ္ဌာန်၊ အနုကမ္ပာ၊ ဒယာ)တဲ့၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြမယ်နော်၊ ဥပဋ္ဌာန် ဆိုတာက စိတ်ရောကိုယ်ပါ ယုယုယယဖြင့် စောင့်ရှောက်ပါမည် တဲ့၊ အနုကမ္ပာ ဆိုတာက ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက် လူနာတွေကို စောင့်ရှောက်ပါမည်ပေါ့၊ ဒယာ ဆိုတာကတော့. . လူသားအချင်းချင်း ညှာတာ ထောက်ထားသော အသိဖြင့် စောင့်ရှောက်ပါမည်လို့ဆိုလိုတာပေါ့။ သမီးမှမဟုတ်ဘူး. . ဒါဟာ ဆရာဝန်တိုင်း လက်ကိုင်ထားရမယ့်တရားတွေပဲ၊ လူနာ ဆိုတာ စိတ်နှလုံးညှိုးနွမ်းပြီး ကိုယ့်ကိုအားကိုးတကြီးနဲ့ရောက်လာတာလေ၊ ဘယ်လောက်သနားစရာကောင်းသလဲ. . သူတို့တွေကို ကိုယ်က နွေးနွေးထွေးထွေးနဲ့ကြိုဆိုရမှာပေါ့၊ လူနာတွေက ကိုယ့်အပေါ် ယုံကြည်လာအောင်၊ အားကိုးလာအောင်လည်း ကိုယ်က နေတတ်ရမယ်၊ ပြီးစလွယ်ဝတ်ပြီး ဖြစ်သလို ပရမ်းပတာပြောဆိုနေလို့မရဘူး၊ neat & tidy ဖြစ်နေရမယ်၊ အချိန်တိုင်းမှာ သပ်သပ်ရပ်ရပ်ဝတ်စားပြီး ကိုယ့်ကိုယ်ကို confident အပြည့် ရှိနေရမယ် နားလည်လား သမီး'

'နားလည်ပါပြီ မေမေ၊ သမီး မေမေပြောသလိုဖြစ်အောင် ကြိုးစားပါ့မယ်'

လေဘာတီက သမီးမျက်နှာကို ကြည်နူးစွာကြည့်ပြီး ပြုံးနေသည်။ 'ဒုက္ခ'ဟူသမျှကို ခါးစည်းခံခဲ့ရသော သူမအတွက် 'သုခ'က ရောက်လာပြီလား။ ဘဝမှာ နောက်တစ်နေ့ ဆက်နေနိုင်ဖို့အတွက်





သမီးက အားဆေးလေလား။ သေချာပါတယ်. . သမီးလေးကို သူမ သိပ်ကို လိုအပ်နေတာ။

'သမီး. . မေမေနဲ့လာနေမယ် မဟုတ်လားဟင်'

အသနားခံ အော်ကျိုးနေသော အမေ့မျက်နှာလေးကို ကြည့်ပြီး ရင်ထဲတွင် နာကျင်လာသည်။ ကိုယ့်ဝမ်းနဲ့ လွယ်ပြီးမွေးခဲ့ရတဲ့ သမီးလေးကို သူများလက်ထဲက ပြန်လုနေရတဲ့မေမေ့အဖြစ်မှာ သနားစရာကောင်းလှသည်။ ပျိုးခင်းက အမေ့ခါးကိုဖက်ပြီး အားတက်သရော မေးမိသည်။

'မေမေ လာခေါ်မှာလားဟင်'

'မေမေ လာမခေါ်နိုင်တာ ခွင့်လွှတ်ပါ သမီးရယ်. . အဓိကတာ မေမေ ဟန်နီတို့လင်မယားကို မတွေ့ချင်ဘူး သမီး၊ ခုချိန်မှာ. . မေမေက ဘုရားရိပ်နဲ့အေးချမ်းနေပြီမို့ ဘယ်သူ့ကိုမှအပြစ်မယူသလို တုံ့ပြန်လိုစိတ်လည်း မရှိတော့ပါဘူး သမီးရယ်၊ မေမေ အားလုံးကို ခွင့်လွှတ်နိုင်အောင် ကြိုးစားပါတယ်၊ မေမေ့ကိုနားလည်တယ်ဆိုရင် ဒီလိပ်စာအတိုင်း သမီးလာခဲ့နော်၊ မေမေ မျှော်နေမှာနော် သမီး'

မေမေ့ကို သနားလိုက်တာ. . .။ နှစ်တွေ အကြာကြီး တစ်ယောက်တည်း နေခဲ့ရတာ ဘယ်လောက်တောင် အထီးကျန်လိုက်လဲ။ ဒီတစ်ခါတော့ ပျိုးခင်း မေမေ့ကို တစ်ယောက်တည်း ပစ်မထားနိုင်တော့ဘူးလေ။ ဒါကြောင့်ပဲ ခေါင်းကို မြန်မြန်လေးညိတ်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာက အပြုံးက လမင်းအစင်းတစ်ရာမက လင်းပပါတယ် မေမေ. . ။

'ပျိုး. . ပြန်ရအောင်နော်၊ အရမ်းမိုးချုပ်သွားရင် မကောင်းဘူး'

'ဂရုစိုက်ပြီးသွားနော် သမီး'

အိမ်အပြန် ခြေလှမ်းတွေက လာတုန်းကလို မသွက်လတ်တော့။ ဝမ်းသာဝမ်းနည်းဖြင့် ဘယ်လိုကြီးခံစားရမှန်းကိုမသိပါ။ မေမေက တရားနဲ့မွေ့လျော်နေသူမို့ စိတ်မနာဖို့ ပြောပေမယ့် ပျိုးခင်းစိတ်ထဲမှာ ဒယ်ဒီနဲ့မာ့မီကို စိတ်ခုနေတာကတော့ အမှန်ပင်။ သူတို့သားလေး စစ်ကြည်နဲ့ယှဉ်ရင် အမြဲရှုံးခဲ့ရတဲ့အကြောင်းရင်းက သူတို့သွေးသားမဟုတ်လို့ကိုး။ ပျိုးခင်းတို့သားအမိကို ရှင်ကွဲ ကွဲအောင် ရက်ရက်စက်စက်လုပ်ခဲ့ကြတာ ဘယ်လိုမေ့လို့ရမှာလဲ။ သူတို့ပျိုးခင်းကို ကျွေးမွေးခဲ့တာ ဖေဖေ့ဆီက ငွေညှစ်ချင်လို့ဆိုတာ ထင်ရှားနေပြီပဲ. . ပျိုးခင်း အရွယ်ရောက်လာပြီလေ. . ကိုယ့်မိဘအရင်းကိုလည်းတွေ့နေပြီပဲ၊ ဘာကိုကြောက်နေရဦးမှာလဲ။

❖

## အခန်း(၂၃)

'ဘာ. . ညည်း ဘာပြောလိုက်တယ်. . ပြန်ပြောစမ်းပါဦး'

ဟန်နီ့အသံက ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

'မေမေလေးဘာတီနဲ့တွေ့ပြီးပြီ၊ ပျိုးခင်း မေမေနဲ့ သွားနေမလို့. . အသိပေးတာ'

မာမီလို့တောင် မခေါ်နိုင်တော့ဘူးလား ပျိုးခင်းရယ်. . . ရုတ်တရက် သူမ ရင်တွေ တုန်လာသည်။ ဒီသမီးလေးကို မချစ်ခဲ့တာမှမဟုတ်တာ. . ချစ်လွန်းလို့ ခိုးယူပြေးခဲ့တာ သမီးသိအောင် ဘယ်လို ပြောရမှာလဲ။ ဟန်နီ နားလည်ပါသည်။ သမီးအကြည့်တွေထဲ အေးစက်ကာ သူစိမ်းဆန်လွန်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ပျိုးခင်း . . တစ်သက်လုံး ကိုယ့်သမီးလေးလို တယု တယမွေးခဲ့တဲ့ သံယောဇဉ်ကို တစ်ရက်တည်းနဲ့ဖြတ်ပစ်တော့မှာပေါ့ ဟုတ်လား . . သမီးက မာမီတို့ကို နည်းနည်းလေးမှ မချစ်ဘူးလား တင်၊ မာမီ့ကို ထားခဲ့တော့မလို့လား'

ပျိုးခင်းတစ်သက် မာမီ့ကို ရင်မဆိုင်ရဲခဲ့ပါ။ မာမီဘာပြော ပြော ခေါင်းညိတ်ခဲ့ရသည်သာ။ အခု မာမီ့ရှေ့မှာရှိနေတဲ့ နွေပျိုးခင်း ကတော့ မကျေနပ်ချက်တွေကို ဖွင့်ပြောဖို့ လှစ်ဟပြဖို့ အဆင်သင့်ရှိ နေပါသည်။

'ပျိုးခင်းကို ကျွေးမွေးခဲ့တာ ဖေဖေ့ဆီက ငွေတွေလိုချင်လို့ ဆိုတာ မာမီ ဘာဖြစ်လို့ဝန်မခံရဲတာလဲ၊ တစ်သက်လုံး ကိုယ့်ရဲ့မိရင်း ဖရင်းတွေကိုသိခွင့်မရှိအောင် အမှောင်ချထားခဲ့တာကရော သံယော ဇဉ်ပဲလား၊ တော်ပါတော့ မာမီရယ် . . ပျိုးခင်း ထပ်ပြီးမကြားပါရစေနဲ့ တော့၊ မာမီတို့မှာက အချစ်တွေ ပုံပေးစရာ သားအရင်းခေါက်ခေါက် ကြီးတစ်ယောက်လုံး ရှိပါသေးတယ်၊ ပျိုးခင်းရဲ့အမေမှာတော့ အထီး ကျန်ပြီး တစ်သက်လုံးစိတ်ဒသောကတွေနဲ့ လူဖြစ်လာခဲ့ရတာ . . အဲဒါ တွေ မာမီ ကိုယ်ချင်းစာသတ်ရဲ့လား'

မျက်နှာအမူအရာခပ်တင်းတင်း၊ လေသံခပ်မာမာဖြင့် တစ် ခါမှ ပြန်မပြောဖူးသော ပျိုးခင်းကြောင့် ဟန်နီကြည်မှာ မူးမေ့လဲကျ မတတ် ခံစားလိုက်ရသည်။ ယိုင်နဲ့လာသော ခန္ဓာကိုယ်ကို အနီးရှိ





ဆိုဖာခုံကို လှမ်းကိုင်ရင်း မနည်းပြန်တည့်ထားရသည်။ သူတို့ နှစ် ယောက် ပြောဆိုနေသမျှကို အခန်းထဲမှနားထောင်နေသော ဦးနေဦး မှာ ပျိုးခင်းကို ဖျောင်းဖျရန်အတွက် ထွက်လာပြီး

'ပျိုးခင်း . . သမီး စိတ်အေးအေးထားပါကွယ်၊ သမီးအနေနဲ့ အခုမှသိရတာဆိုတော့ ပေါက်ကွဲတာ ဒယ်ဒီအပြစ်မပြောပါဘူး၊ ဒါ ပေမယ့် သမီးမာမီကိုတော့ မပြစ်မှားပါနဲ့ကွယ် . . သူ့ခမျာ သမီးကို တကယ်ချစ်ခဲ့တာပါ၊ ဒါကြောင့်လည်း လုပ်သင့်လား မလုပ်သင့်ဘူး လားဆိုတာတောင် ခွဲခြားနိုင်စွမ်းမဲ့ခဲ့တာပါ သမီးရယ်၊ ဒယ်ဒီတို့ကို နားလည်ခွင့်လွှတ်ပေးဖို့ အနူးအညွတ်တောင်းပန်ပါတယ်နော်'

တောင်းပန်တိုင်း ကျေနပ်ရမှာလား။ ခံခဲ့ရတာက အနှစ် နှစ်ဆယ်လေ . . ပျိုးခင်းက ခွန်းတုံ့ပြန်မနေတော့ဘဲ ထိုနေရာမှ ချာ ကနဲ လှည့်ထွက်သွားသည်။ သူမ လုပ်ချင်တာကို လုပ်တော့မည်ဆို သည့်သဘော။

'နေဦးရယ် . . သူ . . သူ တကယ်သွားတော့မယ်ထင်တယ် ဟန်နီတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ သမီးကို ဟန်နီ မခွဲနိုင်ဘူး၊ ဟန်နီ့ ကို ကယ်ပါဦး . . နေဦးရယ်'

ငိုကြီးချက်မဖြင့် ကူပါ ကယ်ပါ အရူးတစ်ပိုင်းဖြစ်နေသော ဟန်နီ့ကို တကယ်သနားပါသည်။ ဝဋ်လည်ပြီလား။ ဘဝမှာ ဤဝဋ် ကြွေးဆပ်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တတ်နိုင်ပါ့မလဲ ဟာန်နီရယ်. . ကံကုန်တော့ သွားမှာပေါ့ကွာ၊ မင်းစိတ်ကိုခိုင်ခိုင်ထားပါ ဟာန်နီရာ၊ ငါလည်း စိတ်မကောင်းပါဘူး. . သမီးက ငါတို့ကို တော်တော်နာကြည်းနေပုံပဲ'

'ဟူး'ခနဲ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ဇနီးသည်၏ပခုံးကို ဖွဖွလေးပုတ်ရင်း နှစ်သိမ့်လိုက်ပေမယ့် သူ့ရင်ထဲမှာလည်း ဗလောင်ဆူနေတာပဲလေ။

သားလေး စစ်ကြည် ကိုယ်ဝန်မရခင်အချိန်အထိ သူတို့နှစ်ယောက် သမီးလေးကို တကယ်ချစ်ခဲ့ပါသည်။ နောက်ပိုင်းမှသာ စီးပွားရေးအခြေအနေ ချို့တဲ့လာလို့ ကိုယ့်သားနဲ့ယှဉ်ရင် သမီးလေးကို ချိုးနှိမ်သလိုဖြစ်ခဲ့ရသည်။ ဒါပေမယ့် သမီးလေးက နားလည်ပြီးလိမ္မာခဲ့လို့ သူတို့မှာ ဖြေသာခဲ့ရပါသည်။ အခုဆို စီးပွားရေးကလည်း ပြေလည်နေပြီ။ အိုးပိုင်အိမ်ပိုင်နဲ့လည်း နေနိုင်နေပြီ။

ဒီလိုအချိန်ကျမှ သမီးလေးက သူတို့ဘဝထဲက အပြီးထွက်သွားတော့မယ်ဆိုပါလား. . . ဟာန်နီ ကြေကွဲရှာမှာပေါ့။ သူက သမီးကို သဲသဲလှုပ်ချစ်ခဲ့သူလေ။ သမီးငယ်ငယ်ကဆို နေမကောင်းဖြစ်တာနှင့် ဟာန်နီ မအိပ်တော့။ တစ်ညလုံး သမီးအနားမှာ ငုတ်တုတ်ထိုင်စောင့်ပြီး ကိုယ်ပူ မပူ စမ်းမည်။ ချွေးထွက်လျှင် အင်္ကျီလဲပေးမည်။ တကယ့်ကို သမီးအရင်းနဲ့မခြား ဝတ်ကြီးဝတ်ငယ်ခံပြီး ပြုစုခဲ့တာပါ။

'ကံကုန်ရင် သွားမှာတဲ့လား. . ဟင့်အင်း ကံမကုန်စေရဘူး၊





သူက ဟာန်နီ့သမီးလေ. . . လေဘာတီက မွေးခဲ့ပဲ မွေးခဲ့တာပါ. . . ဟာန်နီ့လက်နဲ့ထွေးပွေ့ပြီး ဟာန်နီ့ရင်ငွေ့နဲ့ သူ ကြီးလာခဲ့တာလေ'

'မင်း ဒီလောက်ခံစားနေရရင် ငါ လေဘာတီနဲ့သွားတွေ့ပြီး တောင်းပန်ပေးပါ့မယ်. . ဒါပေမယ့် သူက ငါတို့ကို ခွင့်လွှတ်ပါ့မလား မသိဘူး၊ အေးလေ. . တို့ ကျူးလွန်ခဲ့တဲ့ အမြစ်တွေက ဒီတစ်သက် ခွင့်လွှတ်စရာမှမရှိတာ၊ မင်းစိတ်ကို ဖြေပါတော့ ဟာန်နီရာ'

ညသည် တိတ်ဆိတ်လွန်းသည်။ လမိုက်ညမို့ အလင်းရောင်ကလည်း ဖျော့တော့နေသည်။ ဒယ်ဒီနှင့်မာမီတဲ့ အခန်းထဲဝင်သွားပြီး ထမင်းပင် ထွက်မစားတော့ပါ။ ထမင်းစားချိန်ရောက်တော့ ဖျိုးခင်းမှာ ဖင်တကြွကြွဖြစ်နေသည်။ ခါတိုင်းဆို သူပဲ ပြင်ဆင်ကျွေးမွေးခဲ့တာ။ တစ်အိမ်လုံး အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်သက်နေသည်။ ဒီလိုဆိုတော့လည်း ဖျိုးခင်း စိတ်မကောင်းနိုင်ပါ။ အပြင်မှပြန်လာသော မောင်လေးစစ်ကြည်က

'မမ. . weather မကောင်းပါလား၊ တစ်အိမ်လုံးတိတ်နေတာပဲ၊ ကျွန်တော် ဗိုက်ဆာပြီ မမရာ၊ ထမင်းလေးတော့ ခူးကျွေးပါနော် ချစ်မမ. . ဟဲ. . ဟဲ'

ကလေးစိတ်မပြယ်တပြယ် မောင်လေးမျက်နှာကိုမြင်တော့ ဖျိုးခင်းရင်ထဲတွင် ဆို့လာသည်။

သူ ကိုယ့်အပေါ် ဘယ်လိုပဲ နိုင်စားခဲ့ပါစေ. . . နဲ့ဆိုးဆိုး



www.burmeseclassic.com

www.burmeseclassic.com



တဲ့သဘောမို့ ကိုယ့်ကိုယ်၌က လိုလိုချင်ချင်လုပ်ပေးခဲ့တာချည်းပင်။ နောက်တစ်နေ့ကျရင် ဒီမောင်လေးကို ဒီလိုလုပ်ပေးဖို့ အခွင့်အရေး သူမမှာ မရှိတော့ပါလား။ သူမလက်တွေက မောင်လေးစားဖို့ ထမင်း ခူးပေးပြီး မျက်လုံးတွေက မှိုနေလေပြီ။ မနက်ကတည်းက ကြောင် အိမ်ထဲမှာ သေသေချာချာသိမ်းထားခဲ့သော မောင်လေးကြိုက်သည့် ငါးရံ့အူဟင်းလေးကို စေတနာပါစွာ ပြန်ပြီး နွှေးနေမိသည်။ မောင် လေးကို နောက်ဆုံးအနေဖြင့် စိတ်ပါလက်ပါ ထမင်းကျွေးသွားချင် သည်။ အစ်မကို အမြဲတမ်း ဆိုးနွဲ့တတ်သူမို့ စစ်ကြည်က တစ်ခါ တလေဆို ထမင်းပါ ခွံ့ကျွေးခိုင်းတတ်သည်။ ထိုအခါမျိုးဆို ပျိုးခင်း ကလည်း ကျေနပ်စွာ ခွံ့ကျွေးသည်သာ။ နောက်ထပ် မောင်လေး ကြိုက်တတ်သည့် အာလူးချောင်းကြော်ကိုလည်း ထပ်ကြော်လိုက် သေးသည်။ လက်ဖက်ကိုလည်း ချဉ်ငံစပ် ခရမ်းချဉ်သီးများများဖြင့် သုပ်ပေးသည်။ စစ်ကြည်က ထမင်းပွဲတွင် သူ့အကြိုက်တွေချည်းတွေ့ သောအခါ ပါးစပ်ဟာပြွင်ပြင် ထုပ်ပြုရင်း ပျိုးခင်းပါးလေးကို ဆွဲလိမ် သည်။

'ဟား. . . ဟင်းတွေက ရှယ်ပဲ၊ ဒါကြောင့် တို့အစ်မကို ချစ် နေရတာ'

စစ်ကြည်က ထမင်းကို ပလုတ်ပလောင်းစားရင်း

'မမရော တစ်ခါတည်းဝင်စားလေ၊ ဘာရပ်လုပ်နေတာလဲ'





'မောင်လေးပဲ ဝအောင် စားပါ၊ မမ ရင်တွေ ပြည့်နေလို့ . . စားလို့ကောင်းလား မောင်လေး'

စစ်ကြည်က ပါးစပ်က ပြန်မဖြေဘဲ လက်မလေးကို ထောင် ပြသည်။ Goodတယ် ဆိုသည့် သဘော။

'မမ ခွံ့ကျွေးရဦးမလား'

မောင်ဆိုးလေးက ချက်ချင်းပင် ပန်းကန်ကို သူ့အစ်မရှေ့ တွန်းပို့ပေးလိုက်သည်။

'ဒီနေ့ မမ အရမ်းအရမ်းလှမှာနေပါလား . . ဘာလဲ . . ကို တာဂနိုင်နဲ့ အိုကေနေပြီ မဟုတ်လား'

စပ်ဖြဲဖြဲရုပ်ဖြင့် အစ်မကို လှမ်းစသေးသည်။ စစ်ကြည်က ဒီလိုပဲ စုံတောမြိုင်ကို တော်ဂနိုင်ဟု ခေါ်တတ်သည်။ နောက်တစ် နေ့ အိမ်မှာ အစ်မမျက်နှာကို မတွေ့ရတော့ဘူးဆိုရင် သူ ဒီလိုစော် နိုင်ဦးမှာလား။ ပျိုးခင်း ဒီလိုတွေးမိချိန်မှာ မျက်ဝန်းအိမ်မှမျက်ရည် တစ်စက်က ပေါက်ခနဲကျသည်။ စစ်ကြည်က မြင်ဖြစ်အောင် မြင် သွားပြီး

'ဟင် . . မမငိုနေတယ်၊ ဘာဖြစ်လို့လဲ မာမီဆူလို့လားဟင်'

ပျိုးခင်းက ပျာပျာသလဲ ငြင်းမိသည်။

'မဟုတ်ပါဘူးကွယ် . . မျက်စိထဲ ပိုးကောင်ဝင်သွားလို့ပါ တယ် . . ရော့ . . မောင်လေး . . နောက်တစ်လုတ် စားလိုက်ဦးနော်



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စစ်ကြည်သည် ထမင်းနှစ်ပန်းကန်အမောက်ကြီး ကုန်အောင် စားလိုက်ပါသည်။

ပျိုးခင်းက မနမ်းတာကြာပြီဖြစ်သော မောင်လေးနဖူးလေးကို ညင်သာစွာ နမ်းရှိုက်ရင်း

'မောင်လေးက လိမ္မာလိုက်တာကွယ်. . မောင်လေး ဒီနှစ်ဆယ်တန်းကို နှစ်ချင်းပေါက် အောင်,အောင်ဖြေနော်. . ကြားလား ဘာအတွက်ကြောင့်မှ ကိုယ့်ပညာရေးကို ထိခိုက်မခံနဲ့၊ ဒယ်ဒီနဲ့မာမီကို စိတ်ချမ်းသာအောင် ထားရမယ်နော်'

မောင်လေးက ခေါင်းညိတ်ပြပါသည်။ သူ့ပုံစံက ကြောင်တောင်တောင်ကလေး ဖြစ်နေသည်။ ပျိုးခင်းကို အထူးအဆန်းတစ်ယောက်လိုပြန်ပြီးကြည့်နေတော့သည်။

'သွားလေ. . စာသွားကြည့်တော့. . ပြီးရင် စောစောအိပ်နော်'

ပျိုးခင်းရင်ထဲဝယ် မွန်းကြပ်လာသည်။ စစ်ကြည်ကို ဆိုဆုံးမဖို့ ဒယ်ဒီတို့မှာ ဘယ်တော့မှမအားကြပါ။ သူတို့အလုပ်နဲ့သူတို့ရှုပ်နေတာဆိုတော့ ပျိုးခင်းပဲ ဒိုင်ခံပြောနေရတာ။ သူမ မရှိရင် မောင်လေး ပျက်စီးသွားမှာလား၊

ဆုံးဖြတ်ချက်တွေက နည်းနည်းတွေဝေချင်လာသည်။

အိုး. . ဘာဆိုင်လို့လဲ။ သူက ငါ့မောင်မှ မဟုတ်တာ။ စိတ်





ကို ပြန်တင်းရင်း ဖြေယူရသည်။ မောင်အရင်း မတော်တဆသည့် ချစ်ခွင့်လေးတော့ ရှိပါသေးသည်။ မိုးသားဖြူ ဆိုတဲ့ ဖေဖေ့သမီး ပျိုးခင်းရဲ့ ညီမလေးဆို သူမ ချစ်ခွင့်ရှိလို့လား. . ချစ်လို့ရော ရလို့လား။

ညီအစ်မပေမယ့် နှစ်ယောက်ကြားမှာ ကမ္ဘာခြားနေသလိုပါပဲလား။ ဒါဆို ဒီကမ္ဘာကြီးမှာ ပျိုးခင်းဆိုတာ ဘာလဲ. . လူတွေရဲ့ အပယ်ခံလား၊ ဒါမှမဟုတ် လူတွေ စိတ်ရှိတိုင်း ဆော့လို့ရတဲ့ သက်မဲ့ အရုပ်ကလေးလား။ သေချာတာကတော့ နွေပျိုးခင်းဟာ အစွန်းအတန်ကို ကံဆိုးခဲ့ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

ညက ပျိုးခင်း တော်တော်နဲ့ အိပ်မပျော်ပါ။ နှစ်ရှည်လများ နေထိုင်ခဲ့တဲ့ အသိုက်အမြုံလေးကို စွန့်သွားရတော့မှာဆိုတော့ ဝမ်း နည်းရပါသည်။ တစ်ရာသီစာလေးပဲ လာပြီး ခိုနားတဲ့ ဆောင်းခိုငှက် မှမဟုတ်တာ။ တစ်ရေးနိုးလာတော့ နံနက်ငါးနာရီထိုးနေပြီ။ မာမီ့ ကာ ဒီအချိန် ထလေ့မရှိမှန်း သူမ သိသည်။ ဒီအိမ်က ထွက်သွားဖို့ ဒီအချိန်က အသင့်တော်ဆုံးပင်။ ပျိုးခင်းက အသာအယာထပြီး သွား တိုက်သည်။ မျက်နှာကို ရေထိလိုက်တော့ လူက လန်းလာသည်။

နေ့ပျိုးခင်း၊ နင်က ဘာကိုသွေးကြောင်နေတာလဲ. . ခုသွား ရမှာက နင့်အမေ့အရင်းခေါက်ခေါက်ကြီးလေ. . နင့်ရဲ့ဘဝသစ်





ခုမှ စ,ရမှာ၊ လူမှန်နေရာမှန်ရောက်ရမယ့်ကိစ္စကို ဘာဝမ်းနည်းနေ တာလဲ၊ ပျော်လိုက်စမ်း. . အားရပါးရပျော်ပစ်လိုက်'

အားငယ်လာတိုင်း သူမ လုပ်နေကျ ကိုယ့်စိတ် ကိုယ်ပြန် အားပေးရင်း မျက်နှာသုတ်ကာ အဝတ်အစားလဲသည်။ ကပိုကယို ဖြစ်နေသောဆံပင်တွေကို ဖြီးကာ အနောက်မှာ စုချည်လိုက်သည်။ ညကတည်းက ပြင်ဆင်ထားသော အဝတ်အိတ်နှင့်ကျောင်းစာအုပ် များထည့်ထားသောအိတ်ကို တစ်ဖက်စီဆွဲကာ အိမ်ရှေ့သို့အထွက် မာမီတို့အခန်းရှေ့မှအဖြတ်တွင် အိတ်တွေကိုဘေးချပြီး ကျုံ့ကျုံ့လေး ထိုင်ကာ ကန်တော့မိသည်။ ကျွေးမွေးခဲ့ဖူးသောကျေးဇူး ရှိပါသည်။ အပြစ်ရှိက ခွင့်လွှတ်ဖို့တောင်းပန်မိသည်။ ကျလာသောမျက်ရည်တွေ ကို သုတ်ရင်း ခပ်သုတ်သုတ်လေးထွက်လာမိသည်။ ဘုရားစင်ရှေ့မှာ ထိုင်နေသော မာမီ့ကို မြင်တော့ သူမ ခြေလှမ်းတွေ တန့်သွားသည်။ မာမီ တစ်ညလုံးအိပ်သေးပုံမပေါ်ပါ။ ပျိုးခင်း အံ့ဩသွားသည်။ မာမီ က ဘုရားစင်ရှေ့ကို အဝင်နည်းပါသည်။ တစ်ညလုံးများထိုင်နေလေ သလား။ ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်နေသည်။ ဘာတွေ ဆုတောင်းနေတာလဲ။

မာမီ့လက်ထဲမှာ ကိုင်ထားသော ဓာတ်ပုံလေးကို ဖျတ်ခနဲ မြင်လိုက်ရစဉ် သူမ ရင်တွင် အပူလုံးကြီးဆို့သွားသည်။ ဂါဝန်လေး ဝတ်ပြီး လေးဖက်တွားနေသောကောင်မလေးတစ်ယောက်. . . သူမ



www.burmeseclassic.com

www.burmeseclassic.com



ပုံကလွဲလို့ ဘယ်သူများ ဖြစ်ရဦးမှာလဲ. . .။ ထိုပုံလေးကို ငေးစိုက်ကြည့်ရင်း မာမီတစ်ယောက်တည်း စကားတွေပြောနေသည်။ သူမ မာမို့အနားသို့ တိုးကပ်သွားမိသည်။

'ကြည့်စမ်းပါဦး. . ငါ့သမီးလေးက ချစ်စရာကောင်းလိုက်တာ. . သမီး သိလား. . သမီး သွေးလွန်တုပ်ကွေးဖြစ်တုန်းက မာမီ့ကိုခွဲသွားတော့မှာပဲဆိုပြီး တစ်ချိန်လုံး ဖက်ပြီးငိုခဲ့ရတာ၊ ခုကျတော့ သမီးက တကယ်ခွဲသွားတော့မှာပေါ့၊ မာမို့ကိုထားခဲ့တော့မှာပေါ့. . သမီးကိုချစ်လွန်းလို့ မာမီခေါ်ခဲ့တာပါကွယ်. . သမီးတို့သားအမိ တွေ့ကွာပါစေတော့လို့ ရည်ရွယ်ခဲ့တာ မဟုတ်ရပါဘူး၊ မာမီ သမီးနဲ့မခွဲနိုင်ဘူး. . ဟင့်. . မာမို့ကို တစ်ခါတည်း သတ်သွားပါတော့လား သမီးရယ်. . ဒီအတိုင်း မထားခဲ့ပါနဲ့. . ဟီး'

ရှိုက်ကြီးတငင်ပူဆွေးဝမ်းနည်းစွာ ငိုနေသော မာမို့ကိုကြည့်ပြီး သူမ ဝမ်းနည်းလာသည်။ မာမို့ကိုနှစ်သိမ့်ချင်စိတ်က ကြီးစိုးလာသည်။ သံယောဇဉ်ဆိုတာ ဒါပဲနဲ့တူပါရဲ့။

'မာမီ. . မငိုပါနဲ့'

သတိမထားမိခင်မှာပင် သူမ အသံက ထွက်သွားခဲ့ပါပြီ။

'ဟင်. . သမီး'

မာမီက သူမလက်ထဲမှ အိတ်တွေကို သတိထားမိသွားပြီး သူမလက်ကို အတင်းဆွဲထားသည်။





'အမယ်လေး. . ကံကြီးပေလို့ပေါ့၊ သမီး တကယ်သွားတော့မှာပေါ့ ဟုတ်လား. . မာမီ သိတယ်၊ သမီးသွားမယ်ဆိုတာ သိတယ်၊ ဒါကြောင့် တစ်ညလုံးမအိပ်ဘဲ ထိုင်စောင့်နေတာ၊ ထင်တဲ့အတိုင်းပါပဲလား သမီးရယ်. . မသွားပါနဲ့နော်. . မာမို့ကိုထားပြီး မသွားပါနဲ့၊ မာမီ တကယ်သေသွားလိမ့်မယ် သမီး၊ သမီး မရှိရင် မာမီ အသက်မရှင်ချင်တော့ဘူး'

တကယ်လည်း မာမီ သွေးရူးသွေးတမ်း ဖြစ်နေပါပြီ။ မျက်လုံးတွေမှာ အလွန်အမင်းအားငယ်နေပုံက ထင်ရှားစွာပေါ်နေသည်။ ပျိုးခင်းထွက်မသွားရက်တော့ပါ။လောကကြီးက ဆန်းကြယ်ပါသည်။ နီးစပ်လွန်းတဲ့သံယောဇဉ်က ပိုပြီးငြိတွယ်လေသလား။

မေမေ့ကို ရက်စက်ရာကျပေမယ့် တရားသဘောကိုနားလည်တဲ့ မေမေက တရားမသိသေးတဲ့ မာမို့ထက် ပိုပြီးရင့်ကျက်မှာသေချာနေသည်။ ချိန်ခွင်လျှာက မာမို့ဘက်ကို စောင်းသွားပြီမှန်း သူမဘာသာ သိလိုက်သည်။

'နော်. . သမီး. . . မသွားပါနဲ့နော်၊ သမီးသာ မာမို့ကို ခွင့်လွှတ်မယ်ဆိုရင် မာမီ ထိုင်ကန်တော့ဖို့လည်း ဝန်မလေးပါဘူး သမီးရယ်'

ပျိုးခင်းက သူမကို လက်အုပ်လေး ချီရင်း တောင်းပန်နေသောမာမို့ကိုကြည့်ပြီး ငိုမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီရယ် တော်ပါတော့. . ပျိုးခင်း မသွားတော့ပါဘူး'

မာမီရဲ့အင်္ကျီတစ်ဝက်မျက်နှာက ချက်ချင်းဝင်းပလာကာ

'သမီး. . တကယ်ပြောတာနော်. . . တကယ်နော် အမယ်လေး မာမီဆုတောင်းရကျိုးနပ်သွားပြီ သမီးရယ်. . သမီးလေးထင်နေသလို မာမီက ငွေမက်တယ်ဆိုတာ မဟုတ်ပါဘူး သမီးရယ်၊ သမီးအဖေပေးတဲ့ အထောက်အပံ့တွေကို မာမီ မလွှဲသာလို့ယူခဲ့ရတာပါ၊ သမီးကို ဆေးကျောင်းတက်စေချင်တဲ့ဆန္ဒလည်း ပါပါတယ်၊ သမီးမကြိုက်ရင် ဒါတွေအားလုံး မာမီ ခွန်ထိုက်ကိုပြန်ပေးလိုက်မယ်နော်၊ နော်. . သမီး၊ မာမီ့မှာ သမီးရှိရင် လုံလောက်ပါပြီကွယ်. . . ခုတော့ မာမီ အားလုံးကို နားလည်သွားပါပြီ၊ မာမီပြုခဲ့တဲ့ကံက မာမီ့နောက်ကို ပြန်လိုက်နေပြီ သမီးရယ်'

'မာမီတို့ ပျိုးခင်းကို တကယ်ချစ်ရင် မောင်လေးစစ်ကြည်ကို ဒီအကြောင်းတွေ မပြောပြပါနဲ့. . . သူ့ကို ပျိုးခင်း မောင်လေးလိုပဲ ဆက်ချစ်ပါရစေ. . ဒီကတိလေးတစ်ခုတော့ သမီးကိုပေးပါနော်'

'ပေးပါတယ် သမီးရယ်၊ မာမီ့ကိုခွင့်လွှတ်ပြီလား သမီး'

ပျိုးခင်းက လှိုက်လှဲစွာ ခေါင်းညိတ်ပြလိုက်သည်။ မရတာကြာပြီဖြစ်သောမာမီ့မေတ္တာရိပ်အောက်တွင် ပျိုးခင်း ထပ်ပြီး ရှင်သန်ရတော့မည်။ နွေးထွေးမှုကိုတော့ မက်မောစွာ တောင့်တမိတာပေါ့။ အမှန်တကယ်ရမည်လို့လည်း သူမ မျှော်လင့်ပါသည်။





သနားစရာကောင်းသောမေမေ့ကို စိတ်ထဲကနေပြီး အခါခါ တောင်းပန်နေမိသည်။ ကိုယ့်ရဲ့သွေးသားကို မွေးရုံပဲ မွေးခွင့်ရခဲ့ပြီး ထွေးပွေ့ကြင်နာခွင့်မရတဲ့ဘဝ။

ပျိုးခင်းကိုယ်၌ကတော့ ဘာများလုပ်ပေးနိုင်လို့လဲ။ နောက်ဆုံးမှာတော့ မေမေ့ခမျှာ တစ်ယောက်တည်း ရင်စည်းပြီးခံရဦးမှာပါပဲ။

သမီးကို ခွင့်လွှတ်ပါတော့ မေမေရယ်. . .။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၅)

ဒေါက်တာခွန်ထိုက်က ဟန်းဖုန်း မကိုင်တတ်တဲ့ ထူးဆန်းသောလူတစ်မျိုးဖြစ်သည်။ ပျိုးခင်းမှာ ဖေဖေ့ကို ပြောစရာစကားတွေ များစွာရှိပါသည်။ မေမေလေဘာတီကို ရှာတွေ့ပြီဆိုတဲ့အကြောင်း ဖက်လှဲတကင်းပြောပြချင်သည်။ ဒါဆို ဖေဖေ ပျော်သွားမှာလား. . ဟင့်အင်း. . မဖြစ်နိုင်ပါဘူးလေ၊ တကယ်လို့ ဖေဖေ ပျော်သွားတယ်ပဲ ထားဦး. . လွတ်လပ်စွာ ထုတ်ပျော်ခွင့်မှမရှိတာ။ ဖေဖေ့ကို အနားသတ်ပေးထားတဲ့ မိသားစုတစ်စုရှိနေပြီပဲ။ ဖေဖေက သူတို့အတွက် အသက်ရှင်နေရတဲ့သူ။ မေမေက ပျိုးခင်းအတွက် အသက်ရှင်နေတာတဲ့။





ဒါဆို ပျိုးခင်းက ဘယ်သူ့အတွက် ရှင်သန်နေရတာလဲ. . အဓိပ္ပာယ်မရှိသောရှင်သန်ခြင်းဆိုတာ လူတစ်ဦးတစ်ယောက်အတွက် မဟုတ်ဘူး၊ ဖြစ်လည်း မဖြစ်သင့်ဘူးလေ။ နွေပျိုးခင်း ဆိုတာ လူအများအတွက် မွေးဖွားလာတာ။ လူနာတွေက ပိုင်တဲ့ ဒေါက်တာနွေပျိုးခင်းဘဝကို ပိုပြီး မက်မောပါသည်။

ပျိုးခင်းသည် ဒေါက်တာခွန်ထိုက်အိမ်သို့ လိုက်မသွားဝံ့သဖြင့် သူထိုင်တတ်သော အထူးကုဆေးခန်းရှေ့တွင် လူနာမတွေကုန်တဲ့အထိ ငုတ်တုတ်ထိုင်စောင့်နေမိသည်။ အဖေကိုတွေ့ချင်ဇောနှင့်မို့ ထမင်းစားဖို့လည်း သတိမရ၊ ဆာလောင်ရမှန်းလည်း မသိတော့ပါ။ လူနာတွေ ရှင်းသွားချိန် ညကိုးနာရီခွဲကျော်မှ ဖေဖေထွက်လာသည်။ ပျိုးခင်းနှုတ်က ဖေဖေလို့လှမ်းခေါ်ချင်ပေမယ့် ပတ်ဝန်းကျင်က အသိအမှတ်ပြုထားတဲ့ ဒေါက်တာခွန်ထိုက်ရဲ့သမီးဟာ မိုးသားဖြူတဲ့. . . နွေပျိုးခင်းမှမဟုတ်တာ။ သိမ်ငယ်စိတ်တွေက တစ်ကိုယ်လုံးကိုကျုံ့ဝင်သွားသလိုခံစားရစေသည်။ ဖေဖေက သူမကိုတွေ့သွားပြီး အနားတိုရောက်လာပါသည်။

'သမီးပါလား. . ဖေဖေ့ကိုပြောစရာရှိလို့လား. . သမီး လာလေ. . ဖေဖေတို့ ဆိုင်တစ်ဆိုင်မှာ အေးအေးဆေးဆေးသွားပြောရအောင်'

ဖေဖေနှင့်ပျိုးခင်း အတူထွက်လာကြသောအခါ လူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများက စပ်စုသလိုလှမ်းကြည့်ကြသည်။ သို့လော . . သို့လော ကြည့်ကြတဲ့ မျက်လုံးတွေကို ပျိုးခင်း မုန်းပါသည်။ တစ်လောကလုံး ပြောင်းဆန်သွားအောင် အော်ပစ်လိုက်ချင်သည်။ 'ဒါ ကျွန်မအဖေပါ. . ကျေးဇူးပြုပြီး ဒီမျက်လုံးတွေနဲ့မကြည့်ကြပါနဲ့'လို့. . .

ဘယ်လိုအကြောင်းကံတွေကြောင့် အဖေကို အဖေလို့ခေါ် ခွင့်မရှိရတာလဲ၊ အမေကို တွေ့နေရက်သားနဲ့ ဘာလို့ အတူနေခွင့် မရှိရတာလဲ။

ပျိုးခင်းအတွက်ဆို ကံဇာတ်ဆရာ အလိုကျ ဇာတ်နာစရာ တွေပဲ ဖန်တီးနေလေရော့သလား. . ဝမ်းနည်းစိတ်၊ သိမ်ငယ်စိတ်၊ အလိုမကျစိတ်တွေနှင့် ပျိုးခင်းသည် ဖေဖေ့ကားပေါ် ဘယ်လိုရောက် သွားမှန်းပင် မသိလိုက်ပါ။ ဖေဖေက ကားကို ကျင်လည်စွာ မောင်း ထွက်ရင်း

'သမီး စာတွေလိုက်နိုင်ရဲ့လား၊ အရမ်းခက်နေရင် ပြောနော် ဖေဖေ guide ငှားပေးမယ်'

'လိုက်နိုင်ပါတယ် ဖေဖေ. . သမီး ဖေဖေ့ကိုပြောစရာလေး ရှိလို့ လာတာ'

ပျိုးခင်းက ဖခင်မျက်နှာကို တစ်ချက် အကဲခတ်သလိုကြည့် ရင်း –

'သမီးလေ. . မေမေ့ကိုရှာတွေ့ပြီ'





'သူ့ကိုတွေ့ပြီ. . ဟုတ်လား သမီး'

ဖေဖေ့ကားက လမ်းဘေးသို့ ထိုးရပ်သွားသည်။ ဖေဖေ့ကြည့် ရတာ အရမ်းအံ့ဩနေသလို ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်နေပုံရ သည်။

'မေမေမှ မေမေအစစ်ပါ ဖေဖေ၊ သမီးကို မေမေက သူနဲ့ အတူလာနေဖို့ ခေါ်ပါတယ်၊ ဒါပေမယ့် မာမီက အရှေ့တစ်ပိုင်းဖြစ်ပြီး သိပ်ခံစားနေရလို့ သမီး မသွားရက်တာပါ. . မေမေက သမီးကို နေ့ တိုင်းမျှော်နေမှာလည်း သိနေပါတယ်၊ သမီးစိတ်တွေ အရမ်းရှုပ်ထွေးကြပ် နေတယ် ဖေဖေရယ်. . ခုတလော သမီးနေလို့မပျော်ဘူး စာကျက် ရတာလည်း စိတ်မပါတော့ဘူးဖြစ်နေတယ်၊ ဘာလုပ်ရမှန်းမသိတော့ လို့ ဖေဖေ့ဆီလာခဲ့တာပါ'

ဖေဖေက ပျိုးခင်းရဲ့ဆံနွယ်ပျော့ပျော့လေးတွေကို သပ်တင် ပေးရင်း

'ဖေဖေ့သမီးလေး ကံဆိုးရှာတယ်ကွယ်. . ဒါတွေအားလုံး ဟာ ဖေဖေအသုံးမကျလို့ဖြစ်ခဲ့တာပါ၊ သမီးရယ်၊ သူ့ . . သူရော ဖေ ဖေ့ကို နာကြည်းနေတုန်းပဲလားဟင်၊ ဖေဖေ သိပြီးသားပါလေ၊ သမီး လေးကိုတောင် သူများလက်ထဲ ဝကွက်အပ်ခဲ့တဲ့ မိန်းမပဲ'

ဟု လေဘာတီကို စိတ်နာစွာ ပြောနေသည်။

'သမီး သိတာတစ်ခုက ဖေဖေနဲ့မေမေဟာ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အချစ်လွန်နေလို့ ယုံကြည်မှုတွေ ပါးသွားတာ၊ အဖြစ်မှန်က မေမေက သမီးကိုပစ်ထားခဲ့တာမဟုတ်ဘူး၊ မာမီဟန်နီကြည်က သမီးကိုချစ်လွန်းလို့ ခိုးပြေးခဲ့တာပါ ဖေဖေရယ်၊ မေမေ့ခမျာမှာ မပရှာ မြေလူးဖြစ်ခဲ့ရတယ်တဲ့'

'ဟန်နီ ဒီလောက်ထိ ယုတ်မာပက်စက်လိမ့်မယ်လို့ ဖေဖေ ထင်မထားဘူး သမီး၊ တကယ်ဆို လေဘာတီက သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲ၊ သူ့အနံ့တာကိုလည်း တော်တော်လေးခံခဲ့ရတာ၊ ဒါမျိုး မလုပ်သင့်ဘူး၊ သူသာ သူငယ်ချင်းကောင်းပီသရင် ဖေဖေ့ဆီ ဆက်သွယ်ပြီး အကြောင်းကြားရမှာပေါ့၊ ခုတော့. . အားလုံးဟာ ပြန်မြင်လို့မရတော့တဲ့ ပုဏ္ဏာတစ်ပုဒ်လိုပဲ အဖြေက ထုတ်ပြီးသွားပြီ'

ဖေဖေ တော်တော်လေးခံစားနေရရှာသည်။ နီရဲနေသော မျက်ဝန်းတစ်စုံက သူဘယ်လောက်နာကျင်နေမှန်း သက်သေခံနေကြသည်။ စကားမပြောတတ်သော ဖေဖေ့လက်တစ်ဖက်က ပျိုးခင်းရဲ့ပါးလေးတစ်ဖက်ကို ဖွဖွလေးကိုင်ကြည့်ပြီး

'ဖေဖေ့လောက် ကံဆိုးတဲ့သူရှိပါဦးမလားကွယ်. . ကိုယ့်ရဲ့သမီးဦးလေးကို နမ်းခွင့်ချီခွင့်လေးတောင်မှမရခဲ့သူလေ၊ ဒီနေ့တော့ သမီးလေးကို ဖေဖေ ထမင်း ခွံ့ကျွေးပါရစေနော်. . . ဒါလေးတော့ မငြင်းလိုက်ပါနဲ့ကွယ်'

ဖေဖေ့ လက်ကို ပြန်ပြီး ဆုပ်ကိုင်လိုက်မိစဉ် ပျိုးခင်းလက်





တွေထဲကို နွေးထွေးသောမေတ္တာဓာတ်တစ်မျိုးက စီးဝင်သွားသည်။ အားအင်တွေ ပြန်ပြည့်သွားသလို လုံခြုံမှုတစ်ခုကိုလည်း ထူးဆန်းစွာရလိုက်လေသည်။ ဒယ်ဒီနဲ့ကျတော့ ဒီလိုခံစားမှုမျိုး မဖြစ်ပေါ်ဖူးပါ။ ဒယ်ဒီက ခပ်စိမ်းစိမ်းနေတာကြောင့်လည်း ဖြစ်နိုင်ပါသည်။ အဖေ့ဆီက ဘာတွေရလိုက်သလဲဆိုတော့ မေတ္တာတရား။ မကောင်းတာတွေ တစ်ခုမှမပါဘဲ ကောင်းတာတွေနဲ့ပြည့်နေတဲ့ မေတ္တာတရားလေ . . . လုံခြုံတယ်၊ အေးချမ်းတယ်၊ ထို့အတူ ကြည်နူးစေပါသည်။

ဖေဖေ့ကားလေးဟာ သမီးဖြစ်သူကို ကျွေးချင်ခဲ့သာစေတနာဖြင့် စားသောက်ဆိုင်ကောင်းကောင်းတစ်ဆိုင်ဆီသို့ ဦးတည်နေပြီဆိုတာ အလိုလိုသိလိုက်ပါသည်။ ဒီလိုအချိန်လေးတွေ အဆုံးသတ်သွားမှာ နှမြောမိသည်။ သိပ်မကြာခင်မှာ ဖေဖေနဲ့ပျိုးခင်းဟာ တစ်ယောက်တစ်နေရာစီ ပြန်ရဦးမည်။ ခွဲခွာရဦးမည်။

ကံကြမ္မာကိုသာ ပြုပြင်စီရင်ခွင့် ရမယ် ဆိုရင် သူမ တစ်ယောက်တည်းပိုင်တဲ့ ကမ္ဘာလေးထဲမှာ ချစ်သောဖေဖေနှင့်မေမေကို အပြီးခေါ် ယူထားချင်ပါသည်။ နောက်ဘဝမှာ ပြန်ဆုံခွင့်ရခဲ့မယ်ဆိုရင် ပျိုးခင်းတို့မိသားစုသုံးယောက် ပျော်ရွှင်စွာ မခွဲမခွာနေသွားချင်သှပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၆)

ခွန်ထိုက်သည် သမီးပေးလိုက်သောလိပ်စာကို ထကူးတကာ ရှာစရာ မလိုဘဲ ထိုလမ်းထဲရှိ လူတစ်ယောက်ကို မေးလိုက်ရုံမျှဖြင့် လွယ်ကူစွာ ရောက်လာခဲ့ပါသည်။ တောင်ဥက္ကလာပ၊ ပင်းယ(၁၀) လမ်းတွင် လေဘာတီ နေပါသည်။ သိပ်မကျယ်ပေမယ့် လေကောင်း လေသန့်ရရုံ ခြံဝင်းလေးထဲတွင် တစ်ထပ်ပျဉ်ထောင်အိမ်လေးက နေ ချင့်စဖွယ် သပ်သပ်ရပ်ရပ်လေးရှိနေသည်။

ခြံဝတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကိုကြည့်ရုံဖြင့် သမီး အပေါ် သူမ ဘယ်လောက်အထိ အလေးအနက်ထားမှန်း သိသာနေ သည်။





နွေပျိုးခင်းဆေးကုခန်း
ဒေါက်တာလေဘာတီ (M.B.B.S Ygn)
ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့်
ဆင်းရဲနွမ်းပါးသောလူနာများအား
အခမဲ့ဆေးကုပေးသည်။

ခွန်ထိုက် ငါက စေတနာဆရာဝန်မကြီးလုပ်မှာ။ အသပြာ နောက် မလိုက်ချင်ဘူးဟု ပြောခဲ့ဖူးသော သူမစကားသံလေးကို ပြန် သည် ကြားယောင်လာပြီး ကိုယ့်ဟာကိုယ် ရှက်မိပါသည်။ နိုင်ငံခြား မှာ ဘွဲ့တွေယူလာပြီး သူမလို အခမဲ့ကုမပေးနိုင်သေးပါ။ အသပြာ ဆရာဝန် ဖြစ်နေဆဲမို့ လေဘာတီကို ရင်ဆိုင်တွေ့ရန် ခြေလှမ်းတွေ တုံ့နှေးသွားရသည်။

ပန်းပင်လေးတွေကို ရေလောင်းနေသောလေဘာတီက ခြံ တံခါးဖွင့်သံကြားသည်နှင့်

'သမီး . . .'

ဟု လှမ်းခေါ်ပြီးထွက်လာသည်။ သူ့သမီးလေးကို မျှော်နေ ပုံပင်။ ခွန်ထိုက်ကိုမြင်တော့ သူမမျက်လုံးတွေက ချက်ချင်းအေးစက် သွားသည်။ မျက်ဝန်းညိုညိုလေးတွေက ယခင်အတိုင်းပင် မပြောင်း သဲဘဲ ရှိနေသည်။ မခိုတယ်ကြည့်တတ်တဲ့အကြည့်လေးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရင်အတိုင်းပဲ။ ဘာဆိုဘာမှ မပြောင်းလဲသေးပါလား လေဘာတီ ရယ်။

'ရှင်ကိုး. . .'

'ကိုယ့်ကို ဝင်ခွင့်ပြုပါ လေဘာတီ၊ ဒီနေ့တော့ မင်းကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပြီးမှ ပြန်မှာပါ၊ သမီးဆီက အကြောင်းစုံသိခဲ့ပြီးပြီ၊ မင်း ဘယ်လောက်ထိခံစားခဲ့ရမယ်ဆိုတာ ကိုယ်နားလည်ပါတယ်'

'ကျွန်မနဲ့ရှင် ကြားမှာ တောင်းပန်ခြင်းတွေ၊ ခွင့်လွှတ်ခြင်းတွေ မလိုအပ်တော့ပါဘူး၊ ရှင်နဲ့ကျွန်မ ဘာဆိုဘာမှမသက်ဆိုင်တော့တာ'

'ပြောပါ လေဘာတီ၊ မင်း ကျေနပ်တဲ့အထိ ပြောဆိုနိုင်ပါတယ်၊ မင်းဟာ မိခင်စိတ်ဓာတ်အပြည့်နဲ့ ကိုယ့်ရဲ့သွေးသားကို မွေးဖွားပေးခဲ့တာတစ်ခုတည်းနဲ့တင် မင်းအပြောအဆိုကိုခံဖို့ လုံလောက်နေပါပြီ'

လေဘာတီ မျက်နှာတစ်ချက်မဲ့သွားသည်။ သို့သော် နှုတ်ခမ်းက ခပ်ပြုံးပြုံးပင်။

'ကျွန်မမှာ ရှင့်လိုစိတ်ဓာတ်မှမရှိတာ၊ မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ကိုယ်ဝန်ဆောင်စေခဲ့ပြီး သာတဲ့တစ်ယောက်ကိုရွေးမယ်. . မသာတဲ့ တစ်ယောက်ကို ခေါက်ထားရက်ခဲ့တဲ့ ရှင့်ရဲ့ စိတ်





ဓာတ်ကို တုံ့ပြန်ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မ ကလေးကို အဖေမပေါ်ဘဲ မွေးခဲ့တာ၊ လောကမှာ ကျွန်မလိုစိတ်ထားမြင့်မြတ်တဲ့သူတွေရှိသေးတယ်ဆိုတာ ပြလိုက်တာပဲ၊ နို့မဟုတ်ရင် ရေပေါ်ဆီတွေ အနိုင်ကျင့်သမျှ ခေါင်းငုံ့ခံနေရမှာလေ'

'မင်းပြောလို့ပြီးပြီလား လေဘာတီ၊ မင်းပြောစရာကုန်ပြီဆိုရင် ကိုယ် ရှင်းပြမယ်၊ သေသွားတဲ့သူကို အပြစ်ပြောတာ မကောင်းမှန်း ကိုယ်သိတယ်၊ ပိုဆိုးတာက သူဟာ ကိုယ့်အမေဖြစ်နေလို့ပဲ. . အဲဒီသတင်းစာကိစ္စကြီးက ကိုယ်ဘာမှမသိဘူး၊ အဲဒီမိန်းမနဲ့လည်း ဘာမှပတ်သက်မှုမရှိဘူး၊ တကယ်တော့ ဒါတွေအားလုံးဟာ လုပ်ကြံမှုသက်သက်ပဲ၊ မင်းက ယုံကြည်ပြီး ကိုယ့်ကို ပုန်းရှောင်သွားချိန်မှာ အဆက်အသွယ်မရလို့ အမေ့ဆီကို လှမ်းမေးတယ်၊ မင်း ကိုယ့်လမ်းကိုယ်ရွေးသွားပြီဆိုတဲ့ အဖြေကို ကိုယ်ရခဲ့တယ်. . ဟိုမှာ ကိုယ်ကမ္ဘာပျက်ခဲ့ရတယ်၊ လုံးဝ ပြန်လာချင်စိတ်မရှိအောင် လေနေခဲ့တယ်. . နောက်ဆုံး အမေ့ကျန်းမာရေးအခြေအနေကြောင့် ကိုယ်ပြန်ရောက်လာပြီး မင်းကိုလိုက်ရှာခဲ့ပါသေးတယ်၊ ခြေရာဖျောက်တော်တဲ့ မင်းကို ကိုယ်အရှုံးပေးခဲ့ရတယ်၊ အမေ့ဆန္ဒအရ ကိုယ်လက်ထပ်ခဲ့ရတယ်၊ ကိုယ် မှားပါတယ် လေဘာတီ'

ဒူးထောက်ကာ တောင်းပန်နေသော ခွန်ထိုက်ကို လေဘာတီက သံပြေသာဖျော်လက်ကျန်လေးဖြင့် ပျာပျာသလဲဆွဲထူရင်း



www.burmeseclassic.com

www.burmeseclassic.com



'ခွန်ထိုက် နင် ဒါအာလုပ်တာလဲ၊ ထစမ်း. . မကြီးမငယ်နဲ့ ရှုနေပြီလား. . ခုချိန်မှာ ငါက ခွင့်လွှတ်ပါပြီတဲ့. . ဘာထူးလာမှာလဲ အားလုံးဟာ ကိုမှန့်ဘဝနဲ့ကိုယ် ဖြစ်နေပြီပဲ၊ ငါ့သမီးလေးကို မျှော်နေတာ. . ခုထိ မလာသေးဘူး၊ ဟန်နီ ပေးမလာတာများလား'

ခွန်ထိုက် လေဘာတီကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။ သမီး မလာနိုင်တာကိုလည်း ပြောမထွက်ပါ။

'သမီးကို ငါပြောပေးပါ့မယ်၊ သမီးက နင့်ကိုသိပ်ချစ်ပါတယ်ဟာ၊ သူ့အမေကိုသနားလို့တဲ့ တဖွဖွပြောနေတာ၊ ငါထင်တာက သူ့စာမေးပွဲတွေရှိလို့ဖြစ်မှာပါ'

မှသားမပါ လက်မချောတဲ့။ လေဘာတီ ကျေနပ်သွားပုံရသည်။

'အေးပေါ့လေ. . ငါ့အိမ်ကနေ ကျောင်းတက်ရရင် ပင်ပန်းမှာပေါ့၊ စာမေးပွဲဖြေပြီးမှပဲ လာပါစေတော့ဟာ'

ကိုယ့်အတ္တထက် သားသမီးအကျိုးကိုသာကြည့်တတ်သော မိခင်တစ်ယောက်၏လှပသောစိတ်ထားကို ခွန်ထိုက် ကောင်းစွာတွေ့မြင်လိုက်ပါသည်။

'မိုးချုပ်တော့မယ် ခွန်ထိုက် နင်ပြန်တော့'

လေဘာတီက ပြတ်သားစွာ နှင်ထုတ်နေပါပြီ။ သူ အလိုက် တသိပင် နှုတ်ဆက်ကာ ပြန်ဖို့ပြင်တော့





'နင် နောက်ထပ် ဘယ်တော့မှမလာပါနဲ့တော့ ခွန်ထိုက်. . နင့်ကို ငါက ပြန်တောင်းပန်နေတာပါ'

ခွန်ထိုက်ရင်မှာ နာကျင်ရပါသည်။

ဖြူစင်စွာချစ်ခဲ့ဖူးသော ချစ်သူက စိမ်းကားစွာ နှင်ရက်လေခြင်းဟု ယူကြုံးမရဖြစ်မိသည်။

❖

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရိပ်မြိုင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

(ပထမဇော)

ခွန်ထိုက်သည် လီဗာကို ဖိနင်းကာ အရှိန် ဝိပ်တင်လိုက်သည်။ လက်မှနာရီကိုကြည့်လိုက်တော့ ကိုးနာရီကျော်နေပြီ။ မမြင်ရတဲ့'ဇော'တစ်ခုက ခွန်ထိုက်ထံမှာ ဝိညာဉ်ပူးသလို ဝင်ပူးနေပြီ။

သမီးလေးကို အချိန်မီတားရမည်။ သမီးထွက်သွားလို့ မဖြစ်ဘူး။ သမီးဇောဖြင့် လေဆိပ်ကို အမြန်ရောက်ချင်နေမိသည်။ မြန်ချင့်ရာဖြစ်၊ နောင်ခါလာ နောင်ခါချေးဆိုပြီး မီးဝါကိုလည်း ဖြတ်ပြီးမောင်းလေသည်။

သူ့အာရုံမှာ သမီး၏အရိပ်၊ သမီး၏စကားသံတွေက လွှမ်း





ဘာဆို ဘာမှမရှိတော့။ သမီးအတွက် သူ လုပ်ပေးစရာတွေ အများကြီးရှိသေးသည်။

'ဖေဖေ တာဝန်ကျေပါရစေဦး သမီးရယ်. . ဒီလိုကြီးတော့ ဖေဖေ့ကို မထားခဲ့ပါနဲ့'

(ဒုတိယဇော)

နာရီကိုကြည့်ပြီး ရင်တွေတုန်လာသည်။ ဘုရား. . ဘုရား လေယာဉ်ထွက်တော့မှာပါလား. . ကိုးနာရီကျော်နေပြီ။ငှားလာသောကားက ရှစ်မိုင်မှာပဲ ရှိသေးသည်။ မီးပွိုင့်မီတာကလည်း ခဏ ခဏပင်။ လေဘာတီသည် ဘုရားကိုအာရုံပြုပြီး တိုင်တည်သစ္စာဆိုမိ၏။ သမီးလေးကို မိမိအသက်ပေး၍ ချစ်ရပါသည်။ ကိုယ်တိုင်ပျိုးထောင်ခွင့် မရခဲ့ပေမယ့် ရေခြားမြေခြားမှာ မကြီးပြင်းစေချင်ရိုး အမှန်ပါ။ မြန်မာမိန်းကလေးမို့ ယဉ်ကျေးမှုရှိသောအရပ်တွင်သာ တင့်တယ်စေချင်ပါသည်။ သမီးလေးကိုတားဖို့ အချိန်မီနိုင်ပါစေ။ တရားသဘောကို သိပေမယ့် သူမတွင် စိတ်ဇောတစ်ခုက ပူးကပ်ပြီး နှောင့်ယှက်နေမြဲဆိုတာ ကောင်းစွာသိလိုက်ပါသည်။

(တတိယဇော)

သမီးနှင့်တစ်အိမ်တည်းအတူနေပြီး သမီးတက်သောတက္ကသိုလ်

www.burmeseclassic.com



နိုင်ငံခြားကို အပြီးထွက်သွားမှာကို မသိရလေခြင်း။ ဒီလောက် အ,တဲ့ အငမ်မျိုး ဘယ်မှာ သွားရှာမလဲ။ ငတုံးမ ဟန်နီကြည်၊ သံဗုဒ္ဓေ ဝါဒကို အစအဆုံးမရသော ဟန်နီကြည်။ ဘုရားစာ့ရော ဆိုတတ်ရဲ့လားဆိုတော့ တီးမိခေါက်မိပင်။ ဘာကိုမှသေသေချာချာမရသော အခါ ပါးစပ်မှ 'ဘုရား. . ဘုရား ဗုဒ္ဓေါ. . ဗုဒ္ဓေါ'ဟု အဆက်မပြတ်ရွတ်နေရင်း ကားသမားကောင်လေးကို 'မရောက်သေးဘူးလား . . မြန်မြန်မောင်းပါဟဲ့၊ လိပ်လိုပဲ'ဆိုပြီး ရန်က တွေ့ရသေးသည်။ 'ငါ့သမီးကို မမီရင် နင့်ကို ကားခမပေးဘူး'ဆိုတာက ပါသေး။

ကားသမားလည်း အမြင်ကပ်လာသည်ထင့်။ လေယာဉ်ပျံက အဖေခေါ်ရလောက်အောင် လီဗာကို အသားကုန်တင်ကာ တွေ့ရာမြင်ရာကားမှန်သမျှကို ပွတ်ဆွဲပြီး ပညာခန်းတွေ ပြလိုက်တော့မှ ဒေါ်ဟန်နီတို့ ငြိမ်ကျသွားသည်။ ပါးစပ်ကတော့ ပြောမြဲပင်။

'အမယ်လေး. . အဲသလောက်ကြီး မောင်းစရာလား၊ လေဆိပ်မရောက်ဘဲ ရေဝေးရောက်သွားရင် ငါ့သမီးနဲ့တွေ့ရမှာမဟုတ်ဘူး'တဲ့။ ကားသမားလည်း တော်တော်နားငြီးသွားပုံရသည်။ မြန်မြန်ရောက်ရင် ပြီးရောဆိုပြီး ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မောင်းနေသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှေ့သို့ ကား သုံးစီး (Cygus တစ်စီး၊ Taxi နှစ်စီး) ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်





လာကြသည်။ ခွန်ထိုက်၊ လေဘာတီနှင့် ဟန်နီကြည်တို့သည် ခပ်သုတ်သုတ်ဖြင့် မပြေးရုံတမယ် လေဆိပ်ထဲသို့ဝင်ကြပြီး တွေ့ရာမြင်ရာလူတိုင်းကို ဇောဖြင့်

'ဘန်ကောက်သွားမယ့်လေယာဉ် ထွက်သွားပြီလား'

ဟု အလောသုံးဆယ် လိုက်မေးကြသည်။

'ဟာ. . TG လား ထွက်တော့မယ် ထင်တယ်'

ခွန်ထိုက်တို့သုံးယောက်မှာ လေယာဉ်ကြီးကိုမြင်ရဖို့အရေး လေဆိပ်အပေါ်ထပ်သို့ အပြေးအလွှားတက်သွားကြသည်။ ဟန်နီနှင့် လေဘာတီမှာ ဖြစ်ခဲ့သမျှကို ခဏမေ့လို့ သမီးဇောဖြင့် လက်ချင်းတွဲကာပြေးလွှားနေလေသည်။ သူတို့လည်း အပေါ်ထပ်သို့အရောက် လေယာဉ်ပျံကြီးက တိမ်တွေပေါ်သို့ ပျံတက်သွားပြီဖြစ်သည်။ မိုးထဲလေထဲတွင် လေယာဉ်ပျံကြီးထွက်ခွာသွားချေပြီ။

ခွန်ထိုက်သည် ယောကျ်ားတန်မဲ့ မျက်ရည်တွေစို့လာသည်။ သမီးကို နှုတ်ဆက်ဖို့အတွက် အာခေါင်တွေခြောက်သွေ့ပြီး အသံက ထွက်မလာတော့ပါ။ အရုပ်ကြိုးပြတ်ပြိုလဲကျလာသော လေဘာတီကို တရှုပ်ရှုပ်ငိုနေသောဟန်နီက ဆီး၍ဖမ်းထားရင်း

'သမီးက ငါတို့ကို သင်ခန်းစာပေးသွားပြီ ဧလေဘာတီရယ်၊ ဒီတစ်သက်ပြန်မလာတော့ဘူးလို့ ပြောသွားသတဲ့. . အင့်. . ဟီး'

သမီးအတွက် မွေးမေမေနှင့်ကျွေးမေမေနှစ်ယောက်မှာ လူ

www.burmeseclassic.com



ပုံအလယ်တွင် မရှက်နိုင်မကြောက်နိုင်ဘဲ ငိုပွဲဆင်နေကြသည်။ လေဘာတ့ဴက မကျေမနပ်ဖြင့်

'ဟန်နီ. . အဲဒါနင့်ကြောင့် သမီးက ငါနဲ့နေချင်တာ နင်မှ ပေးမနေဘဲ'

'သူ့ဟာသူ ငါ့ကိုသနားပြီး မသွားတာပါဟယ် ဘုရားစူး'

'ခုတော့ သွားပြီလေ၊ မမြင်လိုက်ရတာ ရင်နာတယ်ဟဲ့'

ပြောပြီး ငိုပြန်သည်။ ခွန်ထိုက်မှာ သူတို့ကိုချော့ဖို့နေနေသာသာ ကျောက်ရုပ်လို တောင့်တောင့်ကြီးဖြစ်ပြီး အံ့သံတိတ်ငိုနေလေသည်။

ဩစတြေးလျတွင် ကျောင်းသွားတက်မည့် သူငယ်ချင်းကို နှုတ်ဆက်ဖို့ လိုက်ပို့ရင်း တစ်ခါမှအတူတွဲပြီး မတွေ့ဖူးသော ဖေဖေတို့သူငယ်ချင်းသုံးယောက်ကိုတွေ့လိုက်ရသဖြင့် ပျိုးခင်း တော်တော်အံ့ဩသွားသည်။ တငိုငို၊ တယိုယိုဖြစ်နေပုံကလည်း သနားစဖွယ်ပင်။ ဘယ်လိုပြဿနာကြောင့်လဲ. . ပျိုးခင်းနဲ့များ ပတ်သက်နေလို့လား။ ထိုအချိန်တွင် တောမြိုင်သည် ပျိုးခင်းလက်ကိုလာဆွဲခေါ်သွားသည်။

'အန်ကယ်နဲ့အန်တီတို့ ပျိုးခင်းက ဒီမှာပါ'

ပျိုးခင်းကိုတွေ့တော့ သူတို့မျက်နှာမှာ Dramaကား ကြည့်နေရာမှ Comicပြောင်းကြည့်ရသလို ချက်ချင်းပင် အပျော်ဘက်သို့ ကူးပြောင်းသွားကာ





'သမီး. . သမီးက ဟိုလေယာဉ်နဲ့ပါမသွားဘူးလား'

'သမီး တကယ်မသွားဘူးနော်'

'သမီး မေမေတို့ကို ခွဲသွားပြီထင်လို့'

ဆိုပြီး ဝိုင်းပြောသောအခါ ဒီတစ်ခါငိုရသူမှာ ပျိုးခင်း ဖြစ်သွားလေသည်။ တောမြိုင်က

'ပျိုးခင်း သူ့သူငယ်ချင်းကိုလိုက်ပို့မယ်ဆိုတော့ ကျွန်တော်အကြံတစ်ခုရပြီး အန်ကယ်တို့ အန်တီတို့ဆီ သတင်းအမှားကြီးပေးလိုက်တာပါ၊ ပျိုးခင်းက အမြဲတမ်းသိမ်ငယ်နေတာ၊ သူ့ကို ဘယ်သူမှ မချစ်ဘူးလို့ စိတ်စွဲနေတော့ အဲဒီအစွဲကိုချွတ်ပေးချင်တာလည်း ပါပါတယ်၊ အခုဆို ဘာပဲပြောပြော အန်ကယ်တို့ ခံစားနေရတာ သူ့မျက်မြင်ပဲလေ. . ကျွန်တော် လူကြီးတွေကို မလေးမစားလုပ်မိရာကျသွားရင် ခွင့်လွှတ်ပါနော်'

ပျိုးခင်းက ဝမ်းနည်းပမ်းနည်းဖြင့် ရှိုက်ငိုပြီး

'ခုတော့ သမီးစိတ်ထဲမှာ အားလုံးရှင်းသွားပါပြီ၊ ဖေဖေရော မေမေရော မာမီရော သမီးကို ဘယ်လောက်ထိချစ်တယ်ဆိုတာ နားလည်သွားပြီမို့ နောက်ဆို မိဘတွေ စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး၊ အရှိကို အရှိအတိုင်း လက်ခံနိုင်အောင် သမီးကြိုးစားပါ့မယ်'

ခွန်ထိုက်က သမီးရဲ့ပခုံးလေးကို ဖက်ရင်း ချိုသာစွာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုကျန်သေးတယ် သမီး . . သမီးရဲ့မေမေလို စေတနာဆရာဝန်မကြီးလုပ်ရဦးမယ်လေ'

'သမီး သိပါတယ် ဖေဖေ့ ဆိုင်းဘုတ်မှာ ဒေါက်တာနွေပျိုးခင်း M.B.B.S(Ygn)အောက်မှာ မည်သူမဆို ဝင်ရောက်ကုသနိုင်ပါသည် (FOC)လို့ရေးလိုက်မယ်လေ မကောင်းဘူးလား'

'ဟား . . ဟား . . ဟား'

ဒီလိုပါပဲ။ လောကမှာ အချိန်တိုင်း အချိန်တိုင်းဟာ ပူဆွေးစရာ ပျော်စရာတွေနဲ့ တစ်လှည့်စီလှည့်ပတ်နေတာပဲလေ . . . အဲဒီလောကဓံတွေကို ခံနိုင်ရည်ရှိဖို့သာ လိုတာပါ။

(တကယ်ဖြစ်ခဲ့ဖူးသောအဖြစ်အပျက်တစ်ခုကို အခြေခံ၍ ဇာတ်လမ်းဖွဲ့ထားခြင်းဖြစ်ပါသည်။ ကိုယ်တိုင်မွေးပြီး ချစ်ခွင့်မရတဲ့မိခင်နှင့် ဝမ်းနှင့်လွယ်မမွေးဘဲ တစ်သက်လုံးချစ်နေခွင့်ကြုံသောမိခင်နှစ်ယောက်အတွက်; အမှတ်တရ)

မှုပိုင်နှင်းဆီ
3:35 A.M
6th, July, 2009
Monday

ဆောင်းညပြာသိုအလ

# စာရေးဆရာမ

# မှုပိုင်နှင်းဆီ

## ထွက်ရှိပြီးသော စာအုပ်များ



ပင်လယ်ရေချမ်း နွေမှာခန်း



ဖူးစာ လူးလာ ဒုံးတာလို့မရ




ဒါရိုက်တာ ၂၀၀၉



စပ်မထိဘုံဗေဒ်

www.burmeseclassic.com